# ကြေးမုံ

**The Mirror Daily**

၁၉၅၇ ဇူပြီ ၁၆ တွင် စတင် တည်ထောင်သည်။ Established in 1957

၁၃၇၈ ခုနှစ် တန်ဆောင်မုန်းလပြည့်ကျော် ၆ ရက်၊ တနင်္ဂနွေနေ့။ Sunday , 20 November 2016 (၈၇၅၁)


**ဟုတ်တိုင်းမှန်စွာသိ**

ဆာလောင်မွတ်သိပ်ခြင်းသည် အလွန်ကဲဆုံးသော ရောဂါဖြစ်၏။ ခန္ဓာငါးပါး သင်္ခါရတရားတို့သည် အလွန်ကဲဆုံးသော ဆင်းရဲမည်၏။ နိဗ္ဗာန်သည် အလွန်ကဲဆုံးသော ချမ်းသာဖြစ်၏။ ပညာရှိသည် ဤသို့ဟုတ်တိုင်းမှန်စွာသိ၍ နိဗ္ဗာန်ကို မျက်မှောက်ပြု၏။

သုခဝဂ်(ဓမ္မပဒ-၂၀၃)

# မောင်တောဒေသတွင်ဖြစ်ပေါ်နေသော အခြေအနေများနှင့်ပတ်သက်ပြီး အလျင်အမြန်တုံ့ပြန်ဆောင်ရွက်နေ လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများကို ထိခိုက်မှုမရှိအောင် ကြိုးစားသွားမည်

**နေပြည်တော် နိုဝင်ဘာ ၁၉**

လူမှုကာကွယ်စောင့်ရှောက်ရေးလုပ်ငန်းများနှင့် ဒေသတွင်း ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများကို ရခိုင်ပြည်နယ်တွင် ဦးစားပေးဆောင်ရွက်လျက်ရှိပါကြောင်းနှင့် လူသားချင်းစာနာထောက်ထားမှု အထောက်အပံ့များကိုလည်း ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေးက စစ်တွေမြို့ ပြည်နယ်အစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမ၌ ယနေ့ နံနက်ပိုင်းကကျင်းပသည့် ရခိုင်ပြည်နယ် ဒေသတွင်း ပြန်လည်နေရာချထားရေးနှင့် လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းကော်မတီအစည်းအဝေးတွင် ပြောကြားသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးက ဖွံ့ဖြိုးတိုးတက်မှုလုပ်ငန်းများ ဆောင်ရွက်ရာတွင် တည်ငြိမ်အေးချမ်းမှုက အရေးကြီးကြောင်း၊ ရခိုင်ပြည်နယ် မောင်တောဒေသတွင် လတ်တလောဖြစ်ပေါ်နေသော အခြေအနေများနှင့် ပတ်သက်ပြီး အလျင်အမြန်တုံ့ပြန် ဆောင်ရွက်နေကြောင်း၊ ကြုံတွေ့ခံစားနေရသော အခက်အခဲကို မကြီးထွားစေဘဲ သတိကြီးစွာဖြင့် ဆောင်ရွက်ကြရန်နှင့် လတ်တလောလိုအပ်နေသော စားဝတ်နေရေး အခက်အခဲများကို ဖြည့်တင်းပေးနိုင်ရန် အရေးကြီးကြောင်း၊ လက်လှမ်းမမီသောဒေသများသို့ မည်ကဲ့သို့ ထောက်ပံ့ပေးနိုင်မည်ကို အဖွဲ့ပေါင်းစုံက ပူးပေါင်းဆောင်ရွက်မှုဖြင့် ဖြေရှင်းသွားမည်ဖြစ်ကြောင်း၊ မူလဆောင်ရွက်နေသော လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများကိုလည်း ထိခိုက်မှုမရှိအောင်ကြိုးစားသွားမည်ဖြစ်ကြောင်း ပြောကြားသည်။

**စာမျက်နှာ ၈ ကော်လံ ၁ သို့** ✳




# ခရီးတစ်ထောက်နားစခန်း ပလက်တီနမ်ပုသိမ် ချောင်းသာ၊ ငွေဆောင် ကားလမ်းပေါ်၌ တည်ဆောက်လျက်ရှိ

**ပုသိမ် နိုဝင်ဘာ ၁၉**

ဧရာဝတီတိုင်းဒေသကြီးဖွံ့ဖြိုးတိုးတက်ရေးအတွက် အပန်းဖြေကမ်းခြေများဖြစ်ကြသည့် ရန်ကုန်မှ ချောင်းသာနှင့် ငွေဆောင်သို့ အသွားအပြန်ကားလမ်းပေါ်၌ရှိသော ၁၈ ဧကအကျယ်အဝန်းရှိသည့် ခရီးတစ်ထောက်နားစခန်းဖြစ်လာမည့် Platinum Pathein စီမံကိန်းအား အကောင်အထည်ဖော် ဆောင်ရွက်နေကြောင်း သိရသည်။

ဧရာဝတီတိုင်းဒေသကြီးအစိုးရအဖွဲ့၏ ခွင့်ပြုချက်ဖြင့် တာဝန်ယူတည်ဆောက်နေသော အမေရိကန်ဒေါ်လာ သန်း ၃၀ ကုန်ကျတည်ဆောက်မည့် Platinum Pathein စီမံကိန်းအား Phase 1 အပိုင်းနှင့် Phase 2 အပိုင်း ခွဲခြားထားပြီး စီမံကိန်းတည်နေရာမှာ ဝန်ကြီးများအိမ်ရာနှင့်ကပ်လျက်ရှိပုသိမ် တက္ကသိုလ်(အသစ်)အနီးတွင် တည်ရှိကြောင်းသိရသည်။ ကနဦးဆောင်ရွက်နေသည့် ခုနစ်ဧက အကျယ်အဝန်းရှိ Phase 1 အပိုင်း၌ လူနေအိမ် Villa များ၊ 3 star အဆင့်ရှိ ဟိုတယ်နှင့် ၁၈၀၀ စတုရန်းပေကျယ်ဝန်းသော နှစ်ထပ်ပလာဇာ ဈေးဆိုင်ခန်းများ၊ ကားရေဆေးဆိုင်များ၊ အမှတ်တရပစ္စည်းအရောင်းဆိုင်များနှင့် ဒေသထွက်ကုန်ပစ္စည်းအရောင်းဆိုင်များ ပါဝင်မည်ဖြစ်ပြီး ထပ်မံဆောင်ရွက်မည့် ၁၁ ဧကအကျယ်အဝန်းရှိ Phase 2 အပိုင်း၌ အိမ်ရာများ၊ ရှော့ပင်းမောများ၊ စားသောက်ဆိုင်များ၊ ဘဏ်များ၊ ဓာတ်ဆီဆိုင်များနှင့် အပန်းဖြေပန်းခြံများပါဝင်မည်ဖြစ်သည်။ Phase 1 အပိုင်းဖြစ်သော ပလာဇာဆောက်လုပ်မှု၌ နှစ်ထပ်အဆောက်အအုံ လေးခန်းတွဲဖြင့် ဆိုင်ခန်းပေါင်း ၃၅ ခန်းပါဝင်မည်ဖြစ်ပြီး ဟိုတယ်ဆောက်လုပ်မှု၌လည်း အထပ်ပေါင်း ခြောက်ထပ်ပါဝင်သော အခန်းပေါင်း ၅၇ ခန်းပါဝင်မည်ဖြစ်ကာ အောက်ထပ်၌ လူဦးရေ ၅၀၀ ဆံ့ မင်္ဂလာခန်းမနှင့် ဧည့်ခံပွဲကျင်းပရာနေရာများပါဝင်မည်ဖြစ်ကြောင်းနှင့်

**စာမျက်နှာ ၃ ကော်လံ ၁ သို့** ✳

**အိမ်ရာစီမံကိန်းဆိုတာထက် ပြည်တွင်း၊ ပြည်ပ ခရီးသွားဧည့်သည်များအတွက် အကျိုးရှိစေမယ့် အမြန်လမ်းမမှာရှိနေတဲ့ ၁၁၅ မိုင်လိုမျိုး ခရီးတစ်ထောက်နားစခန်းလုပ်ချင်လို့ပါ . . .**




# သဘာဝဘေးဒဏ်သင့်ပြည်သူများအတွက် အနွေးထည်များလှူဒါန်း

**နေပြည်တော် နိုဝင်ဘာ ၁၉**

ကမ္ဘာ့ဇအနာဂတ်အလင်းတန်းမြန်မာဖောင်ဒေးရှင်းသည် နိုဝင်ဘာ ၁၇ ရက်က ကချင်ပြည်နယ်အတွင်းရှိ (IDP Camp)များမှ မိသားစုဝင်များ၊ သဘာဝဘေးဒဏ်သင့်ပြည်သူများအတွက် အအေးဒဏ်ကာကွယ်နိုင်ရန် ခေါင်းစွပ်ပါအနွေးထည် အထည် ၃၀၀၀၀ ကို ကချင်ပြည်နယ်အစိုးရအဖွဲ့ ပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာခက်အောင်ထံ ဖောင်ဒေးရှင်းမှတာဝန်ရှိသူ ဒေါ်အေးသုနန္ဒာဝေနှင့် ဖောင်ဒေးရှင်းအဖွဲ့ဝင်များက သွားရောက်လှူဒါန်းခဲ့သည်။

အခမ်းအနားတွင် ပြည်နယ်ဝန်ကြီးချုပ်က အဖွင့်အမှာစကားပြောကြားပြီး ကမ္ဘာ့ဇအနာဂတ်အလင်းတန်းမြန်မာဖောင်ဒေးရှင်းမှ တာဝန်ရှိသူက လှူဒါန်းရခြင်းနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြကာ ခေါင်းစွပ်ပါအနွေးထည် ၃၀၀၀၀ ကို ပြည်နယ်ဝန်ကြီးချုပ်ထံ ပေးအပ်လှူဒါန်းခဲ့သည်။

ထို့နောက် ကချင်ပြည်နယ်အစိုးရအဖွဲ့ လူမှုရေးဝန်ကြီး ဒေါက်တာသင်းလွင်က ကျေးဇူးတင်စကား ပြန်လည်ပြောကြားခဲ့သည်။

ကမ္ဘာ့ဇအနာဂတ်အလင်းတန်းမြန်မာဖောင်ဒေးရှင်းသည် ရှမ်းပြည်နယ်တောင်ပိုင်း ကျေးသီး၊ မိုင်းကိုင်ဒေသရှိ (IDP Camp) များမှ တိုင်းရင်းသားပြည်သူများအတွက် ခေါင်းစွပ်ပါအနွေးထည် ၂၅၃ ထည်၊ ကရင်ပြည်နယ်၊ မြိုင်ကြီးငူဒေသရှိ မဲသဝေါတိုက်ပွဲရှောင်ပြည်သူများအတွက် အနွေးထည် ၃၀၀၀ နှင့် ခေါက်ဆွဲခြောက်ထုပ် ၁၀၀၈၀ ထုပ်၊ မန္တလေးတိုင်းဒေသကြီးအတွင်း အအေးဓာတ်လွန်ကဲနိုင်သည့်ဒေသများမှ ရဟန်းသံဃာများ၊ သီလရှင်များနှင့် တိုင်းရင်းသားပြည်သူများအတွက် ခေါင်းစွပ်ပါအနွေးထည် ၃၆၅၀၀ ထည်၊ စစ်ကိုင်းတိုင်းဒေသကြီး ခန္တီးခရိုင် နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ လဟယ်မြို့ရှိ နာဂတိုင်းရင်းသားများအတွက် အနွေးထည် ၃၅၀၀၊ ရှမ်းပြည်နယ် (မြောက်ပိုင်း)၊ နမ္မတူမြို့တွင်ရောက်ရှိနေသော တိုက်ပွဲရှောင်ပြည်သူများအတွက် ခေါင်းစွပ်ပါအနွေးထည် ၇၆၅၂ ထည်၊ စစ်ကိုင်းတိုင်းဒေသကြီး ကလေးမြို့နယ်အတွင်း သွားလာရခက်ခဲသော ကျေးရွာများရှိဒေသခံတိုင်းရင်းသားများအတွက် ခေါင်းစွပ်ပါအနွေးထည် ၄၇၁ ထည်တို့ကိုလည်း သွားရောက်လှူဒါန်းခဲ့ပြီးဖြစ်ကြောင်း သိရသည်။

**(ဝ၁၀)**




# အမျိုးသားစာကြည့်တိုက်အား ရန်ကုန်မြို့လယ်တွင်ဖွင့်လှစ်နိုင်ရေး ဆောင်ရွက်နေ

**နေပြည်တော် နိုဝင်ဘာ ၁၉**

အမျိုးသားစာကြည့်တိုက်(ရန်ကုန်) အား နိုင်ငံ့ဂုဏ်ဆောင် နိုင်ငံတကာအဆင့်မီစာကြည့်တိုက်အဖြစ် အများပြည်သူသွားလာရေး ပိုမိုအဆင်ပြေပြီး ပိုမို ဝန်ဆောင်မှုပေးနိုင်မည့် ရန်ကုန်မြို့လယ်တွင်ရှိသော ကျောက်တံတားမြို့နယ် ကုန်သည်လမ်း အမှတ် (၆၀၈)သို့ ပြောင်းရွှေ့ဖွင့်လှစ်ရန် လုပ်ငန်းစီမံချက် ရေးဆွဲဆောင်ရွက်လျက်ရှိသည်။

အဆိုပါ အဆောက်အအုံလွှဲပြောင်းလက်ခံခြင်းအတွက် အောက်တိုဘာ ၃၁ ရက်တွင် ဆောက်လုပ်ရေးဝန်ကြီးဌာန မြို့ရွာနှင့် အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာနမှ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန သမိုင်းသုတေသနနှင့် အမျိုးသားစာကြည့်တိုက် ဦးစီးဌာနသို့ လွှဲပြောင်းပေးကြောင်း၊ အဆောက်အအုံကြံ့ခိုင်မှု စစ်ဆေးပြီး မူလလက်ရာမပျက် ပြင်ဆင်ရေးနှင့် Layout Plan ရေးဆွဲ၍ ခင်းကျင်းနိုင်ရေးအတွက် အသေးစိတ်ဆန်းစစ်ချက်များ ပြုလုပ်ပြီး အဆောက်အအုံကို မူလအတိုင်းထားရှိပြုပြင်မည့်အပိုင်းနှင့် စာအုပ်စာတမ်းများ၏ အလေးချိန်ခံနိုင်မည့် အနေအထားထိ ပြုပြင်မည့်အပိုင်းများ ဆက်လက်စစ်ဆေး ဆောင်ရွက်လျက်ရှိသည်။

Layout Plan ရေးဆွဲရာတွင်လည်း ခေတ်မီနည်းပညာများဖြင့် စာဖတ်သူများ သတင်းအချက်အလက်အထောက်အထား ရှာဖွေနိုင်ရန်နှင့် ကလေးစာကြည့်တိုက်လုပ်ငန်းများ၊ အခြားကျွမ်းကျင်သင်တန်းများ၊ စာကြည့်တိုက်ဖွံ့ဖြိုးရေးဆိုင်ရာ လှုပ်ရှားမှုလုပ်ငန်းများ၊ စာအုပ်ဆိုင်များ၊ သုတေသနပြုရန်နေရာများ၊ စာပေလေ့လာဆွေးနွေးမည့် နေရာများ၊ အစည်းအဝေးခန်းမများ၊ သင်တန်းခန်းမများ၊ မြန်မာနိုင်ငံစာကြည့်တိုက်အသင်းရုံးခန်းနှင့် မြန်မာသမိုင်းအဖွဲ့ရုံးခန်းများ ထည့်သွင်း၍ Master Plan ရေးဆွဲဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ထို့ပြင် အဆောက်အအုံကြံ့ခိုင်မှု စစ်ဆေးရာတွင် အထောက်အကူပြုစေရန် ရန်ကုန်မြို့ပြအမွေအနှစ်ထိန်းသိမ်း စောင့်ရှောက်ရေးအဖွဲ့သည် ဩစတြေးလျသံရုံး၏ ရန်ပုံငွေအထောက်အပံ့ဖြင့် နိုင်ငံခြားသားပညာရှင်များ ပို့ချမည့် မြို့ပြအမွေအနှစ် အဆောက်အအုံများ ထိန်းသိမ်းစောင့်ရှောက်ရေး အခြေခံကျွမ်းကျင်မှု သင်တန်းကို ဒီဇင်ဘာ ၁၄ ရက် မှ ၁၇ ရက်အထိ အမျိုးသားစာကြည့်တိုက်(ရန်ကုန်)ဖွင့်လှစ်မည့် အဆောက်အအုံတွင် လေ့ကျင့်ပို့ချသွားမည်ဖြစ်ကြောင်း၊ ရှေးဟောင်းမြို့ပြအဆောက်အအုံများ ထိန်းသိမ်းရေးနှင့် အကျိုးဝင်သည့် သင်တန်းများကိုလည်း ဆက်လက်ဖွင့်လှစ်မည်ဖြစ်ပြီး အဆောက်အအုံပြုပြင်ထိန်းသိမ်းရာတွင် လိုအပ်မည့်အစိတ်အပိုင်းများကို မူလလက်ရာမပျက် ထိန်းသိမ်းနိုင်ရန် ပိုမိုသိရှိပြီး အဆောက်အအုံကို အမှန်တကယ်ပြုပြင်သည့် အချိန်တွင်လည်း အထောက်အပံ့ဖြစ်စေမည့် လုပ်ငန်းများအဖြစ် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း။

အမျိုးသား စာကြည့်တိုက် (ရန်ကုန်) ရွှေ့ပြောင်းဖွင့်လှစ်ရေးလုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန၊ သမိုင်းသုတေသနနှင့် အမျိုးသားစာကြည့်တိုက်ဦးစီးဌာနမှ တာဝန်ခံ ဆောင်ရွက်ပြီး မြန်မာနိုင်ငံစာကြည့်တိုက်အသင်း၊ ရန်ကုန်မြို့ပြအမွေအနှစ်ထိန်းသိမ်းရေးအဖွဲ့၊ မြန်မာနိုင်ငံဗိသုကာအသင်း၊ မြန်မာနိုင်ငံ အင်ဂျင်နီယာအသင်းတို့နှင့် ပူးပေါင်းပြီး အမြန်ဆုံး ဖွင့်လှစ်နိုင်ရေး အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသည်ဟု သိရသည်။

စာကြည့်တိုက်ပြင်ဆင်ရေးလုပ်ငန်းအတွက် လိုအပ်သည့် ဘဏ္ဍာငွေများကို ၂၀၁၇ - ၂၀၁၈ ဘဏ္ဍာနှစ်တွင် ပထမအရစ် သုံးဘီလီယံ ထည့်သွင်းတောင်းခံထားပြီး ပြင်သစ်နှင့်အီတလီ အပါအဝင် မိတ်ဆွေနိုင်ငံများမှလည်း ရန်ပုံငွေ ထည့်ဝင်ကူညီမည်ဖြစ်ကြောင်း၊ ရန်ပုံငွေလိုအပ်ပါက သမ္မတအထူးရန်ပုံငွေမှ ခွင့်ပြုပေးသွားမည်ဖြစ်ပြီး နိုင်ငံတကာအဆင့်မီ၊ နိုင်ငံတော်အတွက် ဂုဏ်ယူဖွယ်ရာ စာကြည့်တိုက်တစ်ခု အမြန်ဆုံး အကောင်အထည် ပေါ်လာရေး ကြိုးပမ်းဆောင်ရွက်ရန် လမ်းညွှန်ထားကြောင်း သိရသည်။

**(သတင်းစဉ်)**




**လျှပ်စစ်သုံးလျှင် သတိယှဉ်
ဝန်အားမမျှ မသုံးရ**

ကြေးမုံ

# မြန်မာလွှတ်တော်နှင့် ဂျပန်လွှတ်တော်တို့၏ ပူးပေါင်းဆောင်ရွက်မှု

၂၀၁၆ ခုနှစ် နိုဝင်ဘာလ ၁၈ ရက်နေ့က မြန်မာလွှတ်တော်နှင့် ဂျပန်လွှတ်တော်တို့၏ ပထမဦးဆုံးသော ပူးပေါင်းဆောင်ရွက်မှု အစီအစဉ်အဖြစ် ပြည်ထောင်စုလွှတ်တော်နှင့် ဟဲန်ဆိုက်ဒယ်ဖောင်ဒေးရှင်း (Hanns Seidel Foundation) တို့အကြား နားလည်မှုစာချွန်လွှာ လက်မှတ်ရေးထိုးခဲ့သည်ကို တွေ့ရပါသည်။ ဟဲန်ဆိုက်ဒယ်ဖောင်ဒေးရှင်းသည် ဂျာမနီနိုင်ငံ ဘာဗေးရီးယားဒေသ၏ ဝန်ကြီးချုပ်အဖြစ် ၁၉၅၇ မှ ၁၉၆၈ ခုနှစ်အထိ ဆောင်ရွက်ခဲ့သော နိုင်ငံရေးသမား မစ္စတာ ဟဲန်ဆိုက်ဒယ်ကို ဂုဏ်ပြုအမည်ပေးထားခြင်း ဖြစ်ပါသည်။

ဟဲန်ဆိုက်ဒယ်ဖောင်ဒေးရှင်းကို ၁၉၆၆ ခုနှစ် နိုဝင်ဘာလ၌ စတင်ဖွဲ့စည်းခဲ့ပြီး ရုံးချုပ်သည် မြူးနစ်မြို့၌ရှိပါသည်။ ဟဲန်ဆိုက်ဒယ်ဖောင်ဒေးရှင်းသည် ဥရောပတိုက်တစ်ခုလုံးကို လွှမ်းခြုံဖွဲ့စည်းထားသည့် ဥရောပပြည်သူများပါတီ (European People's Party-EPP)၏ မူဝါဒရေးရာအဖွဲ့အစည်းဖြစ်သော Centre for European Studies ၏ အဖွဲ့ဝင်ဖြစ်ပါသည်။ ဥရောပပြည်သူများပါတီ (EPP) သည် ဥရောပပါလီမန် (European Parliament)၌ ၁၉၉၉ ခုနှစ်မှစ၍ အကြီးမားဆုံးပါတီအဖြစ် ရပ်တည်နေသော ပါတီဖြစ်ပါသည်။ သို့ဖြစ်ပါ၍ ဟဲန်ဆိုက်ဒယ်ဖောင်ဒေးရှင်းသည် ဒီမိုကရေစီရေးရာကိစ္စရပ်များနှင့်ပတ်သက်၍ ကျွမ်းကျွမ်းကျင်ကျင် ထိထိရောက်ရောက် အကူအညီပေးနိုင်သော အဖွဲ့အစည်းဖြစ်ပါသည်။

ဟဲန်ဆိုက်ဒယ်ဖောင်ဒေးရှင်းသည် ဒီမိုကရေစီရေးလုပ်ငန်းစဉ်များ၌ ပြည်သူများ ပိုမိုပူးပေါင်းပါဝင်ဆောင်ရွက်ရေး၊ တရားဥပဒေစိုးမိုးရေးနှင့် ပြည်သူတို့၏ လူမှုဖူလုံရေးတို့ကို အခြေပြုသည့် ဈေးကွက်စီးပွားရေး(Social Market Economy) မြှင့်တင်ရေးတို့ကို ဆောင်ရွက်လျက်ရှိပါသည်။ သို့ဖြစ်ပါ၍ ဟဲန်ဆိုက်ဒယ်ဖောင်ဒေးရှင်းသည် ဒီမိုကရေစီကျင့်စဉ် ကျယ်ပြန့်ရေးနှင့် နိုင်ငံတကာနားလည်မှုရှင်သန်ခိုင်မာရေးတို့ကို ဆောင်ရွက်နေသည့် အဖွဲ့အစည်းဖြစ်ပါသည်။

ဤသည်မှာ လွှတ်တော်များ ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ ပေါင်းစပ်ညှိနှိုင်းရေးအဖွဲ့ဥက္ကဋ္ဌ၊ ပြည်သူ့လွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးတီခွန်မြတ် ပြောကြားသော "ပြည်ထောင်စုလွှတ်တော်ကို ပိုမိုပွင့်လင်းမြင်သာပြီး ဒီမိုကရေစီကျသော အဖွဲ့အစည်းအဖြစ် ဖြစ်ပေါ်လာစေရေး"ဟူသော ဦးတည်ချက်နှင့် အံဝင်ခွင်ကျရှိသည်ဖြစ်၍ တိုင်းပြည်၏ ဒီမိုကရေစီအုတ်မြစ်ခိုင်မာရေး ကြိုးပမ်းမှုအတွက် များစွာအထောက်အပံ့ဖြစ်မည် ဖြစ်ပါသည်။

ဒီမိုကရေစီအုတ်မြစ်ခိုင်မာရေးကို ကြိုးပမ်းဆောင်ရွက်နေသော ယခုကဲ့သို့သော ပစ္စုပ္ပန်ကာလ၌ လွှတ်တော်ကိုယ်စားလှယ်တို့၏ ဒီမိုကရေစီကျင့်စဉ်များကို ကျယ်ပြန့်စွာနားလည်ခြင်းနှင့် နိုင်ငံတကာအတွေ့အကြုံများကို သိမြင်သဘောပေါက်ခြင်းတို့သည် ဒီမိုကရေစီနိုင်ငံအဖြစ် ခိုင်မာစွာရပ်တည်ရေးကို ထောက်ပံ့ကူညီပေးသောကြောင့် ပြည်ထောင်စုလွှတ်တော်နှင့် ဂျပန်လွှတ်တော်တို့၏ ပူးပေါင်းဆောင်ရွက်မှုကို ဝမ်းမြောက်စွာကြိုဆိုအပ်ပါသည်။ ။

ကြေးမုံ
နေ့စဉ်သတင်းစာ
စာတည်းမှူးချုပ် - ဦးခင်မောင်ကျော်ဒင်
စာတည်းများ - ဦးဝင်းနိုင်၊ ဦးစိုးစိုးနိုင်၊ ဦးစန်းအောင်
သတင်းထောက်မှူး - ဦးငွေအောင်
ဘာသာပြန်စာတည်းများ - ဦးအောင်ထိန်၊ ဦးဇော်ဝင်း၊ ဒေါဝမ်းစိုး၊ အောင်ကျော်ကျော်
အနုပညာစာတည်း - ခင်ခင်သက်
အားကစားစာတည်း - မေလှိုင်သင်း
ဆောင်းပါးစာတည်း - စန္ဒာဝင်း
အကြီးတန်းသတင်းထောက်များ - ဟိန်းထက်လင်း၊ နိုင်လင်းကြည်၊ ဖြိုးစန္ဒာမြင့်၊ သီသီမင်း
အငယ်တန်းသတင်းထောက်များ - အောင်ကျော်ဦး၊ ခင်ဇာလီ၊ ခင်စုစုလှိုင်၊ အေးအေးမြင့်
ဓာတ်ပုံသတင်းထောက် - ခင်မောင်ဝင်း
အထူးသတင်းထောက် - ဆုနှင်းလှဲ့
ပုံနှိပ်ခြင်းလုပ်ငန်းအမှတ်(၀၀၆၄၀)
ပုံနှိပ်ထုတ်ဝေခွင့်အမှတ်(၀၀၇၇၁)ဖြင့် ကြေးမုံသတင်းစာတိုက်က ထုတ်ဝေသည်။
ကြေးမုံ The Mirror
၁၉၅၇ ခုနှစ် ဇန်နဝါရီ ၁ ရက် တွင် စတင်တည်ထောင်သည်။
Gmail themirror.npt@gmail.com
www.facebook.com/themirrordaily
နေပြည်တော် - စာတည်းမှူး ၀၆၇-၃၆၁၂၆၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၂၈၊ ၀၆၇-၃၆၁၃၀၊ ဖက်စ် ၀၆၇-၃၆၁၃၀၊
ရန်ကုန်ရုံးခွဲ - အမှတ် ၇၇၊ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ စာတည်းဌာန ၀၁-၂၉၂၈၃၂၊
မန်နေဂျာ ၀၁-၈၆၁၀၀၈၅၊ စီမံ/ငွေစာရင်း ၀၁-၂၉၁၄၅၄၊ ဖြန့်ချိရေး ၀၁-၂၉၂၈၃၀၊ ကြော်ငြာ ၀၁-၃၉၇၇၃၃၀၊ ဖက်စ် ၀၁-၂၀၃၃၅၁

# တိုင်းပြည်ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆောက်လုပ်ရေးကဏ္ဍအရေးကြီးကြောင်း ပြည်ထောင်စုဝန်ကြီးပြောကြား

**ရန်ကုန် နိုဝင်ဘာ ၁၉**

အာဆီယံနိုင်ငံများ၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုပိုင်းဆိုင်ရာ ဆောက်လုပ်ရေးလုပ်ငန်းများအတွက် တစုတစည်းတည်းနှင့် ပိုမိုထိရောက်သော အခန်းကဏ္ဍတစ်ခုအဖြစ် ဖော်ဆောင်ရန် ဆောက်လုပ်ရေးဆိုင်ရာ အလုပ်သမားကျွမ်းကျင်မှုများနှင့် စံချိန်စံညွှန်းများ မြှင့်တင်ရန်နှင့် နည်းပညာနှင့် စီမံခန့်ခွဲမှုများမြှင့်တင်ရန် ရည်ရွယ်ချက်ဖြင့် 42nd ASEAN Constructors Federation Council Meeting ကို မြန်မာနိုင်ငံ ဆောက်လုပ်ရေးလုပ်ငန်းရှင်များအသင်း (MCEA)က တာဝန်ယူ၍ ယနေ့နံနက် ၉ နာရီတွင် ရန်ကုန်မြို့ Melia Yangon, Inya Ball Room ၌ ကျင်းပသည်။




အစည်းအဝေးတွင် ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းခိုင်က တိုင်းပြည်ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆောက်လုပ်ရေးကဏ္ဍသည် အရေးပါကြောင်း၊ စီးပွားရေးအခြေခံအဆောက်အအုံ တောင့်တင်းခိုင်မာရန် ကြိုတင်ဆောင်ရွက်ရမည့် လိုအပ်ချက်ဖြစ်ကြောင်း၊ အဆိုပါရည်မှန်းချက် အောင်မြင်စေရေးအတွက် ပထမဆုံး အနေဖြင့် လုံလောက်သော စီးပွားရေးအခြေခံအဆောက်အအုံကို တည်ဆောက်ရမည်ဖြစ်ကြောင်း၊ ၎င်းတို့တွင် လမ်းများ၊ တံတားများ၊ ဆည်မြောင်းများ၊ စက်ရုံများ၊ အဆောက်အအုံများသာမက ဆေးရုံများ၊ ရုံးများ၊ အိမ်ရာများအတွက်ပါ ဆက်သွယ်ရေး၊ လျှပ်စစ်ဓာတ်အား ရရှိရေးတို့ကိုပါ ဆောင်ရွက်ရမည်ဖြစ်ကြောင်း ပြောကြားသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးက ဆောက်လုပ်ရေး ဝန်ကြီးဌာနအနေဖြင့် မြို့ပြနှင့် ဝင်ငွေနည်းနှင့် အလယ်အလတ် ဝင်ငွေရ အိမ်ထောင်စုများအတွက် တန်ဖိုးမျှတသော အိမ်ရာများ အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိကြောင်း၊ မြို့ပြဖွံ့ဖြိုးလာမှုနှင့်အတူ စက်မှုကဏ္ဍပါ ဖွံ့ဖြိုးစေရေး ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ ယခုကဲ့သို့ ဆောင်ရွက်ခြင်းဖြင့် မြို့ပြလူဦးရေနှင့် စက်မှုလုပ်ငန်းများအတွက် အထပ်မြင့် အဆောက်အအုံများသည်လည်း အရေးပါလာမည်ဖြစ်ကြောင်း၊ မြန်မာနိုင်ငံသည် စက်မှုဖွံ့ဖြိုးတိုးတက်စေရေးကို အာရုံစိုက်ဆောင်ရွက်ခြင်းဖြင့် Mega Cities များ မကြာမီပေါ်ထွက်လာမည်ဟု မျှော်လင့်ပါကြောင်း၊ မြို့ပြနေပြည်သူများအား လုံလောက်သော အိမ်ရာရရှိရန် ဆောင်ရွက်ပေးလျက်ရှိကြောင်း၊ အာဆီယံ ဆောက်လုပ်သူများအဖွဲ့နှင့် ဧည့်သည်တော်များအား ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးကြရန်နှင့် ရည်မှန်းချက်များ အောင်မြင်စွာ အကောင်အထည်ဖော်နိုင်ရေး အတူတကွ ပူးပေါင်းဆောင်ရွက်ရန် ဖိတ်ခေါ်ပါကြောင်း ပြောကြားသည်။

ထို့နောက် ASEAN Constructors Federation (ACF)မှ Chairman, Mr. Nattaphorn Bhromsuthi က ကြိုဆိုနှုတ်ခွန်းဆက်စကားပြောကြားပြီး မြန်မာနိုင်ငံ ဆောက်လုပ်ရေးလုပ်ငန်းရှင်များအသင်းဥက္ကဋ္ဌ ဦးသာဌေးက မိတ်ဆက်စကားပြောကြားသည်။

ထို့နောက် ASEAN Constructors Federation (ACF) အသင်းဝင်နိုင်ငံများမှ တက်ရောက်လာသူများ၏ သိရှိလိုသည့် မေးမြန်းချက်များကို ပြည်ထောင်စုဝန်ကြီးက ပြန်လည်ရှင်းလင်းဖြေကြားသည်။

အခမ်းအနားအပြီးတွင် ပြည်ထောင်စုဝန်ကြီးက မြန်မာနိုင်ငံဆောက်လုပ်ရေးလုပ်ငန်းရှင်များအသင်း (MCEA) မှ တာဝန်ရှိသူများနှင့်တွေ့ဆုံပြီး ရှေ့ဆက်လက်ဆောင်ရွက်မည့် အသင်း၏ လုပ်ငန်းစဉ်များနှင့်ပတ်သက်၍ ဆွေးနွေးခဲ့ကြောင်း သိရသည်။

**(သတင်းစဉ်)**

---

**✳ ရှေ့ဖုံးမှ**

ယာဉ်စီးရေ ၂၀၀ ကျော်ရပ်နားရန် ကားပါကင်နေရာများ ပါဝင်မည်ဖြစ်သည်။

လက်ရှိအနေအထားအရ မိုးတွင်းကာလဖြစ်သောကြောင့် ပုသိမ်မြို့တွင် မိုးများစွာရွာသွန်းခဲ့သဖြင့် စီမံကိန်းအတွင်းရှိ ဖောင်ဒေးရှင်းလုပ်ငန်းများလုပ်ဆောင်ရန်အတွက် ရေများစုပ်ထုတ်ခဲ့ရကြောင်း သိရသည်။ ယခုအခါ ပလာဇာဈေးဆိုင်ခန်းများ ဆောက်လုပ်မှုလုပ်ငန်းအတွက် ဖောင်ဒေးရှင်းလုပ်ငန်းများ ပြီးစီးသွားပြီဖြစ်ပြီး ပိုင်လုပ်ငန်းများလည်း ဆောင်ရွက်ပြီးစီးသွားပြီဖြစ်ကာ မိုးရာသီကုန်သည်နှင့် အထပ်များစတင်ဆောက်လုပ်တော့မည်ဖြစ်ပြီး စီမံကိန်းတစ်ခုလုံးဆောင်ရွက်နေမှု ၂၀ ရာခိုင်နှုန်း ပြီးစီးသွားပြီဖြစ်သည်။ ပေ ၄၀၊ ၆၀ အကွက်ဖြစ်သည့် မြေကွက်များအတွက် အခန်းနမူနာပုံစံ နှစ်ခန်း ဆောင်ရွက်ပြီးစီးသွားပြီဖြစ်ပြီး မြေကွက် သီးသန့်ဝယ်ယူ လိုသူများအတွက်လည်း သီးသန့်ရောင်းချပေးသွားမည် ဖြစ်သည်။

Mya Bay H & Co Platinum Pathein ကုမ္ပဏီလီမိတက်မှ စီမံခန့်ခွဲရေးမှူး Daw Nang Si Monn Tip က "ဒီဒေသမှာ ဒီလိုမျိုးစီမံကိန်းမရှိသေးပါဘူး။ ပြီးတော့ ဒီလို Platinum Pathein စီမံကိန်းကို တည်ဆောက်ရတာကလည်း ခရီးသွားလုပ်ငန်းကို မြှင့်တင်ချင်လို့ပါ။ အဓိကကတော့ အဲဒီနေရာကို အိမ်ရာစီမံကိန်းဆိုတာထက် ပြည်တွင်းပြည်ပ ခရီးသွားဧည့်သည်တွေအတွက် အကျိုးရှိစေမယ့် အမြန်လမ်းမမှာရှိနေတဲ့ ၁၁၅ မိုင်လိုမျိုး ခရီးတစ်ထောက်နားစခန်းလုပ်ချင်လို့ပါ။"

"ဒေသခံပြည်သူတွေအတွက် လုပ်ငန်းတွေပေါ်များလာမှာဖြစ်ပါတယ်။ စီမံကိန်းအတွင်းမှာ ပုသိမ်ဒေသထွက်စားသောက်ကုန်တွေနဲ့ ကမ်းခြေဒေသထွက် လက်ဆောင်ပစ္စည်းတွေအတွက် ဆိုင်ခန်းတွေပါဝင်မှာမို့ ဒေသခံတွေအတွက် အလုပ်လက်မဲ့ လျော့နည်းသွားမှာဖြစ်ပြီး ဒေသထွက်ကုန်ပစ္စည်းတွေ ဈေးကွက်ပေါ် ရောက်လာနိုင်တော့မှာပါ"ဟု ရှင်းပြသည်။

Platinum Pathein စီမံကိန်းအတွင်းရှိ Phase 1 အပိုင်းဖြစ်သော ပလာဇာဈေးဆိုင်ခန်းများ ဆောက်လုပ်မှုကို ၂၀၁၇ ခုနှစ် ဇွန်လတွင် အပြီးသတ်ဆောင်ရွက်မည်ဖြစ်ပြီး ဟိုတယ်ဆောက်လုပ်မှုစီမံကိန်းကို ယခုနှစ်ကုန်ပိုင်း၌ စတင်ဆောင်ရွက်မည်ဖြစ်သောကြောင့် လာမည့်၂၀၁၈ ခုနှစ်ကုန်ပိုင်းတွင် အပြီးသတ်ဆောက်လုပ်မည်ဖြစ်သည်။ Phase 1 အပိုင်းကို ၂၀၁၈ ခုနှစ်ကုန်ပိုင်းတွင် အပြီးသတ်ဆောင်ရွက်သွားမည်ဖြစ်ပြီး ရန်ကုန်မှ ချောင်းသာ၊ ငွေဆောင်သို့ အသွားအပြန် ခရီးတစ်ထောက်နားစခန်းဖြစ်လာမည့် Platinum Pathein စီမံကိန်းအတွင်းမှ လူနေအိမ် Villa ကို ပြီးခဲ့သည့်ဖေဖော်ဝါရီလအတွင်းက ဖောင်ဒေးရှင်းလုပ်ငန်းများ စတင်ဆောင်ရွက်ခဲ့ကာ ပလာဇာဈေးဆိုင်ခန်းများ ဆောက်လုပ်မှုကို ပြီးခဲ့သည့် ဧပြီလက ဖောင်ဒေးရှင်းလုပ်ငန်းများ စတင်ဆောင်ရွက်ခဲ့ကြောင်း Mya Bay H & Co Platinum Pathein ကုမ္ပဏီလီမိတက်မှ သိရသည်။

**စိုးဝင်း(MLA)**

■

---

# ထီးချိုင့် - မြတောင်လမ်းပိုင်းတွင် ကတ္တရာလမ်းခဲ့ခြင်းလုပ်ငန်း စတင်ဆောင်ရွက်

**ထီးချိုင့် နိုဝင်ဘာ ၁၉**

စစ်ကိုင်းတိုင်းဒေသကြီး ကသာခရိုင် ထီးချိုင့်မြို့ ဧရာဝတီတံတား(ထီးချိုင့်)မှ အရှေ့ဘက် မန္တလေး- ဗန်းမော် ဗျူဟာ လမ်းမကြီးသို့ ဆက်သွယ်ထားသော ထီးချိုင့်-မြတောင်လမ်း မိုင် (၀/၀-၁/၂ )ကြား ကတ္တရာလမ်း ခဲ့ခင်းခြင်းလုပ်ငန်းကို အောက်တိုဘာ နောက်ဆုံးအပတ်မှ စတင်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

"ဒီလမ်းဟာ မန္တလေး-ဗန်းမော် မဟာဗျူဟာလမ်းမကြီးမှ ဧရာဝတီတံတား(ထီးချိုင့်)ကို ဆက်သွယ်ထားလို့ အခုဆို အဝေးပြေးယာဉ်ကြီး၊ ယာဉ်ငယ်တွေ အသွားအလာများလာပါတယ်။ ကချင်ပြည်နယ် မြစ်ကြီးနား၊ မိုးညှင်း၊ မိုးကောင်း၊ ကသာခရိုင် အတွင်းမှ ထီးချိုင့်၊ အင်းတော်၊ ကသာ၊ ဗန်းမောက်၊ ကောလင်းမြို့တွေက မန္တလေးကို နေ့ချင်းရောက်နိုင်တာမို့ လမ်းပန်းဆက်သွယ်ရေး ဖွံ့ဖြိုးလာတယ်လို့ဆိုနိုင်ပါတယ်။ အရင်က ထီးချိုင့်မြို့ဆိုတာကို လူတိုင်းမသိကြပေမယ့် ဧရာဝတီတံတား (ထီးချိုင့်)ရဲ့ကျေးဇူးကြောင့် အခုတော့ မြန်မာပြည်အနှံ့က သိလာတာဟာ ဒီတံတားကြီးရဲ့ ကျေးဇူးကြောင့်ပါ။ ဒီအနီးအနားရွာတွေက အထက မြတောင်ကို နေ့ချင်းပြန် ကျောင်းတက်လာတဲ့ ကျောင်းသား ကျောင်းသူတွေဟာ စက်ဘီး၊ ဆိုင်ကယ်၊ သုံးဘီးဆိုင်ကယ်တွေနဲ့ တက်ကြတာမို့ ဒီလမ်းက ကျဉ်းပြီး လမ်းပခုံးသားကလည်း မရှိ၊ ကားတွေနဲ့ဆုံရင် မတိမ်းသာ မရှောင်သာဖြစ်ရလို့ ယာဉ်အန္တရာယ်ဖြစ်မှာစိုးရိမ်ရပါတယ်"ဟု မြတောင်ရွာမှ ရပ်မိရပ်ဖတစ်ဦးက ပြောသည်။

အဆိုပါ ထီးချိုင့်-မြတောင် မိုင် (၀/၀-၁/၂)အတွင်း ၁ မိုင် ၂ ဖာလုံကို မူလ ၁၂ ပေ အကျယ် မှ ၂၄ ပေအကျယ်ရအောင် (၂×၄) လက်မ ကျောက်ဖြင့် တစ်ဖက် ခြောက်ပေ အကျယ်၊ ခြောက်လက်မဒု သုံးလက်မအောက် ကျောက်ဖြင့် တစ်ဖက် ခြောက်ပေအကျယ်၊ ခြောက်လက်မဒု ခင်းကြိတ်ခြင်း၊ (၁×၂) လက်မကျောက်ဖြင့် ၂၄ ပေ အကျယ်၊ သုံးလက်မဒု အပွန်းခံလွှာခင်းကြိတ်ခြင်း၊ ၁ ဒသမ ၅ ဒုအဝင် ကတ္တရာ ရေပိတ်လွှာ လောင်းခြင်းလုပ်ငန်းများ ဆောင်ရွက်သွားမည် ဖြစ်ကြောင်း၊ လုပ်ငန်းစတင်ချိန်မှ နှစ်လအတွင်း ပြီးစီးအောင် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ လမ်းမိုင်အရှည် ၁ မိုင် ၆ ဖာလုံရှိသော်လည်း ၎င်းတို့ ခင်းရမည့် လမ်းမိုင်အရှည် ၁ မိုင် ၂ ဖာလုံဖြစ်သည့်အတွက် ၄ ဖာလုံ ကျန်ရှိနေမည်ဖြစ်ကြောင်းနှင့် ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ် ပြည်ထောင်စုလွှတ်တော် ရန်ပုံငွေမှ ငွေကျပ် ၂၃၇ သန်း ခွဲဝေချထားပေးပြီး ပြည်တော်တိုးကုမ္ပဏီက တာဝန်ယူဆောင်ရွက်ကြောင်း သိရသည်။

**(ဦးကျော်ခဲ)**

■

---

# မြေပဲစိုက်တောင်သူများ မိုးဦးမြေပဲများ စတင်ဖော်ယူ

**ညောင်ဦး နိုဝင်ဘာ ၁၉**

မန္တလေးတိုင်းဒေသကြီး ညောင်ဦးမြို့နယ်အတွင်းရှိ မြေပဲစိုက်တောင်သူများ မိုးလေဝသကင်းစင်၍ ခြောက်လပင်ပြန့်ပဲ မိုးဦးမြေပဲများ စတင်ဖော်ယူနေပြီဖြစ်ကြောင်း သိရသည်။

"အခု မိုးလည်းကင်းစင် မြေလည်းခြောက်သွားလို့ မိုးဦးမြေပဲတွေစတင်ဖော်နေကြပါပြီ။ ကျွန်တော်တို့ မြေကသဲတောမြေ၊ သဲဆန်တဲ့မြေဆိုတော့ မိုးလေဝသ မှန်ကန်မယ်ဆိုရင် မြေပဲစိုက်ပျိုးရတာ အဆင်ပြေပါတယ်။ သုံးလပဲလို့ခေါ်တဲ့ ပင်ထောင်မျိုးထက် ပဲကြီးလို့ခေါ်တဲ့ ခြောက်လပဲ ပင်ပြန့်မျိုးကို ပို၍စိုက်ပျိုးကြပါတယ်။ ပင်ထောင်မျိုးထက် ပင်ပြန့်မျိုးက မြေပဲဖော်ယူရာမှာ ပိုမို မြန်ဆန်တယ်။ နွားစာပိုမိုရရှိတယ်။ နွေရာသီ နွားစာရှားပါးမှု အခက်အခဲအတွက်လည်း အဆင်ပြေပါတယ်"ဟု ဒေသခံတောင်သူ ဦးမျိုးညွန့်က ပြောသည်။



မြေပဲဖော်ယူရာနှင့် ပတ်သက်၍လည်း "ကျွန်တော်တို့ဖော်ယူမယ့် မြေပဲခင်းကို ပထမဆုံး ထွန်နဲ့သုံးသွားမောင်းရပါတယ်။ ပြီးမှ တစ်မြောင်းချင်းကို ခြားထွန်နဲ့ ခုတ်မောင်းရတာပါ။ ဒေသအခေါ် မြေပဲခြားခုတ်တာပေါ့။ ခြားထွန်နဲ့ခုတ်မောင်းထားတဲ့ မြောင်းက မြေပဲပင်များကို သဲခါပြီးမြောင်းအလိုက် အပုံသေးသေးလေးတွေ ပုံထားရပါတယ်။ မြေပဲခြားကောက်တယ်ခေါ်ပါတယ်။ များသောအားဖြင့် ခြားထွန်နွားတစ်ရှဉ်းကို လူသုံးယောက် မြေပဲခြားကောက်တာများပါတယ်။ မြေပဲခြားကောက်ပြီး ပုံထားတဲ့ မြေပဲပုံသေးသေးလေးတွေကို နေပူရင်ပူသလို နေသာတဲ့အလိုက် မြေပဲအတောင့်ကြွေမယ့်အချိန်ကို ကြည့်ပြီးတော့ ကျွန်တော်တို့ တစ်နေသတ် နှစ်နေသတ်ထားရပါတယ်။ ကြွေတဲ့ မြေပဲ၊ မြေပဲရွက်နဲ့ မြေပဲရိုးအကြေကို ရိုင်ဖျာပတ်ထားတဲ့ လှည်းပေါ်ကိုတင်ပြီး မြေပဲလှေ့စက်နဲ့ မြေပဲလှေ့ရပါတယ်"ဟု ၎င်းက ဆက်လက်ပြောပြသည်။

ညောင်ဦးမြို့နယ် အတွင်းရှိ တောင်သူအများစုမှာ ဆီထွက်သီးနှံ မြေပဲကိုသာအဓိကထား စိုက်ပျိုးကြပြီး မြေပဲဖော်ယူချိန်၌ မြေပဲဈေးကောင်း ရရန်လည်း မျှော်လင့်နေကြကြောင်း သိရသည်။

**မျိုးအောင်(ညောင်ဦး)**



## မြန်မာစာစွမ်းရည်ပြိုင်

၂၀၁၆-၂၀၁၇ ပညာသင်နှစ်၏ မြန်မာစာပေဖွံ့ဖြိုးတိုးတက်ရေးအတွက် မြန်မာစာ မြန်မာစကား အနက်အဓိပ္ပာယ် အသုံးအနှုန်းများကို စနစ်တကျ သုံးစွဲတတ်စေရန်နှင့် စဉ်းစားဉာဏ်ရင့်သန်မှုစွမ်းရည်များကို တိုးတက်စေရန် ရည်ရွယ်၍ အခြေခံပညာ မြန်မာစာစွမ်းရည်ပြိုင်ပွဲကို မြန်မာစာအဖွဲ့နှင့် အခြေခံပညာဦးစီးဌာနတို့ပူးပေါင်းပြီး အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်း လသာမြို့နယ်တွင် နိုဝင်ဘာ ၁၇ ရက်က ကျင်းပစဉ်။

(ကြေးမုံ)

# အမေရိကန်အစိုးရအဖွဲ့သစ် ရာထူးသုံးနေရာအတွက် ရွေးကောက်ခံသမ္မတ ဒေါ်နယ်ထရန့် နာမည်စာရင်းထုတ်ပြန်

**ဝါရှင်တန် နိုဝင်ဘာ ၁၉**

အမေရိကန်နိုင်ငံ၏ လာမည့်အစိုးရအဖွဲ့အသစ်တွင် အဓိကကျသောရာထူးနေရာသုံးခုအတွက် ခန့်အပ်မည့်သူများကို အမေရိကန်ရွေးကောက်ခံသမ္မတ ဒေါ်နယ်ထရန့်က နာမည်စာရင်းထုတ်ပြန်ကြေညာခဲ့ကြောင်း ယနေ့သတင်းများအရသိရသည်။

အစိုးရသစ်၏ အမျိုးသားလုံခြုံရေးအကြံပေးအဖြစ် ကာကွယ်ရေးဝန်ကြီးဌာန စုံစမ်းထောက်လှမ်းရေးအေဂျင်စီဒါရိုက်တာဟောင်း မိုက်ကယ်ဖလန်းကို ရွေးချယ်ထားကြောင်း သိရသည်။ ဗဟိုစုံစမ်းထောက်လှမ်းရေးအေဂျင်စီ (စီအိုင်အေ) ဒါရိုက်တာအဖြစ် ရီပတ်ဘလီကန် အမတ် မိုက်ပွမ်ပီရိုကို ရွေးချယ်ထားပြီး ရှေ့နေချုပ်နေရာကို အလက်ဘားမားပြည်နယ် ဥပဒေပြုအထက်လွှတ်တော်အမတ် ဂျက်ဖ်စက်ရှင်းစ်ကို ရွေးချယ်ထားသည်။

သမ္မတရွေးကောက်ပွဲအတွက် မဲဆွယ်စည်းရုံးရေးကာလအတွင်း ဒုတိယဗိုလ်ချုပ်ကြီးဟောင်း မိုက်ကယ်ဖလန်းသည် သံတမန်နှင့်လုံခြုံရေးဆိုင်ရာကိစ္စရပ်များအတွက် အကြံပေးသူအဖြစ် ဒေါ်နယ်ထရန့်အား ကူညီထောက်ပံ့ပေးခဲ့သည်။

ဂျက်ဖ်စက်ရှင်းစ်သည် တရားမဝင်လူဝင်မှုကြီးကြပ်ရေးဆိုင်ရာ အရေးကြီးသောကိစ္စရပ်များကို ကျွမ်းကျင်စွာကိုင်တွယ်ဖြေရှင်းနိုင်သည့်အပြင် ဒေါ်နယ်ထရန့်၏ အရေးကြီးသောဆုံးဖြတ်ချက်များ ချမှတ်ရာတွင် အရေးပါသော



အလက်ဘားမားပြည်နယ် ဥပဒေပြုအထက်လွှတ်တော်အမတ် ဂျက်ဖ်စက်ရှင်းစ်



ကာကွယ်ရေးဝန်ကြီးဌာန စုံစမ်းထောက်လှမ်းရေး အေဂျင်စီဒါရိုက်တာဟောင်း မိုက်ကယ်ဖလန်း



ဗဟိုစုံစမ်းထောက်လှမ်းရေး အေဂျင်စီ (စီအိုင်အေ) ဒါရိုက်တာအဖြစ် ရီပတ်ဘလီကန် အမတ် မိုက်ပွမ်ပီရို

ပုဂ္ဂိုလ်တစ်ဦးဖြစ်သည်။

ဒေါ်နယ်ထရန့်အနေဖြင့် သူ၏အုပ်ချုပ်ရေးအဖွဲ့သစ်အတွက် နိုင်ငံခြားရေးဝန်ကြီးနှင့် ကာကွယ်ရေးဝန်ကြီးကဲ့သို့သော အရေးပါသည့်ရာထူးနေရာများအတွက် ရာထူးခန့်အပ်မှုများ ဆက်လက်လုပ်ဆောင်ရန် အစည်းအဝေးများကျင်းပလျက်ရှိသည်။

၂၀၁၂ ခုနှစ်သမ္မတရွေးကောက်ပွဲတွင် ရီပတ်ဘလီကန်ပါတီ သမ္မတလောင်းအဖြစ် ဝင်ရောက်ယှဉ်ပြိုင်ခဲ့သည့် မစ်ရိုမ်နေနှင့် ရွေးကောက်ခံသမ္မတ ဒေါ်နယ်ထရန့်တို့ မကြာမီကာလအတွင်း တွေ့ဆုံမည်ဖြစ်ကြောင်း သိရသည်။

ထို့ပြင် ဒေါ်နယ်ထရန့်သည် နိုဝင်ဘာ ၁၇ ရက်က နိုင်ငံခြားရေးဝန်ကြီးအဖြစ် ရွေးချယ်တင်မြှောက်ရန် ရေပန်းစားနေသည့် တောင်ကာရိုလိုင်းနားအုပ်ချုပ်ရေးမှူး နစ်ကီဟာလေးနှင့် တွေ့ဆုံဆွေးနွေးခဲ့ သည်။

အမေရိကန်ရွေးကောက်ခံ ဒုတိယသမ္မတ မိုက်ပန့်စ်က လွှတ်တော်ဥက္ကဋ္ဌပေါ်ရမ်နှင့် ဒီမိုကရက်တစ်လွှတ်တော်အမတ် နန်စီပီလိုစီတို့အား ဒေါ်နယ်ထရန့်ဦးဆောင်မည့် လာမည့်အစိုးရအဖွဲ့သစ်တွင် ပူးပေါင်းဆောင်ရွက်နိုင်ခြင်းရှိမရှိဆိုသည်နှင့်ပတ်သက်ပြီး ဆွေးနွေးညှိနှိုင်းမှုများ ပြုလုပ်ခဲ့ကြောင်းသိရသည်။

**အင်န်အိတ်ချ်ကေ။**




## မာရီလင်မွန်ရိုး၏ဝတ်စုံကို ကန်ဒေါ်လာ ၄ ဒသမ ၈ သန်းဖြင့် ကမ္ဘာ့စံချိန်တင်ဈေးဖြင့် ရောင်းချ

**နယူးယောက် နိုဝင်ဘာ ၁၉**

ကွယ်လွန်ခဲ့ပြီဖြစ်သော ကမ္ဘာကျော်ရုပ်ရှင်သရုပ်ဆောင် မာရီလင်မွန်ရိုး၏ ဂါဝန်တစ်ထည်ကို လေလံပွဲတစ်ခုတွင် ကမ္ဘာ့စံချိန်တင်ဈေးနှုန်းဖြင့် ရောင်းချခဲ့ကြောင်း ယနေ့သတင်းများအရ သိရသည်။

ကမ္ဘာကျော်ရုပ်ရှင်မင်းသမီး မွန်ရိုးသည် အဆိုပါဝင်းလက်တောက်ပနေသောဂါဝန်ကို အမေရိကန် သမ္မတဟောင်း ဂျွန်အက်ဖ်ကနေဒီအတွက် မွေးနေ့လက်ဆောင် သီချင်းတစ်ပုဒ်သီဆိုစဉ် ဝတ်ဆင်ခဲ့ခြင်းဖြစ်သည်။ ယင်းကိုယ်ကျပ် ပွဲတက်ဂါဝန်ကို အမေရိကန်ဒေါ်လာ ၄ ဒသမ ၈၁ သန်း ဖြင့် လေလံတင်ရောင်းချခဲ့ခြင်းမှာ အံ့အားသင့်ဖွယ်ဖြစ်သည်။ အဆိုပါပမာဏမှာ ဝတ်စုံတစ်စုံအတွက် သမိုင်းတစ်လျှောက် ငွေကြေးအများဆုံးပေးခဲ့ရခြင်းဖြစ်သည်။ ထိုဝတ်စုံမှာ လော့စ်အိန်ဂျလိစ်မြို့မှ ဂျူလီယန်လေလံကုမ္ပဏီ၏ နိုဝင်ဘာ ၁၇ ရက်ကစပြီး ရောင်းချလျက်ရှိသည့် ရုပ်ရှင်မင်းသမီးများ၏ ပိုင်ဆိုင်မှုပစ္စည်းများအနက်တစ်ခုဖြစ်သည်။

ဂျွန်အက်ဖ်ကနေဒီ၏မွေးနေ့ပွဲကို အသက် (၃၆) နှစ်အရွယ်ရှိ မွန်ရိုးမသေဆုံးမီအချိန် သုံးလခန့်အလို ၁၉၆၂ ခုနှစ် မေလအတွင်း ကျင်းပခဲ့သည်။ မွန်ရိုး၏ “Happy Birthday Mr. President” သီချင်းမှာ အမေရိကန်သမိုင်းတွင် အကျော်ကြားဆုံး ဖျော်ဖြေတင်ဆက်မှုများအနက်တစ်ခုဖြစ်ကြောင်း ဂျူလီယန် ကုမ္ပဏီအကြီးအကဲက ပြောကြားသည်။

မင်းသမီး မွန်ရိုးက သူသာလျှင်ဝတ်ဆင်နိုင်မည့် ဝတ်စုံတစ်စုံချုပ်ပေးရန် ဒီဇိုင်နာ ဂျင်းလူးဝစ်အား တောင်းဆိုခဲ့ကြောင်း၊ ဝတ်စုံမှာ လက်လုပ်အလှဆင်ပစ္စည်း ၂၅၀၀ ပါရှိပြီး အသားရောင်က မွန်ရိုးနှင့်လိုက်ဖက်မှုရှိကြောင်း လေလံကုမ္ပဏီကဆိုသည်။ ယင်းဝတ်စုံကို ၁၉၉၉ ခုနှစ်က လေလံတင်ခဲ့ပြီး အမေရိကန်ဒေါ် လာ ၁ ဒသမ ၂၆ သန်းခန့်ဖြင့် ရောင်းချခဲ့သည်။

**အင်န်အိတ်ချ်ကေ။**

## မော်ရိုကိုနိုင်ငံရှိ မြန်နှုန်းမြင့် ရထားလမ်းစီမံကိန်းကို ယူအေအီး ငွေကြေးမတည်

**ဒူဘိုင်း နိုဝင်ဘာ ၁၉**

တန်ဂျီယာနှင့် ကန်နီထရာမြို့တော်များကြား မြန်နှုန်းမြင့်ရထားလမ်းတစ်ခု တည်ဆောက်ရေးအတွက် ငွေကြေးမတည်ရန် မော်ရိုကို အမျိုးသားမီးရထားလုပ်ငန်း ONCFM နှင့် အမေရိကန်ဒေါ်လာ သန်း ၄၀ တန်ဖိုးရှိလျှော့ပေါ့ခွင့်ပြုထားသောချေးငွေ သဘောတူညီချက်တစ်ရပ်ကို လက်မှတ်ရေးထိုးခဲ့ကြောင်း အဘူဒါဘီ ဖွံ့ဖြိုးရေးရန်ပုံငွေအဖွဲ့ (ADFD) က ထုတ်ပြန်ချက်တစ်ခုတွင် ပြောကြားသည်။

ရထားလမ်းအခြေခံအဆောက်အအုံနှင့် အခြေခံစနစ်များ ပြန်လည်ထူထောင်ရေးအတွက် ၂၀၁၀ ခုနှစ် တွင် ADFD က ပထမဆုံးသောငွေချေးမှုဖြစ်သည့် အမေရိကန်ဒေါ်လာ သန်း ၁၀၀ ဖြည့်စွက်ပေးခဲ့ပြီး ဒုတိယအကြိမ် အရစ်ကျငွေချေးမှုကို ၂၀၁၈ ခုနှစ်မတိုင်မီ တန်ဂျီယာ နှင့်ကန်နီထရာမြို့တော်များကြား ချိတ်ဆက်ပေးမည့် တစ်နာရီလျှင် ကီလိုမီတာ ၃၂၀ ထိမောင်းနှင်မည့် ကီလိုမီတာ ၂၀၀ ရှိသော မြန်နှုန်းမြင့် ရထားလမ်းဖောက်လုပ်ရေးအတွက် သုံးစွဲသွားမည်ဟု အစိုးရပိုင် ADFD က ပြောကြားသည်။

တန်ဂျီယာမြို့တော်မှာ ဂျီလ်ဘရော်တာရေလက်ကြား၏အနောက်ဘက် မော်ရိုကိုနိုင်ငံမြောက်ပိုင်းတွင် တည်ရှိပြီး ကမ်းရိုးတန်းမြို့တော်တစ်ခုဖြစ်သော ကန်နီထရာမြို့မှာ မော်ရိုကိုနိုင်ငံမြို့တော် ရာဘတ်မြို့၏မြောက်ဘက် အတ္တလန္တစ်ကမ်းခြေ၌ တည်ရှိသည်။ သဘောတူညီချက်ကို ADFD ညွှန်ကြားရေးမှူးချုပ် မိုဟာမက်ဆာ အစ်အယ်လ်ဆူဝေဒီနှင့် ONCFM မှ အမှုဆောင်အရာရှိချုပ် မိုဟာမက်ရာဘီးခါလီတို့က မော်ရိုကိုနိုင်ငံ၌ လက်မှတ်ရေးထိုးခဲ့သည်။

မော်ရိုကိုနှင့် ယူအေအီးနိုင်ငံတို့မှာ အာရပ်ဘုရင်စနစ်ကျင့်သုံးသောနိုင်ငံများဖြစ်ပြီး အစဉ်အလာအရ နီးကပ်သော နိုင်ငံရေးနှင့် စီးပွားရေးဆက်ဆံမှုရှိကြသည်။ တန်ဂျီယာ-ကန်နီထရာ မြန်နှုန်းမြင့်ရထားလမ်း စီမံ ကိန်း စုစုပေါင်းကုန်ကျစရိတ်မှာ အမေရိကန်ဒေါ်လာ သန်း ၁၄၀ ရှိပြီး မော်ရိုကိုနိုင်ငံ၌ ADFD ၏ လက်ရှိစုစု ပေါင်းသုံးစွဲငွေမှာ အမေရိကန်ဒေါ်လာ ၂ ဒသမ ၄၀ ဘီလီယံထိ ရှိလာခဲ့ပြီဖြစ်သည်။

**ဆင်ဟွာ။**

## မြောက်ကိုရီးယား အမျိုးသမီးအမြောက်ပစ်ပြိုင်ပွဲကျင်းပ

**ပြုံယမ်း နိုဝင်ဘာ ၁၉**

မြောက်ကိုရီးယားခေါင်းဆောင် ကင်ဂျုံအန်သည် ကာကွယ်ရေးတပ်ဖွဲ့၏ အမျိုးသမီးအမြောက်ပစ်ပြိုင်ပွဲကို ယနေ့စစ်ဆေးကြည့်ရှုအားပေးခဲ့ကြောင်း သိရသည်။

အမျိုးသမီး အမြောက်ပစ်တပ်ဖွဲ့၏ စွမ်းဆောင်ရည် တိုးတက်မြင့်မားစေရန် ရည်ရွယ်ပြီး ပြိုင်ပွဲကျင်းပမည့်ရက်ကို ကြိုတင်ပြောဆိုခြင်းမရှိဘဲ ယခုအမြောက်ပစ်ပြိုင်ပွဲကို ခေါင်းဆောင်ကင်ဂျုံအန်က ရုတ်တရက်ကျင်းပရန် အမိန့်ပေးခဲ့ခြင်းဖြစ်ကြောင်း ကိုရီးယားဗဟိုသတင်းအေဂျင်စီ (ကေစီအင်န်အေ)က ဆိုသည်။

အမျိုးသားညီညွတ်ပေါင်းစည်းခြင်းအတွက် စစ်သမီးများကို စနစ်တကျလေ့ကျင့်ပေး ရခြင်း၏ အဓိကရည်ရွယ်ချက်အပါအဝင် အချိန်အခါမရွေးတိုက်ပွဲဝင်နိုင်ရန် အမျိုးသမီးအမြောက်တပ်၏ စွမ်းဆောင်ရည်ကို အရည်အချင်းမြင့်စေရန်အတွက် ပြိုင်ပွဲကျင်းပရခြင်းဖြစ်သည်ဟု ခေါင်းဆောင်ကင်ဂျုံအန်က အဖွင့်မိန့်ခွန်းပြောကြားရာတွင် ထည့်သွင်းပြောကြားခဲ့သည်။

အဆိုပါ ပြိုင်ပွဲကျင်းပပြီးနောက် အမြောက်တပ်အားလုံးအနေဖြင့် စစ်မြေပြင်အတွက် အသင့်အနေအထားတွင်ရှိစေရန် လေ့ကျင့်ထားရန်လိုအပ်ကြောင်း ကင်ဂျုံအန်က ပြောကြားခဲ့သည်။

**အင်န်အိတ်ချ်ကေ။**



# ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးဆိုင်ရာ ပူးတွဲစောင့်ကြည့်ရေးကော်မတီ(JMC-L)ရုံး (၁၀)ခု ထပ်မံဖွဲ့စည်းနိုင်ရေး ဆွေးနွေး

**ရန်ကုန် နိုဝင်ဘာ ၁၉**

ပြည်ထောင်စုအဆင့် ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးဆိုင်ရာ ပူးတွဲစောင့်ကြည့်ရေးကော်မတီ(JMC-U) အဌမအကြိမ်မြောက် အစည်းအဝေး(တတိယနေ့)ကို ယနေ့နံနက် ၉ နာရီက ရန်ကုန်မြို့ ကမာရွတ်မြို့နယ်ရှိ အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့် ငြိမ်းချမ်းရေးဗဟိုဌာန (ရန်ကုန်)၌ ကျင်းပရာ တိုင်းဒေသကြီးနှင့် ပြည်နယ်များတွင် ဒေသဆိုင်ရာအဆင့် ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးဆိုင်ရာ ပူးတွဲစောင့်ကြည့်ရေးကော်မတီ(JMC-L)ရုံး (၁၀)ခု ထပ်မံဖွဲ့စည်းနိုင်ရေးဆွေးနွေးကြကြောင်း သိရသည်။

"JMC ရဲ့ လုပ်ဆောင်သွားရမယ့် လုပ်ငန်းတွေက သူ့နေရာနဲ့သူ အဆင့်ဆင့်ရှိပါတယ်။ ဒီအပေါ်မှာ JMC ရဲ့ သုံးစွဲသွားမယ့်ဘတ်ဂျက်အနေနဲ့ ဘယ်နေရာမှာ ဘယ်လောက်သုံးစွဲမယ်ဆိုတဲ့ ခန့်မှန်းဘတ်ဂျက်ကတော့ ပြောမရသေးပါဘူး။ ဒါကို နိုင်ငံတကာက ထောက်ပံ့အလှူရှင် Doena တွေနဲ့ ညှိနှိုင်းဆောင်ရွက်သွားရဦးမှာပါ"ဟု JMC-U အတွင်းရေးမှူး(၁) ဒေါက်တာရွှေခါးရိုက အစည်းအဝေး အပြီးတွင် ပြောသည်။

ထို့အတူ JMC-U အတွင်းရေးမှူး(၂) ဗိုလ်မှူးကြီးဝဏ္ဏအောင်က "ဒီနေ့ဆွေးနွေးပွဲမှာတော့ JMC ရဲ့ နယ်လှည့်ပူးတွဲစောင့်ကြည့်ရေးအဖွဲ့တွေ ဖွဲ့စည်းဖို့ဆွေးနွေးကြတာရှိပါတယ်။ လောလောဆယ်တော့ ဆွေးနွေးတုန်းပါ။ ဖွဲ့စည်းပြီးပြီဆိုရင် တိုင်းဒေသကြီးနဲ့ ပြည်နယ်အဆင့် JMC-S ရဲ့ နယ်မြေထဲမှာ တစ်လကိုနှစ်ကြိမ် ပူးတွဲလှည့်လည်စောင့်ကြည့်သွားမှာဖြစ်ပြီး ဒေသဆိုင်ရာ JMC-L မှာတော့ တစ်လကိုတစ်ကြိမ် စောင့်ကြည့်လေ့လာသွားဖို့ အစည်းအဝေးမှာ ဆုံးဖြတ်ထားတာရှိပါတယ်။ ဒီစောင့်ကြည့်လေ့လာရေးအဖွဲ့တွေမှာ တပ်မတော်သား၊ တိုင်းရင်းသားလက်နက်ကိုင်နဲ့ အရပ်သားတွေ ပါဝင်ကြမှာဖြစ်ပါတယ်" ဟု ပြောသည်။



အဆိုပါ အစည်းအဝေးကို နိုဝင်ဘာ ၁၇ ရက်မှ စတင်၍ သုံးရက်ကြာပြုလုပ်လျက်ရှိရာ အစည်းအဝေးသို့ ပြည်ထောင်စုအဆင့် ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးဆိုင်ရာ ပူးတွဲစောင့်ကြည့်ရေးကော်မတီ(JMC-U)ဥက္ကဋ္ဌနှင့် ဒုတိယဥက္ကဋ္ဌများ၊ တပ်မတော်သားကိုယ်စားလှယ်များ၊ NCA လက်မှတ်ရေးထိုးထားသော တိုင်းရင်းသားလက်နက်ကိုင်အစုအဖွဲ့မှ ကိုယ်စားလှယ်များ၊ အရပ်သားကိုယ်စားလှယ်များ၊ တိုင်းဒေသကြီးနှင့်ပြည်နယ်အဆင့် JMC-S မှ အဖွဲ့ခေါင်းဆောင်များနှင့် တာဝန်ရှိသူများ၊ အကြံပေးပုဂ္ဂိုလ်များ၊ နည်းပညာအထောက်အကူပြုအဖွဲ့များ တက်ရောက်ကြသည်။

JMC-U အစည်းအဝေးကို နှစ်လတစ်ကြိမ် ကျင်းပခြင်းဖြစ်ပြီး အစည်းအဝေးတစ်ခုနှင့်တစ်ခုအကြား ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးဆိုင်ရာ ပူးတွဲစောင့်ကြည့်ရေးသဘောတူညီမှုများနှင့် အကောင်အထည်ဖော်ဆောင်ရွက်မှုအခြေအနေများ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များတွင် JMC-TSC အလုပ်အဖွဲ့ရုံးများ ဖွဲ့စည်းနိုင်ရေးကိစ္စရပ်များ၊ JMC လုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်သည့်အခါတွင် လိုအပ်သောလုပ်ထုံးလုပ်နည်းများနှင့် လုပ်ငန်းလမ်းညွှန်များ ဆွေးနွေးခြင်း၊ စိစစ်အတည်ပြုရေးအဖွဲ့၏ လုပ်ငန်းအစီရင်ခံစာတင်ပြခြင်း၊ သုံးသပ်ခြင်းနှင့် ဆက်လက်ဆောင်ရွက်သွားမည့်အခြေအနေများအား ဆွေးနွေးကြပြီး JMC-U ၏ လာမည့်ခြောက်လတာကာလအတွက် ဒုတိယဥက္ကဋ္ဌ(၂) ရာထူးတာဝန်အား အရပ်သားကိုယ်စားလှယ်ဦးမောင်မောင်ငြိမ်းက ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

ထို့ပြင် JMC ၏ ပြည်ထောင်စုအဆင့်တွင် TSC အလုပ်အဖွဲ့ရုံးများ ဖွဲ့စည်းရေးကိစ္စများ၊ ပြည်နယ်(၆)ခုတွင် TSC အလုပ်အဖွဲ့ရုံးများဖွဲ့စည်းနိုင်ရေး၊ တိုင်းဒေသကြီးနှင့်ပြည်နယ်အဆင့် JMC-S များတွင် အောက်ခြေဒေသဆိုင်ရာ JMC-L ရုံး (၁၀)ခု ဖွဲ့စည်းနိုင်ရေးတို့အားမူအားဖြင့် သဘောတူဆုံးဖြတ်ထားသော JMC-U ၏ ဘတ်ဂျက်ခွဲဝေသုံးစွဲမှုများကို ဆွေးနွေးကြကြောင်း သိရသည်။

JMC အနေဖြင့် NCA လက်မှတ်ရေးထိုးပြီးဖြစ်သော တပ်မတော်နှင့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များအကြား ထိတွေ့မှုများကို ရှောင်ရှားနိုင်စေရေးအတွက် မြေပြင်တပ်မှူးအချင်းချင်း Communication ဆက်သွယ်နိုင်စေရန် ဆက်သွယ်ရေးလိုင်းများအား အမြန်ဆုံးတည်ဆောက်ရန် ယခုအစည်းအဝေးတွင် လမ်းညွှန်မှုများချထားခြင်း၊ တစ်ဖက်နှင့်တစ်ဖက် ယုံကြည်မှု၊ နားလည်မှုများရှိစေရန် တိုင်းဒေသကြီးနှင့် ပြည်နယ်အဆင့်တွင် JMC-S များဖွဲ့စည်းခြင်း ထိုမှတစ်ဆင့်ဒေသဆိုင်ရာ JMC-L များ ဖွဲ့စည်းရေးထပ်မံ၍ ထိုအဖွဲ့များ၏ လုပ်ငန်းလည်ပတ်မှုများ အမြန်ဆုံးဆောင်ရွက်နိုင်ရေးတို့အား ကြိုးစားဆောင်ရွက်ရန်၊ နယ်မြေပိုင်းခြားသတ်မှတ်ပြီးသော EAOs အဖွဲ့များနှင့် မသတ်မှတ်ရသေးသောအဖွဲ့များ ရှိနေမှုအပေါ်တွင် တပ်နေရာ သတ်မှတ်ရေးပါထည့်သွင်းစဉ်းစားကြရန်၊ ထိုအချက်များသည် အပစ်အခတ်ရပ်စဲရေးများအားစောင့်ကြည့်သည့်အခါတွင် အရေးကြီးသည့်အချက်များဖြစ်ကြောင်းနှင့် နဝမအကြိမ်မြောက် JMC-U အစည်းအဝေးအား ၂၀၁၇ ခုနှစ် ဖေဖော်ဝါရီလတွင် ကျင်းပသွားမည်ဖြစ်ကြောင်း ယနေ့အစည်းအဝေးမှ သိရသည်။

**သတင်း-ဇော်ကြီး၊ ဓာတ်ပုံ-ဖေဇော်**

# တပ်မတော်နှင့် RCSS/SSA တို့ ဖြစ်ပွားခဲ့သည့်ဖြစ်စဉ်မှာ နှစ်ဖက်တပ်၏ အောက်ခြေအဆင့်မှ NCA ကို လိုက်နာမှုအားနည်းခြင်းကြောင့်ဖြစ်

**ရန်ကုန် နိုဝင်ဘာ ၁၉**

တပ်မတော်နှင့် RCSS/SSA တို့အကြား လွန်ခဲ့သည့်လပိုင်းက ဖြစ်ပွားခဲ့သည့်ဖြစ်စဉ်မှာ နှစ်ဖက်တပ်၏ အောက်ခြေအဆင့်အနေဖြင့် NCA ကို လိုက်နာမှုအပိုင်းတွင် အနည်းငယ်အားနည်းမှုများရှိနေခြင်းကြောင့် ဖြစ်ပွားရခြင်းဖြစ်ကြောင်း ပြည်ထောင်စုအဆင့် ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးဆိုင်ရာ ပူးတွဲစောင့်ကြည့်ရေးကော်မတီ(JMC-U) ၏ စိစစ်အတည်ပြုရေးအဖွဲ့ဥက္ကဋ္ဌ ဦးမောင်မောင်ငြိမ်းက ပြောသည်။




"ဖြစ်စဉ်ကိုပြန်ကြည့်ရင် NCA နဲ့ ငြိနေတာလေးတွေ ရှိနေပါတယ်။ ကျွန်တော်တို့သုံးသပ်ချက်ကတော့ အဓိကအနေနဲ့ နှစ်ဖက်တပ်အဖွဲ့အစည်းတွေကိုမေးတဲ့အခါမှာ အားလုံးကတော့ NCA နဲ့ပတ်သက်ပြီး တစ်လတစ်ကြိမ် ဆွေးနွေးမှုတွေရှိတယ်။ သို့သော်လည်းအောက်ခြေပိုင်းမှာ လိုက်နာမှုတွေ နည်းနည်းအားနည်းနေတာကို တွေ့ရပါတယ်"ဟု ဦးမောင်မောင်ငြိမ်းက ပြောသည်။

ယနေ့ နံနက်ပိုင်းက ရန်ကုန်မြို့ ကမာရွတ်မြို့နယ်ရှိ အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့် ငြိမ်းချမ်းရေးဗဟိုဌာန (ရန်ကုန်)တွင် ပြည်ထောင်စုအဆင့် ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးဆိုင်ရာ ပူးတွဲစောင့်ကြည့်ရေးကော်မတီအဌမအကြိမ်မြောက် အစည်းအဝေး(တတိယနေ့) အပြီးတွင် စက်တင်ဘာလကုန်ပိုင်းနှင့် အောက်တိုဘာလဆန်းက တပ်မတော်နှင့် RCSS/SSA တို့အကြား ရှမ်းပြည်နယ်နမ့်လန်၊ တုံလောနှင့် ပန်ပွဲရွာတို့ ၌ ဖြစ်ပွားခဲ့သည့် ဖြစ်စဉ်များအပေါ် စိစစ်အတည်ပြုရေးအဖွဲ့၏ တွေ့ရှိချက်များနှင့်ပတ်သက်၍ ရှင်းလင်းပွဲ၌ ၎င်းက မီဒီယာများကို ထိုသို့ ပြောကြားခဲ့ခြင်းဖြစ်သည်။

"အခုဖြစ်ပွားခဲ့တဲ့ ဖြစ်စဉ်နဲ့ပတ်သက်လို့ ဟိုဘက်၊ ဒီဘက် အားနည်းချက်ဆိုတာထက် ကျွန်တော်တို့မှာ NCA ရှိတယ်။ NCA လိုက်နာမှုအပိုင်းမှာ နည်းနည်းလေး အားနည်းနေတယ်။ နားလည်မှုလွဲတဲ့ အပိုင်းလေးတွေရှိနေတယ်။ တကယ်ရည်ရွယ်ချက်နဲ့လုပ်တာမျိုးမဟုတ်ပါဘူး။ မသိလို့ဖြစ်သွားတဲ့ဖြစ်စဉ်မျိုးပဲဖြစ်ပါတယ်"ဟု ၎င်းက ဆိုသည်။

အဆိုပါဖြစ်စဉ်နှင့်ပတ်သက်၍ နှစ်ဖက်တပ်များအကြား ထိတွေ့မှု၊ တင်းမာမှုများ လျော့ကျသွားစေရန်နှင့် နောက်နောင် အလားတူ ထပ်မံမဖြစ်ပွားစေရေးအတွက် ကာကွယ်တားဆီးမှုများပြုလုပ်နိုင်ရန် ရည်ရွယ်၍ ဖြစ်စဉ်များကို အသေးစိတ်သိရှိနိုင်ရေးအတွက် JMC-U အနေဖြင့် စိစစ်အတည်ပြုရေးအဖွဲ့ကို ဖွဲ့စည်းကာ အောက်တိုဘာ ၂၉ ရက်မှ နိုဝင်ဘာ ၅ ရက်အထိ အဆိုပါဒေသသို့ သွားရောက်စိစစ်မှုများပြုလုပ်ခဲ့သည်။

"ရှမ်းပြည်နယ်မှာ ဖြစ်ပွားခဲ့တဲ့ကိစ္စနဲ့ပတ်သက်ပြီး စိစစ်အတည်ပြုရေးအဖွဲ့ ဖွဲ့စည်းတာဆိုရင် JMC ဖွဲ့ပြီးမှ ပထမဆုံးအကြိမ်ဖြစ်သလို ကျွန်တော်တို့နိုင်ငံရဲ့သမိုင်းမှာလည်း ပထမဆုံးအကြိမ်ဖြစ်ပါတယ်။ အဲဒီမှာထူးခြားချက်အနေနဲ့ နှစ်ဖက်အဖွဲ့တွေကို အရပ်သားကိုယ်စားလှယ်တွေက ဦးဆောင်ပြီးတော့ သွားခဲ့တာပါ။ တစ်ပတ်ကျော်ကြာအောင် စစ်ဆေးမှုအပိုင်းကို ဆောင်ရွက်ခဲ့ပါတယ်။ အဲဒီလိုလုပ်တဲ့အခါမှာ သက်သေတွေကိုစစ်ဆေးသလို ကျွန်တော်တို့အဖွဲ့အနေနဲ့လည်း မြေပြင်ကိုကွင်းဆင်းပြီးတော့ မျက်မြင်အရ စစ်ဆေးချက်တွေကိုလုပ်ခဲ့ပါတယ်" ဟု ဦးမောင်မောင်ငြိမ်းက ပြောသည်။

ဆက်လက်၍ "ဒေသခံသက်သေတွေကို စစ်ဆေးမေးမြန်းတဲ့အခါမှာလည်း လွတ်လွတ်လပ်လပ်ပြောဆိုနိုင်အောင် သူတို့ကိုလည်း ကျွန်တော်တို့အနေနဲ့ ဘယ်လိုအာမခံချက်တွေပေးမယ်ဆိုတာကို ပြောပြီးတော့မှ လုပ်ငန်းကိုဆောင်ရွက်ခဲ့တာပါ။ အဲဒီအခါမှာ လူထုအနေနဲ့လည်း ကျွန်တော်တို့နဲ့ ပါဝင်ပူးပေါင်းဆောင်ရွက်တာကို တွေ့ရပါတယ်" ဟု ပြောသည်။

ထိုသို့ဆောင်ရွက်ရာတွင် စိစစ်အတည်ပြုရေးအဖွဲ့အနေဖြင့် လုပ်ငန်းမစတင်မီအချိန်ကပင် ကြိုတင်ညှိနှိုင်းစည်းဝေးခြင်း၊ ဖြစ်စဉ်အပေါ် လေ့လာခြင်း၊ ဒေသခံလူထုအားရှင်းလင်းခြင်း၊ နေ့စဉ်လုပ်ငန်းမစတင်မီနှင့် ပြီးဆုံးချိန်အဖွဲ့ညှိနှိုင်းစည်းဝေးခြင်း၊ လုပ်ငန်းဆောင်ရွက်စဉ်စည်းကမ်းများသတ်မှတ်ခြင်း၊ ထွက်ဆိုချက်များရယူခြင်းစသည်ဖြင့် အဆင့်ဆင့် ဆောင်ရွက်ခဲ့ကြသည်။

ထို့အပြင် လုပ်ငန်းဆောင်ရွက်မှုအနေဖြင့် နမ့်လန်ဖြစ်စဉ်နှင့်ပတ်သက်၍ တိုက်ရိုက်ပါဝင်သူ သက်သေ ခုနစ်ဦးနှင့် အခြားသက်သေ ကိုးဦးကို လည်းကောင်း၊ တုံလော၊ ပန်ပွဲဖြစ်စဉ် နှင့်ပတ်သက်၍ တိုက်ရိုက်ပါဝင်သူ သက်သေ ၁၀ ဦးနှင့် အခြားသက်သေ သုံးဦးကို လည်းကောင်း စစ်ဆေးမှုများပြုလုပ်ခဲ့သည့်အပြင် မျက်မြင်စိစစ်မှုအနေဖြင့် ပန်ပွဲရွာကို စစ်ဆေးမှုများပြုလုပ်ခဲ့ကြောင်း သိရသည်။

ထိုသို့စိစစ်ရာတွင် စိစစ်အတည်ပြုရေးအဖွဲ့ကို နှစ်ဖွဲ့ခွဲ၍ စိစစ်ခြင်းများပြုလုပ်ခဲ့သည့်အပြင် နှစ်ဖက်အဖွဲ့အစည်းများအား အရပ်သားကိုယ်စားလှယ်များကသာ စိစစ်ခြင်းများပြုလုပ်ခဲ့ကြောင်း၊ စတင်ဖြစ်ပွားခဲ့သည့် ပန်ပွဲကျေးရွာ၌ နှစ်ဖက်ပစ်ခတ်မှုကြောင့် အဆောက်အအုံတချို့ပျက်စီးခဲ့ကြောင်း၊ အရပ်သားထိခိုက်သေကြေမှု လုံးဝမရှိခဲ့ကြောင်း၊ စစ်ဘက်ပိုင်းဆိုင်ရာတွင်လည်း ကြီးကြီးမားမားထိခိုက်မှုမရှိကြောင်း အဆိုပါရှင်းလင်းပွဲမှ သိရသည်။

အဆိုပါဒေသ၌ မူးယစ်ဆေးဝါးတားဆီးရေးလုပ်ငန်းများတွင် ပူးပေါင်းဆောင်ရွက်မှုအားနည်းခြင်း၊ တပ်သားသစ်စုဆောင်းမှု အတိုင်းအတာတစ်ရပ်အထိ ရှိနေသည့်အပြင် အောက်ခြေအနေဖြင့် NCA ကို လိုက်နာမှု အားနည်းခြင်းများကို စိစစ်အတည်ပြုရေးအဖွဲ့က တွေ့ရှိခဲ့ကြောင်း သိရသည်။

**သတင်း-ဇော်ကြီး(ပဏ္ဍိတ)၊ ဓာတ်ပုံ-ဖေဇော်**

■

ဗလငါးတန်ဖွံ့ဖြိုးဖို့
စာအုပ်စာပေ လေ့လာစို့

ပြည်သူ့သဘောထားစင်မြင့်

*တိုင်းပြည်၏နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးစသည်တို့နှင့်စပ်လျဉ်း၍ ရှုထောင့်စုံမှ သဘောထားအမြင်စုံတို့ကို အများပြည်သူသို့ တင်ပြပေးနိုင်ရန် ဤကဏ္ဍကို ဖွင့်လှစ်ခြင်းဖြစ်၍ စိတ်ဝင်စားသူ မည်သူမဆို ပါဝင်ရေးသားရန် ဖိတ်ခေါ်ပါသည်။ သို့သော် ကြမ်းတမ်းပြင်းထန်သော အယူအဆ၊ အရေးအသားများကိုမူ သတင်းစာ၏မူဝါဒအရ ဖော်ပြပေးနိုင်မည်မဟုတ်ကြောင်းနှင့် ဤကဏ္ဍတွင်ပါရှိသမျှတို့သည် သက်ဆိုင်ရာဆောင်းပါးရှင်အသီးသီး၏ အာဘော်များသာဖြစ်ပါကြောင်း အစီရင်ခံအပ်ပါသည်။ (စာတည်းအဖွဲ့)*

# မင်္ဂလာတောင်ညွန့်ကြက်၊ ဘဲဈေးကြီး ပြောင်းရွှေ့ရန်အစီအစဉ်မရှိသေးဆိုပါလား

## လင်းသီဟ

ရန်ကုန်မြို့တော်ကြီးတစ်ခုလုံးရှိ မြို့နယ်ဈေးများအားလုံးသို့ ကြက်၊ ဘဲများ ဖြန့်ဖြူးပေးနေသောကြက်ဘဲဈေးကြီးသည် မင်္ဂလာတောင်ညွန့်မြို့နယ်၏ မြောက်ဘက် ပုသိမ်ညွန့်ရပ်ကွက် အောင်မင်္ဂလာချောင်းနှင့် ငမိုးရိပ်ချောင်း တို့ဆုံရာအရပ်တွင် တည်ရှိပါသည်။ အဆိုပါဈေးကြီးသည် သမိန်ဗရမ်းလမ်းမ ကြီးနှင့် ဝေဇယန္တာလမ်းမတို့ဆုံရာ မီးပွိုင့်ဘေးတွင်ရှိသဖြင့် ဧရာဝတီတိုင်း ဒေသကြီး၊ ပဲခူးတိုင်းဒေသကြီးနှင့် ရန်ကုန်တိုင်းဒေသကြီး ခရမ်း၊ သုံးခွမြို့တို့မှ ကြက်၊ ဘဲများ ဝင်ရောက်လာရန် နေရာကောင်းတစ်ခုဖြစ်နေပါသည်။ ဈေးမှာ ချောင်းလက်တက်နှင့် မြစ်တို့ဆုံရာနေရာတွင်ရှိသဖြင့် ဈေးအတွင်းမှ အညစ် အကြေးများစွာတို့သည် မိုးရွာသည်နှင့်မြစ်ထဲသို့ စီးဝင်သွားလေ့ရှိပါသည်။ သို့ရာတွင် ထိုဈေးကြီး၏အားနည်းချက်မှာ ပုသိမ်ညွန့် လူနေရပ်ကွက်နှင့် နီးနေခြင်းဖြစ်ပါသည်။ အထူးသဖြင့် မီးပွိုင့်အနီးရှိ အစိုးရမူလတန်းကျောင်းနှင့် လမ်းမကြီးသာခြားပါသည်။ ၎င်းအပြင်ဒေသအနှံ့မှ ဝင်ရောက်လာသော ကြက်၊ ဘဲတင်ဆောင်လာသည့်ကားကြီး၊ ကားလတ်များမှာ ဈေးရှေ့ပန်းခြံတစ်ဝိုက် တွင် လည်းကောင်း၊ ပုသိမ်ညွန့်ရပ်ကွက်၊ သမိန်ဗရမ်းလမ်းမကြီးဝဲယာ တစ်လျှောက်တွင် လည်းကောင်း၊ အုပ်စုဖွဲ့ရပ်နားလေ့ရှိပါသည်။ ကြက်၊ဘဲ တင်ဆောင်သောကားများ၏သဘာဝမှာ ကြက်၊ဘဲများပါသည်ဖြစ်စေ၊ မပါသည်ဖြစ်စေ ကား၏ကိုယ်ထည်နှင့်ကြက်ခြင်းများ၊ ကြက်လှောင်အိမ် များတွင် အနံ့များစွဲနေပြီး ပတ်ဝန်းကျင်သို့ ထိုအနံ့ဆိုးများထုတ်လွှတ်လေ့ ရှိသည်။

ထို့ကြောင့် ရပ်ကွက်နေပြည်သူများက ယခင်အစိုးရလက်ထက်ကပင် ဆိုင်ခန်းပေါင်း ၁၀၀ ကျော်ရှိသော ထိုဈေးကိုနေရာရွှေ့ပေးရန် တောင်းဆိုခဲ့ ကြပါသည်။ ကြက်၊ ဘဲဈေးမှထွက်သောအနံ့ဆိုးများနှင့် ကြက်၊ဘဲ တင် သောကားများမှထွက်သောအနံ့ဆိုးများမှာ ခဏတဖြုတ်မီးပွိုင့်မိ၍ ဈေးအနီး၌ရပ်နားရသောယာဉ်များပေါ်ရှိ လူများပင်မခံနိုင်သည်ကို လူတိုင်း တွေ့ကြုံသိရှိပြီးဖြစ်ပါသည်။ အထူးသဖြင့် မီးပွိုင့်ဘေးရှိ မူလတန်းကျောင်းမှ ကျောင်းသား ကျောင်းသူလေးများနှင့် ဆရာ ဆရာမများမှာ တစ်နေကုန် ထိုအနံ့ဆိုးများကို ရှူရှိုက်နေရသည်ကို ကိုယ်ချင်းစာကြည့်နိုင်ပါသည်။

ထပ်မံတင်ပြလိုသောအချက်တစ်ချက်မှာ ကြက်၊ ငှက်များမှတစ်ဆင့် ကူးစက်နိုင်သည့် ရောဂါများအန္တရာယ်ဖြစ်သည်။ စာရေးသူမှာ သူတစ်ပါး အခြေပျက်မည်ကို စိုးရိမ်သဖြင့်မရေးဘဲနေခဲ့ခြင်းဖြစ်သော်လည်း ကြက်၊ ဘဲ ဈေးအား ပြောင်းရွှေ့ရန် အစီအစဉ်မရှိသေးကြောင်း သတင်းတစ်ပုဒ်ကို ၁၁-၁၁-၂၀၁၆ ရက်နေ့ထုတ် The Myanmar Review ဂျာနယ်တွင် ဖတ်ရှုခဲ့ ရသဖြင့် ဤဆောင်းပါးကို ရေးသားတင်ပြရခြင်းဖြစ်ပါသည်။ ကျွန်တော်တို့ နိုင်ငံတွင် ကြက်ငှက်တုပ်ကွေးရောဂါတစ်မျိုးဖြစ်သော H5N1 ရောဂါသည် မကြာခဏကူးစက်ပြန့်ပွားခဲ့ဖူးပါသည်။ ယခုအခါတွင် H5N1 အပြင် H5N8 ရောဂါဆန်းများပါ ပေါ်ပေါက်လာပြီး အစ္စရေးနိုင်ငံ၏မြောက်ဘက် ဟာဇာ ဖွန်ခရိုင်တွင် ဖြစ်ပွားနေသည့်သတင်းတစ်ရပ်ကို ၁၆-၁၁-၂၀၁၆ ရက်ထုတ် သတင်းစာတစ်စောင်တွင် တွေ့ရှိခဲ့ရပါသည်။ ကျွန်တော်တို့နိုင်ငံတွင် ကြက်ငှက်ကူးစက်ရောဂါများ မပြန့်ပွားရေးအတွက် စည်းကမ်းသတ်မှတ်ချက် များစွာရှိသော်လည်း မည်သည့်ကြက်၊ဘဲကားမျှ ဈေးအဝင်တွင် ပိုးသတ်ခြင်း၊ ထုံးဖြူးခြင်း၊ သက်ဆိုင်ရာမြို့နယ် တိရစ္ဆာန်ဆေးကုဌာန၏ထောက်ခံချက် များပေးအပ်ခြင်း စသည်တို့ကို မတွေ့ရှိရဘဲ ဂိတ်ပေါက်စောင့်သူကို ပိုက်ဆံ ပေးပြီး ကားဝင်ခွင့်ရနေသည်ကို တွေ့ရပါသည်။ တစ်ဖန်အလုပ်သမားများ မှာလည်း ကြက်၊ဘဲကားများပေါ်တွင် ထိုင်စီးစရာနေရာ သီးသန့်မရှိဘဲ ကြက်၊ ဘဲခြင်းများကြားတွင်ထိုင်ပြီးလိုက်ပါလာသည်ကို နေ့စဉ်တွေ့မြင်နေရပါ သည်။ အဆိုးဆုံးမှာ ကြက်၊ ဘဲဈေးဘေးရှိ ပုသိမ်ညွန့်(၁)လမ်းထိပ် လူနေ ရပ်ကွက်အတွင်းရှိခြံနှစ်ခြံအတွင်း၌ ကြက်၊ဘဲများ သတ်ခြင်း၊ အမွေးနုတ်ခြင်း၊ ခုတ်၊ ဖြတ် သန့်စင်ခြင်း၊ ရေထိုးခြင်းများ ပြုလုပ်နေခြင်းပင် ဖြစ်ပါသည်။ ထိုသို့လူနေ ရပ်ကွက်အတွင်း၌ ကြက်သားထုတ်လုပ်နေသည်ကို ဘေးပတ်ဝန်း ကျင်မှ ရပ်ကွက်နေပြည်သူများနှင့် အလုပ်သမားများ အသိပင် ဖြစ်ပါသည်။ ထို့ကြောင့်ကြက်ငှက်များမှတစ်ဆင့် ကူးစက်ရောဂါများ အကြီးအကျယ်ကူးစက် ပျံ့နှံ့ခြင်း(Outbreak)ဖြစ်လာပါက ဆေးမီလိမ့်မည်မဟုတ်ပေ။ ထို့ကြောင့် ကြက်ငှက်ကူးစက်ရောဂါပြန့်ပွားမှုကို ထိန်းချုပ်ရန်အတွက် လိုက်နာရမည့် စည်းကမ်းချက်များကို စနစ်တကျလိုက်နာနိုင်စေရေးအတွက် တာဝန်ရှိသူ များဖြစ်သည့် မြို့တော်စည်ပင်နှင့် တိရစ္ဆာန်ဆေးကုသရေးဦးစီးဌာနတို့က ကြပ်မတ်ဆောင်ရွက်ရန် လိုအပ်ပေသည်။

**ပတ်ဝန်းကျင်သို့ အနံ့ဆိုးများပျံ့နှံ့နေမှု၊ ကြက်ငှက်တုပ်ကွေးကဲ့သို့သော ကူးစက်ရောဂါ ရုတ်တရက်ကျရောက်ပါက လူနေရပ်ကွက်အတွင်းသို့ ချက်ချင်းပျံ့နှံ့နိုင်မှု၊ မကြာမီ ရေကြောင်း ကူးတို့ (Water Taxi)ပြေးဆွဲတော့မည့် ငမိုးရိပ်မြစ်ရေသန့်ရှင်းမှုကို ထိခိုက်နေစေမှုနှင့် ယာဉ်ကြောပိတ်ဆို့မှုဖြစ်ရာတွင် အကြောင်းတရားတစ်ရပ်အဖြစ် ပါဝင်နေမှုတို့ကြောင့် မင်္ဂလာတောင်ညွန့်ကြက်၊ ဘဲဈေးအားနေရာရွှေ့ပြောင်းသင့်နေပြီ ဖြစ် . . . . . . . . ။**

အဆိုပါနေရာတွင် ကြက်၊ဘဲဈေး တည်ရှိနေမှုကြောင့်ပတ်ဝန်းကျင် ထိခိုက်မှုရှိ/မရှိကို စဉ်းစားနိုင်ရန် အချက်တစ်ချက်တင်ပြပါမည်။ အဆိုပါ ဈေးအနီးရှိ ပုသိမ်ညွန့်ရပ်ကွက်သည် တောင်ဘက် မီးခြစ်စက်ချောင်းရိုးနှင့် မြောက်ဘက် အောင်မင်္ဂလာချောင်းတို့အကြား၌ တည်ရှိပါသည်။ ထိုချောင်းရိုး နှစ်ခုလုံးသည် ငမိုးရိပ်ချောင်းတွင် ဒီရေတက်ပါက ငမိုးရိပ်ချောင်းအတွင်းမှ ရေများဆန်တက်စီးဝင်လာလေ့ရှိပါသည်။ ဒီရေတက်ပါက မီးခြစ်စက်ချောင်းရိုး အတွင်းသို့ မြစ်ရေကြည်များဆန်တက်လာလေ့ရှိပြီး ပြန်အဆင်းတွင် အမှိုက် သရိုက်များပါ ဆွဲချသွားလေ့ရှိသည်။ အောင်မင်္ဂလာချောင်းမှာမူ ကြက်ဘဲ ဈေး၏အခြေမှဝိုက်ပြီးတက်လာရသဖြင့် ဒီရေတက်လာပါက အောင်မင်္ဂလာ ချောင်းရိုးတစ်လျှောက် မလွှကုန်းဘူတာအထိ အနံ့ဆိုးများ ပျံ့နှံ့ဆန်တက် လာလေ့ရှိသည်ကို တာမွေမြို့နယ် ပုသိမ်ညွန့်စံပြရပ်ကွက်နေပြည်သူများ အသိ ပင်ဖြစ်ပါသည်။ ဤသည်မှာ ကြက်၊ ဘဲဈေးကြောင့် ငမိုးရိပ်မြစ်နှင့်ပတ်ဝန်းကျင် သန့်ရှင်းရေးအပေါ် အကျိုးသက်ရောက်မှုရှိနေသည်ဆိုခြင်းကို ပြသနေ ခြင်းပင်ဖြစ်ပါသည်။

ထပ်မံတင်ပြလိုသောအချက်မှာ ယာဉ်ကြောပိတ်ဆို့မှုပြဿနာပင် ဖြစ်ပါသည်။ ထိုဈေးဘေးရှိ သမိန်ဗရမ်းလမ်းမကြီးနှင့် ဝေဇယန္တာလမ်းဆုံ မီးပွိုင့်သည် မူလကပင် အလိုလိုယာဉ်ကြောကျပ်နေသောနေရာ ဖြစ်ပါသည်။ ထိုမီးပွိုင့်လမ်းဆုံတစ်ဝိုက်တွင် ဈေးအတွင်းဝင်၍ ကြက်၊ ဘဲချရန်စောင့်ဆိုင်း နေသောယာဉ်များ၊ ဈေးအတွင်းသို့ ကြက်၊ ဘဲချပြီး ငွေရှင်းရန် ပြန်စောင့် နေသောယာဉ်များ၊ ဈေးဂိတ်ပေါက်ဝနှစ်ဖက်စလုံးတွင် ဈေးအသီးသီးသို့ လက် ကားသွားရောင်းချမည့်ဈေးသည်များကို စောင့်ဆိုင်းနေသောတက္ကစီယာဉ် များနှင့် ဟိုင်းဂျက်၊ ခွေးဘီလူးယာဉ်ငယ်များဖြင့် နံနက် ၄ နာရီမထိုးမီကပင် ရှုပ်ထွေးစည်ကားနေလေ့ရှိပါသည်။ မီးပွိုင့်ဧရိယာအတွင်းရှိ ဂိတ်ပေါက် တွင် "အဝင်"ဟူသောဆိုင်းဘုတ်ကိုထောင်ထားသော်လည်း မော်တော် ယာဉ်များမှာ ဝင်ချင်သလိုဝင်၊ ထွက်ချင်သလိုထွက်နေကြသည်ကို တွေ့ရှိ နေရပါသည်။ ပို၍ဆိုးသည်မှာ မီးပွိုင့်ရှိလာသမျှကားများကို လက်ပြတား ရပ်ခိုင်းကာ ဈေးတွင်းမှကားများကို နောက်ပြန်ဆုတ်ပြီးထွက်ခိုင်းနေခြင်းဖြစ် ပါသည်။ ထိုဝင်ပေါက်ရှိလမ်းမှာ ၃၀ ဒီဂရီခန့်နိမ့်လျှောဖြစ်နေသဖြင့် ဂိတ်ဝ တွင်အဝင်ကားနှင့်အထွက်ကားဆုံမိပါက ယာဉ်ကြောပိတ်ဆို့မှုအချိန်ပိုကြာ တတ်ပါသည်။ မီးပွိုင့်ဧရိယာအတွင်း၌ ယာဉ်ကြောများကိုပိုင်းခြားထား သော ကွန်ကရစ်တုံးများမှာ ဈေးအတွင်းမှနောက်ပြန်ဆုတ်ပြီးထွက်လာ သောကြက်၊ ဘဲတင်ကားများ၏ တိုက်ခိုက်မှုကို အကြိမ်ကြိမ်ခံရပြီးဖြစ်ပါသည်။ ထို့ကြောင့် ကြက်၊ ဘဲဈေးရှိဂိတ်ပေါက်နှစ်ပေါက်အား အဝင်တစ်ဂိတ်နှင့် အထွက်တစ်ဂိတ်အဖြစ် သီးခြားသတ်မှတ်သကဲ့သို့ ဈေးရုံများအတွင်းရှိလမ်း များအားလုံးကိုလည်း တစ်လမ်းမောင်းသတ်မှတ်သင့်ပါသည်။ သို့မှသာဈေး အဝင်ဂိတ်နှင့်အထွက်ဂိတ်များတွင် ယာဉ်ကြောပိတ်ဆို့မှုများ လျော့နည်း သွားမည်ဖြစ်ပါသည်။

အထက်ပါအချက်များကို သုံးသပ်ကြည့်ပါက ပတ်ဝန်းကျင်သို့အနံ့ဆိုး များပျံ့နှံ့နေမှု၊ ကြက်ငှက်တုပ်ကွေးကဲ့သို့သော ကူးစက်ရောဂါ ရုတ်တရက် ကျရောက်ပါက လူနေရပ်ကွက်အတွင်းသို့ ချက်ချင်းပျံ့နှံ့နိုင်မှု၊ မကြာမီ ရေကြောင်းကူးတို့(Water Taxi)ပြေးဆွဲတော့မည့် ငမိုးရိပ်မြစ်ရေသန့်ရှင်းမှုကို ထိခိုက်နေစေမှုနှင့် ယာဉ်ကြောပိတ်ဆို့မှုဖြစ်ရာတွင် အကြောင်းတရား တစ်ရပ်အဖြစ်ပါဝင်နေမှုတို့ကြောင့် မင်္ဂလာတောင်ညွန့်ကြက်၊ ဘဲဈေးအား နေရာရွှေ့ပြောင်းသင့်နေပြီ ဖြစ်ပါသည်။

သို့ပါ၍ ရန်ကုန်မြို့တော်ကြီးတစ်ခုလုံး၏ ကြက်သားစားသုံးမှုကို ဤမင်္ဂလာတောင်ညွန့်ကြက်၊ ဘဲဈေး တစ်ခုတည်းမှဖြန့်ဖြူးနေမည့်အစား သန်လျင်၊ လှိုင်သာယာ၊ ထောက်ကြန့်၊ မြောက်ဒဂုံအစရှိသောမြို့နယ်များ တွင် ခရိုင်အလိုက် ကြက်၊ဘဲဈေးများ ဖွင့်လှစ်သင့်နေပြီဖြစ်ပါသည်။

ထို့ကြောင့် ရန်ကုန်တိုင်းဒေသကြီး မင်္ဂလာတောင်ညွန့်မြို့နယ်တွင် ဖွင့်လှစ်ထားသည့် ရန်ကုန်မြို့တော်ကြီး၏ တစ်ခုတည်းသောကြက်၊ ဘဲ ဈေးကြီးအား နေရာရွှေ့ပြောင်းရေးအတွက် စတင်စဉ်းစားဆောင်ရွက်ထား သင့်ပြီဖြစ်ပါကြောင်း အကြံပြုတင်ပြလိုက်ပါသည်။ ။

---

# မူးယစ်ဆေးဝါးကာကွယ်ရေး အသိပညာပေး ဟောပြော

**နေပြည်တော် နိုဝင်ဘာ ၁၉**

နေပြည်တော် ဇေယျာသီရိမြို့နယ် ကျည်တောင်ကျေးရွာအုပ်စု ကျည်တောင်ရွာ တွင် နိုဝင်ဘာ ၁၇ ရက်က မူးယစ်ဆေးဝါးကာကွယ်ရေးပညာပေးဟောပြောပွဲပြုလုပ် ခဲ့ရာ ပြည်သူလူထု ၄၀၀ ခန့်စိတ်ပါဝင်စားစွာ တက်ရောက်ခဲ့သည်။

အဆိုပါ ဟောပြောပွဲကို ဇေယျာသီရိမြို့နယ် ကျည်တောင်ကျေးရွာ အုပ်ချုပ်ရေးမှူး ရုံးဝင်းအတွင်း၌ ကျင်းပခဲ့ရာ ဇေယျာသီရိမြို့နယ် အထွေထွေ အုပ်ချုပ်ရေးမှူး ဦးတင်နွယ်က အဖွင့်အမှာစကားပြောကြားပြီး ဇေယျာသီရိ မြို့နယ် ရဲတပ်ဖွဲ့မှူး ယာယီရဲမှူးကျော်ညွန့်က မူးယစ်ဆေးဝါးကာကွယ်ရေးဟောပြောခြင်း၊ နေပြည်တော် မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့တပ်ဖွဲ့ခွဲမှ ဒုရဲမှူးအောင်မိုးက မူးယစ်ဆေးဝါးနှင့်စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများ အကြောင်း လူကုန်ကူးမှုတားဆီးကာကွယ်ရေးတပ်ဖွဲ့ တပ်ဖွဲ့စု(၁)မှ ရဲအုပ် အေးကျော်က လူကုန်ကူးမှုဆိုင်ရာ အသိပညာပေး ဟောပြောခြင်းများပြုလုပ်၍ ကျေးရွာအုပ်ချုပ်ရေးမှူးနှင့် ရပ်မိရပ်ဖတို့မှ အကြံပြုဆွေးနွေးခြင်းနှင့် ကျေးဇူးတင်စကားပြောကြားခဲ့သည်။

ဇေယျာသီရိမြို့နယ်အတွင်း အမှုကြီးနှင့် ခိုးမှုဖြစ်ပွားမှုများ ယခင် နှစ်များထက် လျော့နည်းကျဆင်းခဲ့ပြီး အခြားအမှုဖြစ်ပွားမှုမှာ ယခင်နှစ်ထက် ပိုမိုခဲ့ကြောင်း သိရသည်။

**(ကိုကိုနေ)**

❖



# မြန်မာနိုင်ငံဆရာဝန်အသင်း တီဘီရောဂါဆွေးနွေးပွဲ ကျင်းပ




**ရန်ကုန် နိုဝင်ဘာ ၁၉**

အရည်အသွေးမြင့်ရောဂါရှာဖွေရေးနှင့် ကုသမှုများရရှိရန် ပြည်သူလူထုအကျိုးကို ရည်မှန်းဆောင်ရွက်ရန်၊ အစိုးရ-ပုဂ္ဂလိက ကျန်းမာရေးစောင့်ရှောက်မှုများ ပူးပေါင်းဆောင်ရွက်ရန် အားပေးတိုက်တွန်းလိုပါကြောင်းဖြင့် ယနေ့နံနက် ၉ နာရီတွင် ရန်ကုန်မြို့ သိမ်ဖြူလမ်းရှိ မြန်မာနိုင်ငံ ဆရာဝန်အသင်းတွင် ကျင်းပသော မြန်မာနိုင်ငံ ဆရာဝန်အသင်း တီဘီရောဂါဆွေးနွေးပွဲ၌ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်ထွေးက ပြောကြားသည်။

ပြည်ထောင်စုဝန်ကြီးက ဆက်လက်ပြောကြားရာတွင် မျိုးဆက်သစ်ဆရာဝန်များကို မွေးထုတ်ပေးရန် လိုအပ်ပါကြောင်း၊ သုတေသနနှင့် စစ်တမ်းရလဒ်များ၊ အစီရင်ခံစာများကိုလည်း စုစည်းထားပြီး တင်ပြချက်၊ သင်ကြားချက်များကို စုစည်းကာ ဝေမျှပေးကြစေလိုကြောင်း၊ ဆေးယဉ်ပါးတီဘီရောဂါထိန်းချုပ်ရေးပိုမိုဆောင်ရွက်ကြစေလိုကြောင်း၊ တီဘီရောဂါသည် လူမှုရေး၊ စီးပွားရေးနှင့် ဆက်စပ်နေသဖြင့် ဆေးလူမှုဆက်ဆံရေးပညာရှင်များကိုလည်း ပိုမိုမွေးထုတ်ပေးလျက်ရှိပါကြောင်း။

မြန်မာနိုင်ငံ ဆရာဝန်အသင်း၏ များစွာသော တီဘီရောဂါထိန်းချုပ်ရေးစီမံချက်များကိုလည်း အထူးကျေနပ်အားရမိပါကြောင်း၊ လာမည့်ခြောက်လအတွင်း မြန်မာနိုင်ငံတစ်ဝန်း၌ အလားတူဆွေးနွေးလှုပ်ရှားမှုများကို စဉ်ဆက်မပြတ် ဆက်လက်ဆောင်ရွက်မည်ဟုလည်း သိရှိရပါကြောင်း၊ အထွေထွေရောဂါကုဆရာဝန်များ၏ အခန်းကဏ္ဍသည်လည်း တီဘီရောဂါကုသထိန်းချုပ်ရေးတွင် အလွန်အရေးကြီးပါကြောင်း၊ အားလုံးပူးပေါင်းကာ ကွန်ရက်သဖွယ် ချိတ်ဆက်ဆောင်ရွက်ကြရန်ဖြစ်ပါကြောင်း။

တီဘီရောဂါသည် ပြည်သူ့ကျန်းမာရေးပြဿနာအဖြစ် ဆက်လက်တည်ရှိနေသေးသဖြင့် ရောဂါ၏အဓိကအကြောင်းအရင်းများကို သေချာစွာ သိရှိကာ ထိန်းချုပ်ဆောင်ရွက်ရန် လိုအပ်ပါကြောင်း၊ တီဘီရောဂါဆေးများ၏ အာနိသင်များကိုလည်း သေချာစွာ ကြိုတင်ရှင်းပြထားရန် အထူးလိုအပ်ပါကြောင်း၊ အမျိုးသားတီဘီရောဂါစီမံချက်မှ ထုတ်ပြန်ထားသော စံသတ်မှတ်ကုထုံးများနှင့်အညီ ကုသရေးသည် အရေးကြီးပေရာ အမြဲကိုးကား ရည်ညွှန်းပြီး ဆောင်ရွက်ကြရန် တိုက်တွန်းပါကြောင်းဖြင့် ပြောကြားသည်။

ယင်းနောက် မြန်မာနိုင်ငံဆရာဝန်အသင်း(ဗဟို)ဥက္ကဋ္ဌ ပါမောက္ခ ဒေါက်တာရဲမြင့်က ကြိုဆိုနှုတ်ခွန်းဆက်စကားပြောကြားပြီး ပြည်ထောင်စုဝန်ကြီးနှင့် ဧည့်သည်တော်များသည် မြန်မာနိုင်ငံ ဆရာဝန်အသင်း၏ တီဘီရောဂါကာကွယ်ရေးဆောင်ရွက်မှု ပြခန်းငယ်အား ကြည့်ရှုအားပေးသည်။

ယင်းနောက် ကမ္ဘာ့ကျန်းမာရေးအဖွဲ့၊ အမျိုးသားတီဘီရောဂါ တိုက်ဖျက်ရေးစီမံချက်တို့မှ ကျွမ်းကျင်ပညာရှင်၊ စီမံချက်မန်နေဂျာ၊ ဆေးရုံကြီးများနှင့် ဆေးတက္ကသိုလ်များမှ ပါမောက္ခများ၊ မြန်မာနိုင်ငံဆရာဝန်အသင်း MDR-TB Project မှ Programme Coordinater တို့က သက်ဆိုင်ရာခေါင်းစဉ်များအလိုက် ဆွေးနွေးတင်ပြကြရာ တက်ရောက်လာကြသူများက ဝိုင်းဝန်းဆွေးနွေးခဲ့ကြသည်။ ယနေ့ကျင်းပသည့် ဆွေးနွေးပွဲကို "Know Your Epidemie of End TB in Myanmar" ခေါင်းစဉ်ဖြင့် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၊ မြန်မာနိုင်ငံ ဆရာဝန်အသင်းနှင့် 3MDG တို့ ပူးပေါင်းကျင်းပခြင်းဖြစ်ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

# တစ်ရက်လျှင် အမှိုက် တန် ၆၀ မီးရှို့နိုင်သည့် အမှိုက်မှစွမ်းအင်ထုတ်စက်ရုံတည်ဆောက်မှု ရာနှုန်းပြည့်နီးပါး ပြီးစီး

**ရန်ကုန် နိုဝင်ဘာ ၁၉**

ရန်ကုန်မြို့တွင် တည်ဆောက်အကောင်အထည်ဖော်လျက်ရှိသော တစ်ရက်လျှင် အမှိုက်တန် ၆၀ မီးရှို့နိုင်သည့် အမှိုက်မှစွမ်းအင်ထုတ်လုပ်စက်ရုံ တည်ဆောက်မှု ရာနှုန်းပြည့်နီးပါး ပြီးစီးနေပြီဖြစ်ပြီး ၂၀၁၇ နှစ်ဆန်းပိုင်းတွင် စမ်းသပ်လည်ပတ်နိုင်မည်ဖြစ်ကြောင်း ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သန့်ရှင်းရေးဌာနမှ သိရသည်။

ဂျပန်နိုင်ငံ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနနှင့် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီတို့ ပူးတွဲအကောင်အထည်ဖော်ဆောင်ရွက်နေသော အဆိုပါ အမှိုက်မှစွမ်းအင်ထုတ်စက်ရုံ Waste to Energy ကို မင်္ဂလာဒုံမြို့နယ်နှင့် ရွှေပြည်သာမြို့နယ်ကြား လှော်ကားလမ်းဘေးတွင် တည်ဆောက်အကောင်အထည်ဖော်လျက်ရှိပြီး လက်ရှိတွင် ရာခိုင်နှုန်း ၉၀ ကျော်ပြီးစီးပြီဖြစ်ကာ ရာနှုန်းပြည့်နီးပါး ပြီးစီးလုခန့်ရှိပြီဖြစ်ကြောင်း ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သန့်ရှင်းရေးဌာနမှ သိရသည်။

"စီမံကိန်းကာလ နှစ်နှစ်ဖြစ်ပြီး ဒီနှစ်အကုန်မှာ အကြမ်းထည်ပြီးမယ်။ နှစ်ဆန်းပိုင်းမှာ စမ်းသပ်လည်ပတ်မယ်။ စက်ရုံအနေနဲ့တစ်ရက်ကို အမှိုက်တန် ၆၀ မီးရှို့နိုင်ပါတယ်။ လျှပ်စစ်ဓာတ်အားတစ်နာရီကို ကီလိုဝပ် ၇၀၀ ထွက်ပါမယ်။ အဲဒီထွက်လာတဲ့ လျှပ်စစ်ဓာတ်အားကနေ ကီလိုဝပ် ၄၀၀ ကို စက်ရုံလည်ပတ်ဖို့အတွက် ပြန်သုံးမှာဖြစ်ပြီးတော့ ကီလိုဝပ် ၃၀၀ ကို မဟာဓာတ်အားလိုင်းကို ထည့်သွင်းပြီး ပြန်လည်ရောင်းချဖို့လုပ်သွားပါမယ်။ အမှိုက်မီးရှို့စက် ပုံမှန်လည်ပတ်ဖို့အတွက် မင်္ဂလာဒုံမြို့နယ်က နေ့စဉ်ထွက်ရှိတဲ့ အမှိုက် ၇၂ တန်ကို အသုံးပြုသွားဖို့လုပ်ထားပါတယ်။ မြို့နယ်အတွင်း အမှိုက်နဲ့ပတ်သက်တဲ့ ပညာပေးလုပ်ငန်းတွေလည်း ဆောင်ရွက်နေပါတယ်"ဟု ပတ်ဝန်းကျင် ထိန်းသိမ်းရေးနှင့် သန့်ရှင်းရေးဌာန လက်ထောက်ဌာနမှူး ဒေါက်တာအောင်မြင့်မော်က ရှင်းပြသည်။

အဆိုပါ စက်ရုံကို ဂျပန်နိုင်ငံနှင့်အစိုးရချင်း ချိတ်ဆက်ကာ ပူးတွဲအကောင်အထည်ဖော်ဆောင်ရွက်နေခြင်းဖြစ်ပြီး ကုန်ကျမှုစရိတ်ကို ဂျပန်နိုင်ငံနှင့် ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့တို့ တစ်ဝက်စီကျခံဆောင်ရွက်သွားမည့် စီမံကိန်းတစ်ခုဖြစ်ကာ ကုန်ကျစရိတ်စုစုပေါင်း အမေရိကန်ဒေါ်လာ ၁၆ သန်းခန့်ဖြစ်ကြောင်း သိရသည်။

"ဒီအစီအစဉ်က ဂျပန်နိုင်ငံအစိုးရက နှစ်စဉ်ဒေါ်လာ သန်း ၁၀၀ ကို အာဆီယံ ၁၀ နိုင်ငံကို ထောက်ပံ့ပေးတဲ့အစီအစဉ်ကနေ ဆောင်ရွက်တာဖြစ်ပါတယ်။ ဒေါ်လာ သန်း ၅၀ ကို အခြေခံအဆောက်အအုံပိုင်းဆိုင်ရာတွေမှာသုံးစွဲနေပြီး ဒေါ်လာသန်း ၅၀ ကို ပတ်ဝန်းကျင်သန့်ရှင်းရေးဆိုင်ရာတွေမှာ သုံးစွဲနေပါတယ်။ ဒီထောက်ပံ့မှုအစီအစဉ်ကို ၂၀၁၃ ခုနှစ်က ချိတ်ဆက်မိပြီး အဆိုပြုလွှာတင်ခဲ့ရာကနေ အောင်မြင်ခဲ့ပြီးတော့ ပူးတွဲစတင်အကောင်အထည်ဖော်ဖြစ်ခဲ့တာပါ။ အကျိုးကျေးဇူးအနေနဲ့ကတော့ နည်းပညာပိုင်းဆိုင်ရာတွေ ရရှိလာမှာဖြစ်သလို စွန့်ပစ်အမှိုက်ကနေ စွမ်းအင်ထုတ်နိုင်မှာပါ။ အမှိုက်သိမ်းဆည်းမှုစွန့်ပစ်မှုနဲ့ပတ်သက်ပြီး နိုင်ငံတော်တော်များများလည်း စိန်ခေါ်မှုတွေနဲ့ ရင်ဆိုင်နေရပါတယ်။ ငွေကုန်ကြေးကျလည်း များပါတယ်။ ယခုလက်ရှိ စုပုံစွန့်ပစ်တဲ့စနစ်က မြေကြီးပေါ်မှာပုံခြင်းကြောင့် ရေထု၊ လေထု၊ မြေထု ညစ်ညမ်းပါတယ်။ ရာသီဥတုတွေ ပြောင်းလာတယ်။ ကမ္ဘာကြီးပူနွေးလာတယ်။ မြေနေရာ ရှားပါးလာတယ်။ ညစ်ညမ်းမှုတွေကို လျှော့ချနိုင်ဖို့ Waste to Energy တွေ အကောင်အထည်ဖော်သင့်တယ်။ တစ်ရက်ကို တန် ၂၀၀၀ ကျော် အမှိုက်ထွက်ရှိနေတဲ့အတွက် ခရိုင်အလိုက် Waste to Energy စက်ရုံတွေ ဆောင်ရွက်သင့်တယ်။ တန် ၂၀၀၀ ကို လုပ်ရင်လျှပ်စစ် ၅၅ မဂ္ဂါဝပ် ရမယ်။ ခေတ်မီနည်းပညာ သုံးရမယ်။ အခုထက် ပိုသန့်ရှင်းမယ် "ဟု ဒေါက်တာအောင်မြင့်မော်က ပြောသည်။

အဆိုပါ အမှိုက်မှစွမ်းအင်ထုတ်လုပ်မည့် စက်ရုံလည်ပတ်ချိန်တွင် စက်ရုံအနီး သုံးရက်စာ လည်ပတ်နိုင်မည့် အမှိုက်များကိုစုပုံထားရှိနိုင်သည်ဟု သိရသည်။ ရန်ကုန်မြို့တော် စည်ပင်သာယာနယ်နိမိတ်မြို့နယ်များအတွင်း စွန့်ပစ်အမှိုက်များကို ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သန့်ရှင်းရေးဌာနက သိမ်းဆည်းဆောင်ရွက်လျက်ရှိပြီး နေ့စဉ် အမှိုက်တန်ချိန် ၂၀၀၀ ကျော် သိမ်းဆည်းနေကြောင်း အဆိုပါဌာနမှ သိရသည်။ အဆိုပါ အမှိုက်များကို အဓိကစွန့်ပစ်နေသည့် အမှိုက်ပုံကြီး နှစ်နေရာ၊ အမှိုက်ပုံအသေး လေးနေရာတို့တွင် စုပုံစွန့်ပစ်လျက်ရှိသည်။ လက်ရှိတွင် ရန်ကုန်မြို့၏ နေ့စဉ်ထွက်ရှိသော စွန့်ပစ်အမှိုက်များကြောင့် မြေနေရာလိုအပ်ချက် မြင့်မားလာနေကြောင်း ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သန့်ရှင်းရေးဌာနမှ သိရသည်။

**(ဆုနှင်းလဲ့)**

# ကမ္ဘာ့ဒဿနိကဗေဒနေ့(၂၀၁၆) ဟောပြောပွဲအခမ်းအနား ကျင်းပ

**ရန်ကုန် နိုဝင်ဘာ ၁၉**

ကမ္ဘာ့ဒဿနိကဗေဒနေ့(၂၀၁၆) "World Philosophy Day 2016" ဟောပြောပွဲအခမ်းအနားကို နိုဝင်ဘာ ၁၇ ရက် မွန်းလွဲ ၁ နာရီတွင် ရန်ကုန်မြို့ ရန်ကုန် YMCA ခန်းမ၌ကျင်းပရာ သဘာပတိ ဦးမောင်မောင်ဇေယျ (အငြိမ်းစား၊ ဒဿနိကဌာန၊ ရန်ကုန်တက္ကသိုလ်)နှင့် အခမ်းအနားကျင်းပရေးကော်မတီ(ယာယီ)ကော်မတီဝင်များနှင့် စိတ်ပါဝင်စားသူများ တက်ရောက်ကြသည်။

ယင်းဟောပြောပွဲတွင် ကဗျာနှင့်ဒဿနခေါင်းစဉ်ဖြင့် ဇေယျာလင်း၊ ထေရဝါဒဗုဒ္ဓဘာသာနှင့် ဒဿနခေါင်းစဉ်ဖြင့် ဒေါက်တာဆန်းထွန်း၊ မဟာယာနဗုဒ္ဓဘာသာနှင့် ဒဿနခေါင်းစဉ်ဖြင့် လင်းထက်ဆွေ၊ ဘာသာပြန်နှင့် ဒဿနခေါင်းစဉ်ဖြင့် မောင်ကြည်သစ်တို့က ဟောပြောရာ တက်ရောက်လာကြသူများက ပါဝင်ဆွေးနွေးကြသည်။

**ကိုလတ်(သတင်းစဉ်)**

# ဆွေးမြည့်သစ်သားတိုင်နှင့် သံတိုင်များအစား ကွန်ကရစ်တိုင်များဖြင့် အစားထိုးလဲလှယ်

**ကြို့ပင်ကောက် နိုဝင်ဘာ ၁၉**

ပဲခူးတိုင်းဒေသကြီး သာယာဝတီခရိုင် ကြို့ပင်ကောက်မြို့ ရွာမမြောက်ရပ်ကွက်အတွင်းရှိ ဗို့ ၄၀၀ ဓာတ်အားလိုင်းမှ ဆွေးမြည့်သစ်သားတိုင်နှင့် သံတိုင် ၇၂ တိုင်တို့အား ကွန်ကရစ်တိုင်သံလက်တန်းများဖြင့် အစားထိုးလဲလှယ်တပ်ဆင်ခြင်းလုပ်ငန်းအား ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ် တိုင်းဒေသကြီးဘတ်ဂျက်ဖြင့် မြို့နယ်လျှပ်စစ်အင်ဂျင်နီယာ ဦးခင်မောင်မြင့်ဦးဆောင်သော လျှပ်စစ်ဝန်ထမ်းများက ဆောင်ရွက်ခဲ့ရာ နိုဝင်ဘာ ၁၇ ရက်တွင် ကွန်ကရစ်တိုင်များအားလုံး စိုက်ထူပြီးဖြစ်ကြောင်း သိရသည်။ လုပ်ငန်းများအားလုံးပြီးစီးပါက ဓာတ်အားပြတ်တောက်မှုလျော့နည်းပြီး ပြည်သူများလျှပ်စစ်အန္တရာယ်ကင်းရှင်းစေနိုင်မည်ဖြစ်ကြောင်း သိရသည်။

**(၄၉၇)**

# အသက်မွေးဝမ်းကျောင်းအထောက်အကူပြု ပညာပေးသင်တန်းဖွင့်

**မုဒုံ နိုဝင်ဘာ ၁၉**

ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မော်လမြိုင်ခရိုင် မုဒုံမြို့နယ် ဒိုးမားကျေးရွာတွင်ပြုလုပ်သော အသက်မွေးဝမ်းကျောင်း အထောက်အကူပြုပညာပေးသင်တန်းအား နိုဝင်ဘာ ၁၇ ရက်က မွန်ပြည်နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ညွှန်ကြားရေးမှူး ဦးမျိုးကြည်၊ ခရိုင်ဦးစီးမှူး ဦးရဲဝင်း၊ မြို့နယ်ဦးစီးမှူး ဦးမိုးရန်နိုင်နှင့် ဌာနဆိုင်ရာဝန်ထမ်းများ တက်ရောက်ခဲ့သည်။

အဆိုပါသင်တန်းတွင် သင်တန်းသား ၆၅ ဦး တက်ရောက်၍ လက်သမား၊ ပန်းရန်၊ သံချည်သံကွေး၊ သံဂဟေ၊ ဝရိန်အတတ်အပညာ၊ စွပ်ကျယ်တံဆိပ်ရိုက်နည်း၊ ဆပ်ပြာနှင့် ခေါင်းလျှော်ရည်ချက်လုပ်နည်း၊ အကျီပန်းထိုးနည်း၊ မှိုစိုက်ပျိုးနည်း စိုက်ပျိုးရေးနှင့် မွေးမြူရေးပညာရေးသင်တန်းတို့ကို စာတွေ့လက်တွေ့ သင်ကြားပို့ချပေးကြောင်း သိရသည်။

**မင်းသန့်(ကျေးလက်)**

# စစ်ကိုင်းတိုင်းဒေသကြီး ပြည်တွင်းအခွန်များဦးစီးဌာန ကွန်ပျူတာနှင့် ရုံးလုပ်ငန်းအခြေခံသင်တန်းဆင်း

**မုံရွာ နိုဝင်ဘာ ၁၉**

စစ်ကိုင်းတိုင်းဒေသကြီးအတွင်း ပြည်တွင်းအခွန်များဦးစီးဌာနလက်အောက်ရှိဝန်ထမ်းများ လုပ်ငန်းစွမ်းရည်မြင့်မားစေရန်ရည်ရွယ်ပြီး သင်တန်းများဖွင့်လှစ်သင်ကြားပေးလျက်ရှိရာ ကွန်ပျူတာနှင့် ရုံးလုပ်ငန်းအခြေခံသင်တန်းအမှတ်စဉ်(၄) သင်တန်းဆင်းပွဲကို နိုဝင်ဘာ ၁၈ ရက် နံနက် ၉ နာရီခွဲက စစ်ကိုင်းတိုင်းဒေသကြီး မုံရွာမြို့ရှိ တိုင်းဒေသကြီး ပြည်တွင်းအခွန်များဦးစီးဌာနရုံးခန်းမ၌ ကျင်းပခဲ့သည်။

သင်တန်းဆင်းပွဲ အခမ်းအနားတွင် တိုင်းဒေသကြီးအခွန်ဦးစီးဌာနမှူး ဦးကျော်ဇေယျက အဖွင့်အမှာစကားပြောကြားပြီး သင်တန်းတွင် ပထမဆုရရှိသည့် စစ်ကိုင်းမြို့နယ်အခွန်ဦးစီးဌာနမှူးရုံးမှ အငယ်တန်းစာရေး ဒေါ်ဆုရည်မျိုးဝင်းအား ဆုပေးအပ်ချီးမြှင့်ခဲ့သည်။**(အောက်ပုံ)**

အဆိုပါ ကွန်ပျူတာနှင့် ရုံးလုပ်ငန်းအခြေခံသင်တန်း အမှတ်စဉ်(၄) သင်တန်းအား အောက်တိုဘာ ၁၀ ရက်မှ နိုဝင်ဘာ ၁၈ ရက်အထိ ဖွင့်လှစ်သင်ကြားခဲ့ရာ တိုင်းဒေသကြီးအတွင်းရှိ ပြည်တွင်းအခွန်များ ဦးစီးဌာနများမှ သင်တန်းသား သင်တန်းသူ ၂၁ ဦး တက်ရောက်ခဲ့ကြကြောင်း သိရသည်။

**ဖိုးချမ်း(မုံရွာ)**



## ပြည်တွင်းရေးရာ



ရခိုင်ပြည်နယ်ဒေသတွင်း ပြန်လည်နေရာချထားရေးနှင့် လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းကော်မတီ အစည်းအဝေးတွင် ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေး ဆွေးနွေးပြောကြားစဉ်။ (သတင်းစဉ်)

**✻ မောင်တောဒေသမှ**

ယင်းနောက် ရခိုင်ပြည်နယ်ဝန်ကြီးချုပ် ဦးညီပုနှင့် ပြည်နယ်အစိုးရအဖွဲ့ဝင်များ၊ ပြည်နယ်အဆင့် ဌာနဆိုင်ရာများက လုပ်ငန်းဆောင်ရွက်နေမှုများ၊ ကြုံတွေ့ရသော အခက်အခဲများနှင့် လိုအပ်ချက်များကိုတင်ပြကြရာ ပြည်ထောင်စုဝန်ကြီးက ညှိနှိုင်းဆောင်ရွက်ပေးသည်။

ထို့နောက် ရခိုင်ပြည်နယ် လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများ ဆောင်ရွက်ရန်အတွက် ထောက်ပံ့ငွေကျပ် သိန်း ၇၀၀၊ မောင်တောဒေသမီးစက်များ မောင်းနှင်ရန်အတွက် စက်သုံးဆီဘိုး ကျပ် ၂၃၈၂၀၃၀၀ နှင့် မာန်အောင်မြို့နယ်အတွင်း တည်ဆောက်မည့် မုန်တိုင်းဒဏ်ခံ အဆောက်အအုံနှစ်လုံးအတွက် ကျပ် ၂၅၉၁၆၀၀၀၀ တို့ကို ပြည်နယ်အစိုးရအဖွဲ့သို့ ပေးအပ်ရာ တာဝန်ရှိသူများက လက်ခံရယူကြသည်။

အစည်းအဝေးသို့ ရခိုင်ပြည်နယ်ဝန်ကြီးချုပ် ဦးညီပုနှင့် ပြည်နယ်အစိုးရအဖွဲ့ဝင်များ၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန်နှင့် တာဝန်ရှိသူများ၊ ပြည်နယ်အဆင့် ဌာနဆိုင်ရာဝန်ထမ်းများ တက်ရောက်ကြသည်။

**(သတင်းစဉ်)**

**○ ကြံ့ခိုင်မှုမှ**

အဆိုပါ လာရောက်ပူးပေါင်း သင်တန်းပို့ချမှုများကို ဂျပန်နိုင်ငံ ဂျပန်အပြည်ပြည်ဆိုင်ရာပူးပေါင်းဆောင်ရွက်ရေး အေဂျင်စီ (JICA) ၏ အစီအစဉ်တစ်ခုဖြစ်သော JICA Volunteer Program အရ သက်ဆိုင်ရာနယ်ပယ်ကဏ္ဍအလိုက် အတွေ့အကြုံရင့် ကျွမ်းကျင်ပညာရှင်များ စေလွှတ်ကာ လိုအပ်နေသော ကဏ္ဍများတွင် ပူးပေါင်းကူညီဆောင်ရွက်ခြင်းဖြစ်ကြောင်း JICA Myanmar ရုံးမှ သိရသည်။

"JICA Volunteer Program ကို ၂၀၁၃ ခုနှစ်မှာ ရန်ကုန်ဆေးရုံကြီးမှာ စတင်ခဲ့ပါတယ်။ အသက် ၄၀ နဲ့ ၆၃ နှစ်ကြားရှိ အတွေ့အကြုံရင့် ကျွမ်းကျင်သူတွေကို စေလွှတ်တာဖြစ်ပါတယ်။ သက်ဆိုင်ရာကဏ္ဍအလိုက် အခုဆိုရင် ကျန်းမာရေး၊ အားကစား၊ ယဉ်ကျေးမှု၊ စိုက်ပျိုးရေး၊ ကွန်ပျူတာတက္ကသိုလ်၊ ပို့ဆောင်ရေး စတဲ့ ကဏ္ဍအသီးသီးမှာ စုစုပေါင်း ၃၄ ဦး စေလွှတ်ပြီးသွားပါပြီ။ နောက်တစ်ခုထူးခြားတာက နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်ရဲ့ ဂျပန်နိုင်ငံခရီးစဉ်အပြီး သဘောတူညီချက်အရ အသက် ၂၀ ကနေ ၃၉ နှစ်အတွင်း လူငယ် Volunteer တွေ စေလွှတ်ပါမယ်။ ၂၀၁၈ မှာ လွှတ်နိုင်ပါမယ်။ JICA Volunteer Program အရ Volunteer တွေ စေလွှတ်တဲ့အခါ ကာလရှည်အနေနဲ့ နှစ်နှစ် စေလွှတ်ပြီး ကာလတိုအနေနဲ့ တစ်နှစ်အတွင်းကာလပေါ့၊ ၁၀ လ၊ ရှစ်လ၊ ခြောက်လပေါ့။ အခု အားကစားနဲ့ကာယပညာသိပ္ပံမှာ လာရောက်ဆောင်ရွက်နေတဲ့ နည်းပြကြီးက ၂၀၁၆ ဖေဖော်ဝါရီကနေ လာမယ့် ဒီဇင်ဘာအထိ တာဝန်ထမ်းဆောင်မှာပါ" ဟု JICA Myanmar ရုံးမှ JICA Volunteer Program တာဝန်ရှိသူတစ်ဦးက ရှင်းပြသည်။

အားကစားနှင့် ကာယပညာသိပ္ပံ(ရန်ကုန်)တွင် အားကစားကြံ့ခိုင်မှုနည်းပြအဖြစ် လာရောက်တာဝန်ထမ်းဆောင်နေသည့် Mr.Yokokawa Kazuyuki သည် ဂျပန်နိုင်ငံ Sendai တက္ကသိုလ် အားကစားသိပ္ပံဌာန ပါမောက္ခတစ်ဦးဖြစ်ပြီး ကြံ့ခိုင်မှုနည်းပြနှင့် ပြေးခုန်ပစ်နည်းပြအဖြစ်လည်း နိုင်ငံတကာ အတွေ့အကြုံများစွာရှိသူဖြစ်ကြောင်း သိရသည်။ ၎င်း လာရောက်သင်ကြားပြသခဲ့သည့် ကာလတိုအတွင်း သိသာသော တိုးတက်မှုများကို တွေ့မြင်ရကြောင်း အားကစားနှင့်ပညာရေး ပေါင်းစပ်လေ့ကျင့်ရေးသင်တန်းကျောင်း(ရန်ကုန်)မှ ပြေးခုန်ပစ်နည်းပြ ဦးငွေဇော်ဦးက ပြောသည်။

"အားကစားတစ်ခုအောင်မြင်အောင် ကြံ့ခိုင်မှုနဲ့ နည်းပညာလိုအပ်တယ်။ ခန္ဓာကိုယ်ကြံ့ခိုင်မှုအပြင် ပါဝါ၊ ခံနိုင်ရည်အလိုက် လိုက်လျောညီထွေဖြစ်ရမယ့် အချက်တွေ ပါဝင်ပါတယ်။ ကြံ့ခိုင်မှုအတွက် weight training အမျိုးမျိုးရှိပါတယ်။ အားကစားနည်းအလိုက် လိုက်ဖက်တဲ့ လေ့ကျင့်ခန်းတွေကို လုပ်ဖို့လိုအပ်ပါတယ်။ အခု မြန်မာနိုင်ငံကို လာရောက်တဲ့ကာလအတွင်းမှာ နည်းပြသင်တန်း၊ အခြေခံနည်းပညာနဲ့ ခန္ဓာကိုယ်ကြွက်သား လေ့ကျင့်ခန်းသင်တန်း၊ Gym နည်းပြဆရာသင်တန်းတွေ ပေးအပ်ခဲ့ပါတယ်။ အားကစားသမားတွေဟာ ကြံ့ခိုင်မှုနဲ့ သက်လုံကောင်းမွန်လာတာတွေ့ရပါတယ်။ အသက် ၁၃၊ ၁၄၊ ၁၅၊ ၁၆ နှစ် မြန်မာလူငယ်တွေနဲ့ ဂျပန်လူငယ်အားကစားသမားတွေမှာ ဘာကွာခြားလဲဆိုတော့ အသက်အရွယ်နဲ့ ကိုက်ညီတဲ့ လေ့ကျင့်မှုပုံစံတွေကို လေ့ကျင့်စေခြင်းအားဖြင့် လိုအပ်တဲ့ ကြွက်သား ကြံ့ခိုင်မှုတွေ၊ လေ့ကျင့်မှုတွေ ရရှိဖို့ လိုပါတယ်။ ဒီအသက်အရွယ်တွေဟာ ကလေးကနေ လူကြီးကို ပြောင်းတာဖြစ်ပါတယ်။ မြန်မာလူငယ်အားကစားသမားတွေဟာ ထူးချွန်ပါတယ်။ လေ့ကျင့်မှုလွန်ကဲတာဖြစ်လွန်းပါတယ်။ မနက် ၅ နာရီ ကနေ ၇ နာရီ၊ ညနေဆိုရင် ၃ နာရီကနေ ၅ နာရီ လေ့ကျင့်နေရပါတယ်။ ဖွံ့ဖြိုးဆဲအရွယ်မှာ လိုအပ်တာထက် ပိုလုပ်ရတဲ့အတွက် လိုအပ်ချက်တွေ အများကြီးရှိနိုင်ပါတယ်။ အိပ်ချိန်တိုးဖို့၊ အာဟာရပြည့် စားသုံးနိုင်မယ်၊ ထိရောက်တဲ့ လေ့ကျင့်မှုနဲ့ဆိုရင် အများကြီး တိုးတက်နိုင်ပါတယ်။ ဂျပန်မှာတော့ အလယ်တန်းကျောင်းသားအရွယ်တွေကို မနက်ပိုင်းလေ့ကျင့်ခန်း မလုပ်စေဘဲ ညနေပိုင်း ၃ နာရီလောက် လေ့ကျင့်ရင် ပြည့်စုံပါတယ်" ဟု Mr.Yokokawa Kazuyuki က မြန်မာအားကစားသမားများနှင့် ပတ်သက်၍ မှတ်ချက်ပြုသည်။

လက်ရှိ အားကစားနှင့် ပညာရေးပေါင်းစပ်လေ့ကျင့်ရေး သင်တန်းကျောင်းတွင် အားကစားနည်း ၂၅ မျိုး၊ အားကစားသမား (ကျား)- ၃၄၇ ဦး၊ (မ)- ၃၂၁ ဦး စုစုပေါင်း ၆၆၈ ဦးကို လေ့ကျင့်သင်ကြားပေးလျက်ရှိကြောင်း သိရသည်။ ဆက်လက်၍ အစိုးရသစ်လက်ထက် ငါးနှစ်တာကာလအတွင်း JICA Volunteer Program အနေဖြင့် အားကစားကဏ္ဍအပါအဝင် သက်ဆိုင်ရာကဏ္ဍအလိုက် အတွေ့အကြုံရင့် ပညာရှင်များနှင့် ကျွမ်းကျင် လူငယ်များ၏ Volunteer Program များ လာရောက်မည်ဖြစ်ကြောင်း သိရသည်။

**(ဆုနှင်းလဲ့)**

**■ ဆူဖူကီးမှ**

တွေကိုလည်း စိတ်ခတ်နဲ့စည်းလုံးမှုကောင်းအောင် ပြုလုပ်ပေးပြီးပါပြီ။ ရလဒ်ကောင်း ရယူနိုင်အောင် ကြိုးပမ်းမှာဖြစ်ပြီး ပရိသတ်တွေအနေနဲ့ တစ်ခဲနက်အားပေးဖို့ တောင်းဆိုပါတယ်"ဟု ပြောသည်။ ဗီယက်နမ်လက်ရွေးစင်အသင်း နည်းပြချုပ် ငုယင်ဟူသန်က "အိမ်ရှင်အသင်းနဲ့ ယှဉ်ပြိုင်ရမယ့်အဖွင့်ပွဲဟာ အလွန်ကို ခက်ခဲမှာပါ။ သူတို့က လူငယ်အများစုနဲ့ ဖွဲ့စည်းထားပါတယ်။ ဆီမီးဖိုင်နယ်တက်ဖို့ကတော့ အသင်းတိုင်းမှာ မျှော်လင့်ချက်ရှိပါတယ်။ ကျွန်တော်တို့လည်း မျှော်လင့်ထားသလို ကစားသမားတွေအပေါ်မှာလည်း ယုံကြည်မှုအပြည့်ရှိပါတယ်" ဟု ပြောသည်။ မလေးရှားလက်ရွေးစင်အသင်း နည်းပြချုပ် ကင်ဆွီးက "ပွဲစဉ်တိုင်းက ခက်ခဲမှာပါ။ ကမ္ဘောဒီးယားအသင်းက ခြေစစ်ပွဲအောင်အသင်းဆိုပေမယ့် အသင်းကောင်းတစ်သင်းပါ။ ပြိုင်ပွဲမတိုင်ခင်တော့ ဘာမှပြောလို့မရပါဘူး။ အသင်းတိုင်းမှာ အခွင့်အရေးရှိပါတယ်"ဟု ပြောသည်။

**(ရှိုင်းထက်ဇော်)**

**✻ ကျောဖုံးမှ**

အချိန်တွင် စီးပွားရေး၌ မဟာအင်အားကြီး နိုင်ငံတစ်နိုင်ငံ ဖြစ်လာခဲ့သည်။ မြန်မာနိုင်ငံတွင်လည်း အနာဂတ် မြန်မာ့စီးပွားရေးဖွံ့ဖြိုးတိုးတက်ရေးအတွက် သီလဝါ၊ ထားဝယ်နှင့် ကျောက်ဖြူ အထူးစီးပွားရေးဇုန် သုံးခုကို အကောင်အထည်ဖော်လျက်ရှိသည်။ ယင်းတို့အနက် သီလဝါ အထူးစီးပွားရေးဇုန်သည် အနာဂတ်မြန်မာ့စီးပွားရေးအတွက် မောင်းနှင်အားတစ်ခုအဖြစ် ပီပီပြင်ပြင် ရှေ့ဆုံးမှ ထွက်ပေါ်နိုင်ခဲ့သည်။

သီလဝါအထူးစီးပွားရေးဇုန်၏ အားသာချက်များကို လေ့လာကြည့်မည်ဆိုလျှင် တည်နေရာအနေအထား ကောင်းမွန်မှုကလည်း တစ်ကြောင်း ပါဝင်သည်။ စီးပွားရေးမြို့တော် ရန်ကုန်၏ တောင်ပိုင်း ၁၅ မိုင်ခန့်အကွာ သန်လျင်နှင့် ကျောက်တန်းမြို့နယ်အတွင်း၌ တည်ရှိသည့်အတွက် ကုန်သွယ်ရေးကြောင်း၊ လေကြောင်းလမ်းနှင့် လမ်းပန်းဆက်သွယ်ရေး သွားလာမှု လွယ်ကူခြင်းကလည်း အားသာချက်တစ်ခုဖြစ်သည်။

ထို့အတူ ကမ္ဘာ့စီးပွားရေးတွင် စနစ်တကျလုပ်ကိုင်ရာ၌ နာမည်ကြီးဖြစ်သည့် ဂျပန်နိုင်ငံမှ ရင်းနှီးတည်ထောင်သူများနှင့် ပူးပေါင်းတည်ထောင်ဆောင်ရွက်ခြင်းကလည်း အားသာချက်တစ်ခုဖြစ်သည်။ ဂျပန်နိုင်ငံမှ ရင်းနှီးတည်ထောင်သူများသည် ၂၀၁၂ ခုနှစ် နှစ်ဆန်းပိုင်းကတည်းကပင် ပင်မစီမံကိန်းပုံစံရေးဆွဲခြင်း ( Master Plan)၊ ဖြစ်နိုင်ခြေရှိသည့် အခြေခံအဆောက်အအုံနှင့် ဈေးကွက်လေ့လာဆန်းစစ်မှု ( Feasibility Study)၊ ပတ်ဝန်းကျင်ထိခိုက်မှုလေ့လာဆန်းစစ်မှုများ( Environment Impact Assessment)၊ ပြန်လည်နေရာချထားရေး အစီအစဉ် (Resettlement Work Plan)နှင့် အသက်မွေးဝမ်းကျောင်း ပြန်လည်ထူထောင်ရေးအစီအစဉ် ( Income Restoration Program ) များကို စနစ်တကျ ဆောင်ရွက်ပေးခဲ့သည်။

အခြေခံအဆောက်အအုံ တည်ဆောက်ရေးအပိုင်းတွင်လည်း ရေ၊ မီးရရှိရေး၊ လမ်းပန်းဆက်သွယ်မှု ကောင်းမွန်ရေး ၊ အင်တာနက် ရရှိရေးတို့အတွက် ဂျပန်နိုင်ငံက Oversea Development Assistance –ODA Loan များကိုလည်း ပေးခဲ့သည်။

ရေသန့်စင်စက်ရုံ၊ ရေဆိုးသန့်စင်စက်ရုံ၊ လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေး၊ လမ်းနှင့်ရေမြောင်း တည်ဆောက်ခြင်းတို့ကို တာဝန်ယူတည်ဆောက်ပေးခဲ့သည့်အပြင် ဂျပန်နိုင်ငံ DOWA ကုမ္ပဏီကလည်း အမှိုက်သန့်စက်ရုံကို တည်ဆောက်ပေးထားခဲ့သည်။ထိုအခြေခံအဆောက်အအုံများကို ပြည့်စုံစွာ ဖန်တီးဖော်ဆောင်ပေးခြင်းကလည်း သီလဝါ၏ အားသာချက်တစ်ခုဖြစ်သည်။

ထို့ပြင် အဂတိလိုက်စားမှုနှင့် ကြိုးနီစနစ်တို့ ကင်းစင်စေရေးအတွက် မြန်မာ့အထူးစီးပွားရေးဇုန် ဥပဒေအရ သီလဝါအထူးစီးပွားရေးဇုန်အုပ်ချုပ်မှုဆိုင်ရာရုံးတွင် ရင်းနှီးတည်ထောင်သူများအတွက် တစ်နေရာတည်း၌ အလုံးစုံဝန်ဆောင်မှု (One Stop Service Center – OSSC ) ဖွင့်လှစ်ဆောင်ရွက်ပေးနေခြင်းကလည်း သီလဝါ၏ အားသာချက်တစ်ခုဖြစ်နေပြန်သည်။

အဆိုပါ (One Stop Service Center ) တွင် အကောက်ခွန်ဦးစီးဌာန၊ ပြည်တွင်းအခွန်ဦးစီးဌာန၊ ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများဦးစီးဌာန၊ ဗဟိုဘဏ်၊ စက်မှုကြီးကြပ်ရေးနှင့် စစ်ဆေးရေးဦးစီးဌာန၊ ကုန်သွယ်ရေးဦးစီးဌာန၊ လူဝင်မှုကြီးကြပ်ရေးဦးစီးဌာန၊ မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန၊ အလုပ်သမားညွှန်ကြားမှုဦးစီးဌာန၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန စသဖြင့် ဌာန ၁၀ ခုက ကုမ္ပဏီထူထောင်ရေး ၊ နေအိမ်ဆောက်လုပ်ရေး၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေး၊ ပို့ကုန်သွင်းကုန်ကဏ္ဍ၊ ပြည်တွင်းအခွန်၊ ကုန်သွယ်ရေး၊ ရင်းနှီးမြှုပ်နှံသူများ ငွေလွှဲပြောင်းမှု၊ စက်မှုလုပ်ငန်းများစိစစ်ခွင့်ပြုပေးမှု၊ နိုင်ငံခြားသားများနေထိုင်ခွင့် သက်တမ်းတိုးမြှင့်ပေးမှု၊ အလုပ်သမားရေးရာဆိုင်ရာကိစ္စရပ်များကို နိုင်ငံတကာစံနှုန်း (Standard Operational Procedure-SOP) နှင့်အညီ တစ်နေရာတည်းတွင် အလုံးစုံဝန်ဆောင်မှုများ ဆောင်ရွက်ပေးလျက်ရှိသည်။

"အစားအစာနဲ့ ဆေးဝါးထုတ်လုပ်မှုတွေအတွက် FDA Service၊ မော်တော်ယာဉ်လိုင်စင်အတွက် On Call စနစ်တို့နဲ့ လုပ်ဆောင်သွားမှာဖြစ်ပါတယ်။ ရင်းနှီးတည်ထောင်သူတွေအတွက် တိကျတဲ့တာဝန်ယူမှု ( Clear Responsibility)၊ ခန့်မှန်း၍ရသော ယုံကြည်မှုရှိတဲ့ ဝန်ဆောင်မှု ( Favour able ,Predictable , Friendly Investment Climate ) ဖြစ်အောင် ဆောင်ရွက်ပေးနေပါတယ်။ ဒီလို OSSC ဟာ သီလဝါအထူးစီးပွားရေးဇုန်အတွက် ရင်းနှီးမြှုပ်နှံသူတွေရဲ့ ယုံကြည်မှုနဲ့ စိတ်ကျေနပ်မှုကိုရစေမယ့် ပတ်ဝန်းကျင်ကောင်းတစ်ခုကို ဖန်တီးပေးထားတာဖြစ်ပါတယ်"ဟု သီလဝါအထူးစီးပွားရေးဇုန် စီမံခန့်ခွဲမှုကော်မတီ တွဲဖက်အတွင်းရေးမှူး ဒေါက်တာဒေါ်သန်းသန်းသွယ်က ပြောသည်။

ထို့ပြင် ပြီးခဲ့သည့် အောက်တိုဘာလကုန်မှစကာ ပိုမိုကောင်းမွန်သော ဝန်ဆောင်မှုအဖြစ် အွန်လိုင်းလျှောက်ထားဝန်ဆောင်မှု ( Online Application) ကို Myanmarthilawa.gov.mm မှတစ်ဆင့် စတင်ဆောင်ရွက်နိုင်ပြီဖြစ်ကြောင်းလည်း သိရသည်။ ငွေပေးချေသည့် စနစ်များတွင်လည်း Cashless Environment ဖြစ်အောင် ဆောင်ရွက်ပေးထားပြီး ကနဦးအနေဖြင့် CB ဘဏ်၊ကမ္ဘောဇဘဏ်နှင့် ရောဝတီဘဏ်တို့နှင့်လည်း ချိတ်ဆက်ဆောင်ရွက်နိုင်မည်ဖြစ်သည်။

"ပြောင်းလဲတိုးတက်လာတာတစ်ခုက ပို့ကုန်၊ သွင်းကုန်ဆိုင်ရာ ကိစ္စတွေမှာ အကောက်ခွန်ဦးစီးဌာနအနေနဲ့ Myanmar Automatic Cargo Clearance System ( MACCS ) ကို နိုဝင်ဘာ ၁၂ ရက်က စတင်ဝန်ဆောင်မှုပေးလိုက်ပါပြီ။ အင်တာနက်ကတစ်ဆင့် ဆောင်ရွက်နိုင်တာဖြစ်တဲ့အတွက် ဒီကိစ္စနဲ့ဆိုရင် OSSC ကိုတောင် လာစရာမလိုတော့ပါဘူး " ဟု ဒေါက်တာဒေါ်သန်းသန်းသွယ်က ဆိုသည်။

၂၀၁၅ ခုနစ် စက်တင်ဘာ ၂၃ ရက်တွင် လုပ်ငန်းစတင်ခဲ့သော သီလဝါအထူးစီးပွားရေးဇုန်သည် ထိုသို့သော အားသာချက်များကြောင့် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုများကို ပိုမိုဆွဲဆောင်နိုင်ခဲ့ရာ ယခုဆိုလျှင် ရင်းနှီးမြှုပ်နှံမှုပမာဏ အမေရိကန်ဒေါ်လာ ၈၉၆ သန်းကျော်ရှိနေပြီဖြစ်သည်။ အမေရိကန်၊ ဆွီဒင်၊ ဂျပန်၊ တရုတ်၊ ကိုရီးယား၊ ဩစတြေးလျနှင့် အရှေ့တောင်အာရှနိုင်ငံများအပါအဝင် နိုင်ငံပေါင်း ၁၅ နိုင်ငံမှ ကုမ္ပဏီ ၇၄ ခု ရင်းနှီးမြှုပ်နှံခွင့်ပြုထားသည်။ လက်ရှိကာလတွင် စက်ရုံ ၁၉ ရုံ လုပ်ငန်းလည်ပတ်နေပြီး ၄၄ ရုံမှာ တည်ဆောက်လျက်ရှိသည်။

ထိုလည်ပတ်နေသော စက်ရုံများတွင် သန်လျင်ကျောက်တန်းဒေသမှ ဒေသခံများ အပါအဝင် လုပ်သားအင်အား သုံးထောင်ကျော် အလုပ်အကိုင်အခွင့်အလမ်းများ ရရှိနေပြီဖြစ်ကြောင်း သိရသည်။

"ဒီဇုန်ကြီးမှာ နိုင်ငံတကာက ပြန်ရောက်ပြီး လာရောက်အလုပ်လုပ်ကိုင်နေတဲ့ မြန်မာပညာရှင်တွေရှိသလို ပြန်ပြောင်းရွှေ့လာတဲ့ အထွေထွေလုပ်သားတွေ (Returned Migrants ) လည်း ရှိပါတယ်" ဟု ဒေါက်တာဒေါ်သန်းသန်းသွယ်က ပြောသည်။

သီလဝါအထူးစီးပွားရေးဇုန် စီမံကိန်းသည် ဟက်တာ ၂၄၀၀ ကျယ်ဝန်းသည်။ စီမံကိန်း အပိုင်း(က) တွင် ပါဝင်သည့် ၃၉၆ ဟက်တာအနက် ၂၁၁ ဟက်တာမှာ ပထမအဆင့်အဖြစ် အကောင်အထည်ဖော်ပြီးစီးခဲ့ပြီဖြစ်သည်။ ဒုတိယအဆင့် (Zone-B ) အဖြစ် ၁၀၁ ဟက်တာကို ဆက်လက်တိုးချဲ့လုပ်ဆောင်ရန် ပြီးခဲ့သည့် အောက်တိုဘာ ၂၀ ရက်က မြန်မာ-ဂျပန်နှစ်နိုင်ငံ သဘောတူစာချုပ် လက်မှတ်ရေးထိုးခဲ့သည်။ (Zone-B )အတွက် မြေယာလျော်ကြေး၊ ပြန်လည်နေရာချထားရေး အစီအစဉ်များကို ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့က ဦးဆောင်ပြီး နိုင်ငံတကာစည်းမျဉ်း၊စည်းကမ်းများနှင့်အညီ ဆောင်ရွက်ရန် ဂျပန်အပြည်ပြည်ဆိုင်ရာပူးပေါင်းဆောင်ရွက်ရေးအေဂျင်စီ (JICA) မှ ပညာရှင်များနှင့် ပူးပေါင်းစီစဉ်လျက်ရှိသည်။

ဒုတိယအဆင့် (Zone-B)ကို ဆက်လက်အကောင်အထည်ဖော်ခြင်းအားဖြင့် ဒေသခံပြည်သူများအတွက် နည်းပညာ၊ အလုပ်အကိုင်အခွင့်အလမ်းများကို လက်တွေ့ဖန်တီးပေးနေသည့် သီလဝါအထူးစီးပွားရေးဇုန်ကြီးသည် အခြားနိုင်ငံတကာ အထူးစီးပွားရေးဇုန်များ၏ အင်္ဂါရပ်များနှင့်အညီ ပိုမိုအားကောင်းသည့် အရှိန်အဟုန်ဖြင့် ပီပီပြင်ပြင်ရုပ်လုံးပေါ်တော့မည်ဖြစ်သည်။သီလဝါအထူးစီးပွားရေးဇုန်၏ လက်ရှိအောင်မြင်မှုနှင့်အတူ ထားဝယ်နှင့်ကျောက်ဖြူ အထူးစီးပွားရေးဇုန်များကလည်း သက်ဝင်လိုက်ပါလှုပ်ရှားလာပါက မြန်မာ့အထူးစီးပွားရေးဇုန်အင်ဂျင်များ၏ အကူအညီဖြင့် အနာဂတ် မြန်မာ့စီးပွားရေးသည်လည်း ဖွံ့ဖြိုးတိုးတက်မှုအရှေ့တစ်ခုဆီသို့ မြန်နှုန်းမြင့် ဦးတည်ရောက်ရှိနိုင်မည်ဖြစ်ပါကြောင်း------------။

**နန္ဒာဝင်း၊ ဓာတ်ပုံ- ဇော်မင်းလတ်**

# နိုင်ငံတကာအဖွဲ့အစည်းများက မောင်တောဒေသသို့ လူသားချင်းစာနာထောက်ထားမှုအကူအညီများ ထောက်ပံ့ပေးလျက်ရှိ




**နေပြည်တော် နိုဝင်ဘာ ၁၉**

နိုင်ငံတကာအဖွဲ့အစည်းများက မောင်တောဒေသသို့ လူသားချင်း စာနာထောက်ထားမှုအကူအညီများ ထောက်ပံ့ပေးလျက်ရှိပြီး ယင်းထောက်ပံ့မှုများကို WFP ဒေသခံဝန်ထမ်းများက သတ်မှတ်နယ်မြေအလိုက် ဖြန့်ဖြူးပို့ဆောင်ပေးလျက်ရှိကြောင်း နိုင်ငံတော်အတိုင်ပင်ခံရုံး သတင်းထုတ်ပြန်ရေးကော်မတီမှ သတင်းထုတ်ပြန်ထားသည်။

ကမ္ဘာ့စားနပ်ရိက္ခာအစီအစဉ် WFP မှ နိုဝင်ဘာ ၄ ရက်မှ နိုဝင်ဘာ ၁၅ ရက်အထိ ဆန် ၂၀၂ ဒသမ ၃၀၈ တန်၊ ပဲ ၂၅ ဒသမ ၀၁၃ တန်၊ ဆီ ၄ ဒသမ ၂၁၇ တန်၊ ဆား ၂ ဒသမ ၃၇၄ တန်၊ ဘီစကွတ် ၃၅၁ ဒသမ ၂၈၆ တန်နှင့် အာဟာရမုန့် တန် ၂၀၀ ထောက်ပံ့ပေးခဲ့ကြောင်း၊ အကြမ်းဖက်တိုက်ခိုက်မှုများ ဖြစ်ပွားခဲ့သော ကြက်ရိုးပြင်၊ ငါးစားကြူးနှင့် ပြောင်ပိုက်ကျေးရွာများသို့ ၂၀၁၆ ခုနှစ် နိုဝင်ဘာ ၈ ရက်တွင် လည်းကောင်း၊ ဝါးပိတ်ကျေးရွာသို့ နိုဝင်ဘာ ၉ ရက်နှင့် ၁၀ ရက်တွင်လည်းကောင်း လူသားချင်း စာနာထောက်ထားမှုအကူအညီများ ပေးပို့ဖြန့်ဖြူးခဲ့ရာ ဆန် ၁၀၁၁ အိတ်နှင့် ၄၈ ပြည်၊ ပဲ ၈၉ အိတ်၊ ဆီ ၃၆၈၈ လီတာ၊ ဆား ၃၉၄ ပိဿာနှင့် အခြားအာဟာရဖြည့်စွက်စားနပ်ရိက္ခာများ ထောက်ပံ့ကူညီခဲ့ကြောင်း၊ အလားတူ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနနှင့် ပြည်နယ်အစိုးရတို့မှလည်း စားနပ်ရိက္ခာများ ပံ့ပိုးကူညီလျက်ရှိကြောင်း ထုတ်ပြန်ထားသည်။

အဆိုပါထောက်ပံ့ကူညီလျက်ရှိသော လူသားချင်း စာနာထောက်ထားမှု အကူအညီများအား ထိထိရောက်ရောက် ဖြန့်ခွဲပို့ဆောင်နိုင်ရေး တိုးမြှင့်ဆောင်ရွက်သွားမည်ဖြစ်ကြောင်းလည်း ထုတ်ပြန်ချက်တွင်ဖော်ပြထားသည်။

**(သတင်းစဉ်)**

# ရခိုင်ပြည်နယ်အတွင်း ဒေသန္တရရဲတပ်ဖွဲ့ ဖွဲ့စည်းထားခြင်းမရှိကြောင်း ပြည်ထဲရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးပြောကြား


ပြည်ထဲရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်ချုပ်အောင်စိုး

**နေပြည်တော် နိုဝင်ဘာ ၁၉**

ရခိုင်ပြည်နယ်အတွင်း ဒေသန္တရရဲတပ်ဖွဲ့ ဖွဲ့စည်းခြင်းနှင့် ပတ်သက်သည့် သတင်းထွက်ပေါ်နေမှုမှာ မှားယွင်းကြောင်း နိုဝင်ဘာ ၁၈ ရက်က ကျင်းပခဲ့သည့် ရခိုင်ပြည်နယ် တည်ငြိမ်အေးချမ်းမှုနှင့် ဖွံ့ဖြိုးမှုတိုးတက်ရေး အကောင်အထည်ဖော်ရေး ဗဟိုကော်မတီ လုပ်ငန်းညှိနှိုင်း အစည်းအဝေး အမှတ်စဉ် (၃/၂၀၁၆) တွင် ပြည်ထဲရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်ချုပ်အောင်စိုးက ရှင်းလင်းပြောကြားသည်။

ထို့ပြင် ရခိုင်ပြည်နယ်သာမက အခြားတိုင်းဒေသကြီးနှင့် ပြည်နယ်များတွင်လည်း ဒေသန္တရရဲတပ်ဖွဲ့ဟူ၍ ဖွဲ့စည်းရန် မရှိကြောင်း၊ မြန်မာနိုင်ငံတစ်ဝန်း ရဲတပ်ဖွဲ့ဝင်အင်အားဖြည့်တင်းရန်ရည်ရွယ်၍ တိုင်းဒေသကြီးနှင့် ပြည်နယ် ခုနစ်ခုတွင် မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင် ရဲတပ်သားအသစ်များ စုဆောင်းနိုင်ရေး ဆောင်ရွက်ရန်သာရှိကြောင်းလည်း ဒုတိယဝန်ကြီးက ဆက်လက်ပြောကြားခဲ့သည်။

**(သတင်းစဉ်)**

# မတ္တရာ၌ မိုးစပါးစံကွက်ရိတ်သိမ်း

**မတ္တရာ နိုဝင်ဘာ ၁၉**

မန္တလေးတိုင်းဒေသကြီး ပြင်ဦးလွင်ခရိုင် မတ္တရာမြို့နယ် လက်ကျောင်းကြီးကျေးရွာအုပ်စု ကွင်းအမှတ်(၂၂၉)(စ) မြို့ဆိုးကုန်းကွင်း ဦးပိုင်အမှတ် (၆၃)၊ ဧရိယာ ၃ ဒသမ ၀၁ ဧကရှိ တောင်သူ ဒေါ်မြင့်မြင့်သော်၏ ရွှေသွယ်ရင်စပါးမျိုးစံကွက်နှင့် ဦးပိုင်အမှတ် (၇၄)၊ ဧရိယာ ၇ ဒသမ ၇၃ ဧကရှိတောင်သူ ဒေါ်အေးအေးခိုင်၏ ရွှေသွယ်ရင်စပါးမျိုး စံကွက်တွင် နိုဝင်ဘာ ၁၈ ရက် နံနက် ၉ နာရီက စံကွက်ရိတ်သိမ်းစစ်ဆေးခဲ့သည်။

စံကွက်ရိတ်သိမ်းပွဲသို့ မန္တလေးတိုင်းဒေသကြီး လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာန ဒုတိယတိုင်းဦးစီးမှူး ဦးမြတ်သုဝေ၊ မတ္တရာမြို့နယ် လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့မှ ဦးတင်ထွန်း၊ ဦးသိန်းမြင့်ထွန်း၊ ဦးဇော်လင်းသိန်း၊ လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာနနှင့် စိုက်ပျိုးရေးဦးစီးဌာနမှ ဝန်ထမ်းများ၊ ကျေးရွာအုပ်ချုပ်ရေးမှူးများနှင့် အနီးဝန်းကျင်မှ ဒေသခံတောင်သူများ တက်ရောက်ကြသည်။

စံကွက်ရိတ်သိမ်းရာ ဒေါ်မြင့်မြင့်သော်၏ ရွှေသွယ်ရင်စံကွက်မှ စပါးအစိုထွက်နှုန်း ၁၁၃ ဒသမ ၈၉ တင်း ထွက်ရှိကြောင်းနှင့် ဒေါ်အေးအေးခိုင်၏ ရွှေသွယ်ရင်စံကွက်မှ စပါးအထွက်နှုန်း ၉၃ ဒသမ ၅၆ တင်း ထွက်ရှိကြောင်း သိရသည်။ **(မြို့နယ်ပြန်/ဆက်)**

# သာသနာရေးစိစစ်ရေးကတ်ပြား ဆက်ကပ်

**နောင်ချို နိုဝင်ဘာ ၁၉**

ရှမ်းပြည်နယ်(မြောက်ပိုင်း) ကျောက်မဲခရိုင် နောင်ချိုမြို့နယ် တောင်ရပ်ကွက် ဟော်တော်ဘုန်းတော်ကြီးကျောင်းတွင် နိုဝင်ဘာ ၁၆ ရက်က မြို့ပေါ်ရပ်ကွက်အသီးသီးရှိ ဘုန်းတော်ကြီးကျောင်းပေါင်း ၁၈ ကျောင်းမှ ရဟန်း ၂၀ ပါး၊ သာမဏေ ၃၄ ပါးနှင့် သီလရှင် ၄၂ ပါး စုစုပေါင်း ၉၇ ပါးအား သာသနာဝင်/နွယ်ဝင် စိစစ်ရေးကတ်ပြားများ ဆက်ကပ်ခဲ့သည်။

အဆိုပါ ဆက်ကပ်ပွဲအား ဒုတိယခရိုင်ဦးစီးမှူး အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ကျောက်မဲခရိုင်မှ လက်ထောက်ညွှန်ကြားရေးမှူး ဦးလှမြင့်၊ မြို့နယ်အုပ်ချုပ်ရေးမှူးရုံးမှ ဝန်ထမ်းများ၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ရုံးမှ ဝန်ထမ်းများ၊ မြို့ပေါ်(၆)ရပ်ကွက်မှ အုပ်ချုပ်ရေးမှူးများ တက်ရောက်ခဲ့ကြသည်။ သာသနာဝင်/နွယ်ဝင် စိစစ်ရေးကတ်ပြားများအား(ONE STOP SERVICE)ဖြင့် နေ့ချင်းပြီးဆောင်ရွက်၍ ဆက်ကပ်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

**(ပြန်/ဆက်)**

# မောင်တောမြို့၌ ပြည်ပပို့ကုန်ရေချိုပုစွန်ကုန်သွယ်မှု ပုံမှန်ပြန်ဖြစ်ရန်လုပ်ငန်းရှင်များ မျှော်လင့်

**ရန်ကုန် နိုဝင်ဘာ ၁၉**

ရခိုင်ပြည်နယ် မောင်တောမြို့၏ ရေချိုပုစွန်ဈေးကွက်မှာ လတ်တလော နယ်စပ်ဂိတ်များ ပိတ်ထားခြင်းကြောင့် ပြည်ပသို့တင်ပို့ရန် အခက်တွေ့နေသဖြင့် ပုံမှန်ပြန်ဖြစ်ရန် မျှော်လင့်နေကြကြောင်း မောင်တောမြို့ ရေချိုပုစွန်ရောင်းဝယ်ရေးဈေးကွက်မှ သိရသည်။

မောင်တောမြို့ အနီးဝန်းကျင်ဒေသများမှ ထွက်ရှိသော မွေးမြူရေးနှင့် ပင်လယ်ရေချိုပုစွန်များကို ဘင်္ဂလားဒေ့ရှ်နိုင်ငံက နှစ်စဉ်အများဆုံးဝယ်ယူလျက်ရှိရာ လွန်ခဲ့သည့်လ အကြမ်းဖက်မှုဖြစ်စဉ်ကြောင့် နယ်စပ်ဂိတ်မှာ ယနေ့အချိန်ထိပိတ်ထားဆဲဖြစ်၍ ရေချိုပုစွန်မွေးမြူရေးလုပ်ငန်းရှင်များနှင့် ကုန်သွယ်ရောင်းဝယ်သူများထိခိုက်လျက်ရှိပြီး ပုံမှန်အခြေအနေသို့ ပြန်လည်ရောက်ရှိရန် စိန်ခေါ်မှုတစ်ရပ်အဖြစ် ရင်ဆိုင်နေရကြောင်း သိရသည်။

"မောင်တောဒေသကထွက်တဲ့ ရေချိုပုစွန်ကို ဘင်္ဂလားဒေ့ရှ်နိုင်ငံက တစ်နှစ်ထက်တစ်နှစ် ပိဿာချိန် ပိုတိုးပြီး ဝယ်ယူနေပါတယ်။ အခုဆိုရင် နှစ်နိုင်ငံ နယ်စပ်ဂိတ်တွေ ပိတ်ထားတော့ ရေချိုပုစွန်နဲ့ အခြားကုန်စည်တွေလည်း လုံးဝတင်ပို့လို့မရပါဘူး။ တကယ်တော့ ဒီနယ်စပ်ဂိတ်ဖွင့်မှ ရေထွက်ကုန်ပစ္စည်းအပါအဝင် နှစ်နိုင်ငံကုန်သွယ်စီးဆင်း ရောင်းဝယ်ဖောက်ကားမှုက အဆင်ပြေမှာပါ။ တကယ်တော့ အခုလိုဖြစ်တာ ဘယ်သူ့အတွက်မှလည်း အကျိုးမရှိပါဘူး။ ကျွန်တော်တို့က အေးအေးချမ်းချမ်းနဲ့ လုပ်ကိုင်စားသောက်ချင်တာပါ"ဟု မောင်တောမြို့ မြို့မတောင်ရပ်ကွက် ပုစွန်ရောင်းဝယ်ရေးဒိုင်ပိုင်ရှင် ဦးအာနူပါ(ရ်)က ပြောသည်။

မောင်တောမြို့တွင် ပြီးခဲ့သည့်နှစ်က နယ်စပ်ကုန်သွယ်ရေးလမ်းမှ ရေချိုပုစွန်ထုတ်လုပ်ရောင်းချမှုမှာ တန်ချိန် ၂၈၆ တန်ကျော်ရှိခဲ့ပြီး အမေရိကန်ဒေါ်လာ နှစ်သန်းဝန်းကျင်အထိရရှိခဲ့သည်။ အလားတူ ရွှံ့ကဏန်း၊ ရေချိုငါးနှင့် ငါးခြောက်မျိုးစုံအပါအဝင် ရေထွက်ပစ္စည်းများကို တင်ပို့ရောင်းချခဲ့ရာ ဝင်ငွေ အမေရိကန်ဒေါ်လာ ၄ ဒသမ ၃ သန်းဝန်းကျင်အထိ ရရှိခဲ့ကြောင်း ခရိုင်ငါးလုပ်ငန်းဦးစီးဌာနမှ သိရသည်။ ယခုအခါ မောင်တောမြို့ ရေချိုပုစွန်မွေးမြူရေးလုပ်ငန်းအောက်တွင် ရေချိုပုစွန်မွေးမြူသည့် ဧကတစ်သောင်းခွဲဝန်းကျင်ရှိပြီး လွန်ခဲ့သည့်လ အကြမ်းဖက်မှုဖြစ်စဉ်မတိုင်မီအထိ မောင်တောမြို့ပေါ် ပုစွန်ဒိုင်များသို့ တစ်နေ့ပိဿာချိန် ထောင်ချီဝင်ခဲ့သော်လည်း ယခုနောက်ပိုင်းတွင် ထက်ဝက်နီးပါးသာ ဝင်ရောက်မှုရှိကြောင်း သိရသည်။


မောင်တောမြို့နယ်အတွင်း ထွက်ရှိသော ရေချိုပုစွန်များကို ပြည်တွင်းဈေးကွက်သို့ ဖြန့်ဖြူးရန် ပြင်ဆင်နေစဉ်။

"မောင်တောရေချိုပုစွန်ထွက်ရှိမှုက အရင်က တော်တော်များများ ထွက်ပါတယ်။ ကျွန်တော့်ဒိုင်ဆို တစ်နေ့ပိဿာချိန် မရဘူးဆိုရင် အနည်းဆုံး တစ်ထောင်ဝန်းကျင်တော့ရတယ်။ အခုနောက်ပိုင်း မြို့ပေါ်မှာလည်း နည်းနည်းအေးချမ်းသွားပြီဆိုတော့ အရောင်းအဝယ် ပြန်သွက်လာပါပြီ။ တင်ပို့မှုအပိုင်းမှာတော့ ပြည်တွင်းမှာက စစ်တွေဘက်ကိုပဲ ပို့နေရပါတယ်။ ပြည်ပဘက်ကတော့ ဘယ်တော့ပြန်ဖွင့်မလဲ စောင့်ကြည့်ရဦးမှာပါ"ဟု မောင်တောမြို့ရှိ ရေချိုပုစွန် ရောင်းဝယ်ရေးလုပ်ငန်းရှင်တစ်ဦးက ပြောသည်။

မောင်တောမြို့နယ်၌ မောင်နီ၊ ပန်းတောပြင်၊ သရေကုန်းတန်း၊ မြို့သူကြီး၊ အလယ်သံကျော်နှင့် ရွှေဇာပေါင်းဇာစသည့်ကျေးရွာများတွင် ရေချိုပုစွန်အများဆုံး မွေးမြူလျက်ရှိပြီး တစ်ပိုင်တစ်နိုင်လုပ်ငန်းရှင်များက ဧကတစ်သောင်းကျော် မွေးမြူလုပ်ကိုင်လျက်ရှိကြောင်း သိရသည်။

မောင်တောခရိုင်တောင်ပိုင်း အလယ်သံကျော်ကျေးရွာမှ ရေချိုပုစွန်မွေးမြူရေးလုပ်ငန်းရှင် ဦးဟာဒင်နာက "ပုစွန်မဖော်တာ ကြာသွားပါပြီ။ ကျွန်တော်က ရေချိုပုစွန် သုံးဧက မွေးမြူထားပါတယ်။ ဒီလကုန်လောက် နယ်စပ်ဂိတ်ပြန်ဖွင့်ရင်တော့ ဖော်ဖြစ်မှာပါ။ ပြန်ဖွင့်မယ်လို့လည်း ထင်ပါတယ်။ မြို့ပေါ်တွေနဲ့ ကျေးရွာတော်တော်များများမှာ တည်ငြိမ်နေပြီး လုပ်ငန်းကိုယ်စီ လုပ်ကိုင်နေကြတာ တွေ့ရပါတယ်။ မနေ့ကတောင် မောင်တောမြို့ပေါ်ကို ရောက်ဖြစ်ခဲ့ပါသေးတယ်။ အရင်လောက်မစည်ကားသေးပေမယ့် ဈေးရောင်း၊ ဈေးဝယ်တွေများလာတာတွေ့ရပါတယ်"ဟု ဆိုသည်။

မောင်တောခရိုင် ငါးလုပ်ငန်းဦးစီးဌာနသည် အလယ်သံကျော်ကျေးရွာ၌ ရေချိုပုစွန်သားဖောက်စခန်း ဖွင့်လှစ်ပေးထားကာ သားဖောက်ပေးလျက်ရှိပြီး လုပ်ငန်းတိုးချဲ့မှုအနေဖြင့် ရေချိုပုစွန်သားဖောက်စခန်းများကို ထပ်မံတိုးချဲ့ဖွင့်လှစ်ရန် စီစဉ်လျက်ရှိသည်။ ယခုလက်ရှိ ရေချိုပုစွန်မွေးမြူလုပ်ကိုင်နေသော လုပ်ငန်းရှင်မှာ ၆၀ ကျော်ရှိပြီး မြို့နယ်တစ်ဝန်းလွှမ်းခြုံပါက တစ်နေ့ရေချိုပုစွန် ပြည်ပတင်ပို့မှုမှာ ၁၀ တန်ဝန်းကျင် တင်ပို့ရောင်းချလျက်ရှိကြောင်း သိရသည်။

**သတင်း- မောင်စိန်လွင်နှင့်အဖွဲ့**
**ဓာတ်ပုံ- မင်းထက်၊ ဖိုးထောင်**

# ယခုနှစ်ဩဂုတ်လအထိ ယာဉ်မတော်တဆမှု ၁၀၃၁၉ ကြိမ် ဖြစ်ပွားခဲ့ပြီး ၅၁ ဒသမ ၄၆ ရာခိုင်နှုန်းမှာ မော်တော်ဆိုင်ကယ်ကြောင့်ဖြစ်

**နေပြည်တော် နိုဝင်ဘာ ၁၉**

မြန်မာတစ်နိုင်ငံလုံးအတိုင်းအတာဖြင့် ယခုနှစ် ဇန်နဝါရီလမှ ဩဂုတ်လအထိ ယာဉ်မတော်တဆမှု ၁၀၃၁၉ ကြိမ် ဖြစ်ပွားခဲ့ရာ အကြိမ်ပေါင်း ၅၃၁၀ မှာ မော်တော်ဆိုင်ကယ်ကြောင့်ဖြစ်ကြောင်း၊ ယာဉ်မတော်တဆမှု များ အားလုံး၏ ၅၁ ဒသမ ၄၆ ရာခိုင်နှုန်းထိရှိကြောင်း၊ ယာဉ်မတော်တဆမှုကြောင့် ထိခိုက်ဒဏ်ရာရရှိသူ ၁၆၇၅၅ ဦးတွင် မော်တော်ဆိုင်ကယ်ကြောင့် ထိခိုက်ဒဏ်ရာရရှိသူ ၈၇၁၂ ဦးရှိကာ ထိခိုက်ဒဏ်ရာရရှိသူအားလုံး၏ ၅၂ ရာခိုင်နှုန်းရှိကြောင်း၊ ယာဉ်မတော်တဆမှုကြောင့် သေဆုံး သူ ၃၀၃၄ ဦးရှိကာ သေဆုံးသူ ၁၃၇၉ ဦးမှာ မော်တော်ဆိုင်ကယ်မတော်တဆမှုကြောင့်ဖြစ်ပြီး သေဆုံးသူအားလုံး၏ ၄၅ ဒသမ ၄၂ ရာခိုင်နှုန်းရှိကြောင်း ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးကျော်မျိုးက ပြောသည်။

ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် တတိယပုံမှန်အစည်းအဝေး ဒုတိယနေ့တွင် ရွှေပြည်သာ မဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးညဏ်လင်း၏ ရွှေပြည်သာ၊ လှိုင်သာယာ အစရှိသော မြို့သစ်များနှင့် ယာဉ်ကြောပိတ်ဆို့မှုမရှိသော မြို့နယ်များတွင် မော်တော်ဆိုင်ကယ် စီးနင်းခွင့်ပြုရန်နှင့် သက်ဆိုင်ရာ မြို့နယ်အလိုက် မော်တော်ဆိုင်ကယ်လိုင်စင်များ ပြုလုပ်ပေးရန် အစီအစဉ်ရှိ၊ မရှိနှင့် စပ်လျဉ်းသော ကြယ်ပွင့်ပြမေးခွန်းကို ဒုတိယဝန်ကြီးက ယခုကဲ့သို့ ပြောကြားခြင်းဖြစ်သည်။

ရန်ကုန်တိုင်းဒေသကြီးအတွင်း မော်တော်ယာဉ်၊ မော်တော်ဆိုင်ကယ် စီးရေများပြားလာခြင်း၊ ယာဉ်များ စည်းကမ်းတကျ မောင်းနှင်မှုမရှိခြင်း၊ ပြိုင်မောင်းခြင်းကြောင့် ယာဉ်မတော်တဆမှုများပြားလာသဖြင့် လမ်းအသုံးပြုသူများ သွားလာမှုချောမွေ့စေရေး၊ ယာဉ်မတော်တဆမှုလျော့ကျရေးအတွက် ၁-၄-၁၉၉၉ ခုနှစ်မှစ၍ မော်တော်ဆိုင်ကယ်များအား ရန်ကုန်စည်ပင်သာယာရေးနယ်နိမိတ်အတွင်း မှတ်ပုံတင်ခွင့်မပြုရန် ရန်ကုန်တိုင်းဒေသကြီး ယာဉ်စည်းကမ်းထိန်းသိမ်းရေးကြီးကြပ်မှုကော်မတီ၏ ညွှန်ကြားချက်အရ ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနအနေဖြင့် ရန်ကုန်စည်ပင်သာယာရေးနယ်နိမိတ်အတွင်း မော်တော်ဆိုင်ကယ်များအား မှတ်ပုံတင်ခွင့်မပြုခဲ့ခြင်းဖြစ်ကြောင်း ၎င်းက ဆိုသည်။ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနအနေဖြင့် ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့၏ သဘောထားနှင့်အညီ ထုတ်ပြန်ထားသော အမိန့်၊ ညွှန်ကြားချက်များကို အကောင်အထည်ဖော်ဆောင်ရွက်ရန် ပူးပေါင်းဆောင်ရွက်မည်ဖြစ်ပြီး ပြည်သူများ ဘေးအန္တရာယ်ဖြစ်စေနိုင်သဖြင့် လတ်တလောအခြေအနေတွင် မော်တော်ဆိုင်ကယ်စီးနင်းမှုအား ခွင့်ပြုပေးနိုင်ခြင်းမရှိပါကြောင်း ၎င်းက ဆက်လက်ပြောကြားသည်။



ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးညဏ်လင်း။



ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးဇေယျာသော်။

အဆိုရှင် ရွှေပြည်သာမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးညဏ်လင်းက "ကျွန်တော် ဒီအဆိုကို ပြည်သူအများစုရဲ့ဆန္ဒအရ တင်သွင်းခဲ့ခြင်းဖြစ်ပါတယ်။ လိုင်စင်မဲ့ မော်တော်ဆိုင်ကယ်တွေကို ခွင့်ပြုလို့ရတဲ့ မြို့နယ်တွေမှာ တရားဝင်လိုင်စင်ထုတ်ပေးလိုက်ရင် ယာဉ်မတော်တဆမှုတွေ၊ လုယက်မှုတွေ လျော့နည်းသွားပြီး အခြေခံလူတန်းစားတွေရဲ့ သွားလာမှုအဆင်ပြေလာမယ်လို့ ယုံကြည်ပါတယ်။ တကယ်တော့ ယာဉ်တိုက်မှုတွေများနေတာ တရားဝင်ခွင့်ပြုချက်မပေးတာကြောင့်လို့ ကျွန်တော်ကတော့ မြင်တယ်။ အာဆီယံနိုင်ငံတွေ၊ တောင်အာရှ နိုင်ငံတွေ၊ ဥရောပနိုင်ငံတွေရဲ့မြို့တော်တွေမှာ မော်တော်ဆိုင်ကယ်စီးနင်းခွင့်ရှိပါတယ်လို့ အဲဒီနိုင်ငံတွေကို ရောက်ဖူးတဲ့ ကျွန်တော့်မိတ်ဆွေ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်တွေက ပြောပါတယ်။ ဒါကြောင့် ဆိုင်ကယ်စီးနင်းခွင့်ပြုခြင်းနဲ့ ယာဉ်တိုက်မှုများခြင်းက မသက်ဆိုင်ဘူးလို့ ကျွန်တော်ကတော့ ယုံကြည်တယ်။ ယာဉ်တိုက်မှုများတယ်ဆိုတာ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းကို ယာဉ်မောင်းသူတွေ၊ ယာဉ်၊ မော်တော်ဆိုင်ကယ်ရဲ့ ကြံ့ခိုင်မှုကို သေချာမစစ်ဆေးလို့ဖြစ်တာလို့ ကျွန်တော်မြင်ပါတယ်။ ယာဉ်တိုက်မှုတွေ လျော့ပါးအောင်လုပ်မယ်ဆိုရင် ဆိုင်ကယ်တွေကိုလည်း စနစ်တကျ တရားဝင် စီးနင်းခွင့်ပေးရမယ်။ ဆိုင်ကယ်တွေရဲ့ ကြံ့ခိုင်မှုကိုလည်း တရားဝင် မှန်မှန်ကန်ကန် စစ်ဆေးပေးရမယ်။ ဒီလိုဆောင်ရွက်မယ်ဆိုရင် ယာဉ်တိုက်မှုတွေ လျော့နည်းသွားမယ်လို့ ကျွန်တော် ယုံကြည်ပါတယ်"ဟု ပြောကြားသည်။

ထို့အတူ ဇမ္ဗူသီရိမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးဇေယျာသော်က "ကျွန်တော်ပြောချင်တာ အပိုင်းနှစ်ပိုင်းရှိပါတယ်။ ရွှေပြည်သာ လွှတ်တော် ကိုယ်စားလှယ်ကြီးက အခြားနိုင်ငံတွေနဲ့ ဥပမာနှိုင်းယှဉ်ပြီး ပြောသွားတာလည်း ကောင်းပါတယ်။ တစ်ပိုင်းက ကြည့်မယ်ဆိုရင် ပြည်သူတွေရဲ့ ကုန်စည်စီးဆင်းမှုအရရော၊ လုပ်ငန်းသွားလာမှုအရပါ လွယ်ကူချောမွေ့စေဖို့အတွက် ဆိုင်ကယ်စီးနင်းသင့်တယ်ဆိုတာကို ကျွန်တော့်အနေနဲ့ မူအားဖြင့် လက်ခံပါတယ်။ ဒါပေမဲ့ ခက်ခဲတဲ့အချက်တစ်ချက်က ကျွန်တော်တို့နိုင်ငံမှာရှိတဲ့ ယာဉ်မောင်းအများစုရဲ့ စည်းကမ်းလိုက်နာမှုဖြစ်ပါတယ်။ အဲဒီအပိုင်းကလည်း လိုအပ်နေသေးတယ်လို့ ကျွန်တော့်အနေနဲ့ ယူဆပါတယ်။ ကျွန်တော်တို့နိုင်ငံမှာ တိကျတဲ့ ယာဉ်စည်းကမ်းလိုက်နာမှုမရှိသေးတဲ့ကာလမှာ မော်တော်ဆိုင်ကယ်စီးနင်းခွင့်ကို နေရာစုံမှာခွင့်ပြုမယ်ဆိုရင်တော့ ယာဉ်အန္တရာယ်ဖြစ်ပွားမှုနှုန်း ပိုမြင့်တက်လာနိုင်တယ်လို့ ကျွန်တော်ယူဆပါတယ်။ မော်တော်ယာဉ်စည်းမျဉ်းစည်းကမ်းလိုက်နာမှုတွေ တိတိကျကျဖြစ်လာတဲ့အချိန် ရောက်ရင်တော့ မော်တော်ဆိုင်ကယ်စီးနင်းခွင့်ကို နေရာစုံမှာ ခွင့်ပြုဖို့ အစိုးရအနေနဲ့ စဉ်းစားသင့်ပါတယ်။ ယာဉ်မောင်းနှင်သူတွေက ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း တိတိကျကျ လိုက်နာခြင်းမရှိတာကို အရင်ဆုံး ကြပ်မတ်ဆောင်ရွက် သင့်ပါတယ်"ဟု ၎င်း၏အမြင်ကို ပြောပြသည်။

**သတင်း-ကျော်ထိုက်စိုး၊ ဓာတ်ပုံ-အေဝမ်းစိုး**

# မန္တလေးမြို့ ချမ်းမြရွှေပြည်ယာဉ်ရပ်နားစခန်း (ကွဲဆည်ကန်ကားကွင်း) အဆင့်မြှင့်တင်ရေး အမြန်ဆုံးဆောင်ရွက်မည်

**မန္တလေး နိုဝင်ဘာ ၁၉**

မန္တလေးမြို့ချမ်းမြရွှေပြည်ယာဉ်ရပ်နားစခန်းတွင် ခရီးသည်များသက်သောင့်သက်သာဖြင့် Transit ပြုလုပ်နိုင်ရန် လေယာဉ်ကွင်းတစ်ခုကဲ့သို့ အဆင့်မြှင့်တင်ရေးလုပ်ငန်းများကို အမြန်ဆုံးဆောင်ရွက်သွားရန် M-development Corporation Myanmar Co.Ltd မှ အကောင်အထည်ဖော်သွားမည်ဖြစ်ကြောင်း မြို့တော်စည်ပင်သာယာရေးကော်မတီအဆောက်အအုံနှင့် ကုန်ရုံဌာနဌာနမှူး ဦးဇော်ဝင်းက ပြောသည်။ ယာဉ်ရပ်နားစခန်းကို အဆင့်မြှင့်တင်မည့် လုပ်ငန်းဆောင်ရွက်သည့်အခါ လုပ်ငန်းမပျက် ယာဉ်ရပ်နားရန် အခြားအစားထိုးနေရာရှာဖွေရေးကို စီစဉ်နေပြီး ယခုဘတ်ဂျက်နှစ်တွင် အမြန်ဆုံး အကောင်အထည်ဖော်သွားမည်ဖြစ်ကြောင်း သိရသည်။

"လက်ရှိအခြေအနေမှာ ခရီးသည်တွေနဲ့ ကုန်ပစ္စည်းတင်တာက ရောနေတယ်။ ခုလုပ်မှာက လေယာဉ်ကွင်းထိန်းသိမ်းမှုပုံစံမျိုးနဲ့ အခြေခံလုပ်သွားမယ်။ တင်ဒါအောင်မြင်တဲ့ ကုမ္ပဏီကရပြီ။ လက်ရှိကားတွေ ယာဉ်ပိတ်ဆို့မှုမဖြစ်အောင် တစ်ဝက်ကို ပေးသုံးပြီး ကျန်တဲ့တစ်ဝက်ကို လုပ်မယ်ဆိုလည်း လုံလောက်တဲ့ ဧရိယာမရနိုင်တော့ မပြည့်စုံမှုတွေဖြစ်လာမှာ စိုးရိမ်တယ်"ဟု ၎င်းက ပြောသည်။

မန္တလေးမြို့သည် အချက်အချာကျသည့် မြို့ဖြစ်ပြီး အနယ်နယ်မှရောက်ရှိလာသည့် ခရီးသည်များတစ်နေရာမှ တစ်နေရာသို့ ကူးပြောင်းသွားလာရာတွင် Transit ပြုလုပ်ရမည်ဖြစ်သည့်အတွက် ခရီးသည်များသက်သောင့်သက်သာနှင့် လုံခြုံမှုရှိစေရန်၊ ယာဉ်များကို ဂိတ်နံပါတ်အလိုက် အဝင်နေရာနှင့် ဆိုက်ရောက်နေရာများ စီစဉ်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

"ယာဉ်စီးလက်မှတ်ဝယ်ပြီးတာနဲ့ ဘယ်ဂိတ်နံပါတ်မှာ စီးရမယ်ဆိုတာ မှားစရာမရှိတော့ဘူး။ ဆိုက်ရောက် နေရာမှာ Taxi ဂိတ်နဲ့နီးအောင် လုပ်ထားမယ်။ လက်ဆောင်ပစ္စည်းဝယ်တောင် ဒီမှာတင်ဝယ်သွားလို့ရအောင် စနစ်တကျစီစဉ်ပေးထားမယ်" ဟု ဆက်လက်ပြောကြားသည်။

အဆိုပါယာဉ်ရပ်နားစခန်းမှာ ဧရိယာ ၁၄ ဒသမ ၂ ဧက ကျယ်ဝန်းပြီး လက်ရှိအချိန်တွင် တိုင်းအတွင်းနှင့် အခြားတိုင်းနှင့် ပြည်နယ်များသို့ သယ်ယူပို့ဆောင်နေသည့် ယာဉ်အသင်းပေါင်း ၁၅၆-သင်းရှိ၍ ယာဉ်စီးရေ ၁၇၀၀ကျော်မှ နေ့စဉ် အစီးရေ ၃၅၀ ကျော် သယ်ယူပို့ဆောင်ပေးနေကြောင်း သိရသည်။

"ရန်ကုန်-နေပြည်တော်-မန္တလေး ခရီးစဉ်ပြေးဆွဲနေတဲ့ အဆင့်မြင့် လေအိတ်ကားအပါအဝင် ဂိတ်ပေါင်းတစ်ရာကျော်ရှိတယ်။ ယာဉ်တွေ ဆိုက်ရောက်/ရပ်နားဖို့ အဆင့်မြင့်နေရာတွေ စနစ်တကျရှိလာမယ်။"ဟု ယာဉ်လုပ်ငန်းများ ကြီးကြပ်မှုကော်မတီ(အဝေးပြေး)ဥက္ကဋ္ဌ ဦးအောင်ကျော်လင်းက ပြောဆိုသည်။ တိုင်းဒေသကြီးအစိုးရအဖွဲ့မှ တင်ဒါအောင်မြင်သည့် M-development Corporation Myanmar Co.Ltd အား ချမ်းမြရွှေပြည်ခရီးသည်တင်ယာဉ်ရပ်နားစခန်း အဆင့်မြှင့်တင်ရေးလုပ်ငန်း စီမံကိန်းဆောင်ရွက်ရန် မြန်မာနိုင်ငံသားများ ရင်းနှီးမြှုပ်နှံမှုဥပဒေနှင့်အညီ ဆောင်ရွက်ရန် တိုင်းဒေသကြီးအစိုးရအဖွဲ့မှ စိစစ်ခွင့်ပြုခဲ့ခြင်းဖြစ်သည်။

**မင်းထက်အောင်(မန်းကိုယ်ပွား)**

# မြန်မာနိုင်ငံစာပေထုတ်ဝေသူနှင့် ဖြန့်ချိသူများအသင်းက စုစည်းတင်ပြသော နိုဝင်ဘာ ၈ ရက်မှ ၁၄ ရက်အထိ ထွက်ရှိသောစာအုပ်စာရင်း

| စဉ် | စာရေးသူ | စာအုပ် | ဈေးနှုန်း ထုတ်ဝေသည့်တိုက် |
|---|---|---|---|
| ၁ | ပြေလွင်မြင့် | ပြည်ထောင်စုတရားလွှတ်တော်ချုပ်၏ စာချွန်တော်အမိန့်များ(၂၀၁၁-၂၀၁၅) | ၁၀၀၀၀ိ/-ဝန်ချတောင်စာပေ |
| ၂ | ကလောင်စုံ | ရသကြယ်ဖြူဝတ္ထုတိုများ | ၂၅၀၀ိ/-Aquarius စာပေ |
| ၃ | ပြည်ကျော်ကျော် | My First Book of ANIMALS | ၁၂၀၀ိ/-KKH Publishing House |
| ၄ | ပြည်ကျော်ကျော် | My First Book of VEGETABELS | ၁၂၀၀ိ/-KKH Publishing House |
| ၅ | ကလောင်စုံ | သူတို့ဒီနေရာကိုဘယ်လိုရောက်လာကြသလဲအပိုင်း ၂ | ၄၅၀၀ိ/-The Book House |
| ၆ | ကလောင်စုံ | ဂျင်ဂစ်ခန် | ၁၅၀၀ိ/-The Key Collection |
| ၇ | မောင်ခင်မင်(ဓနုဖြူ) | အတ္တပေဒနိဒါန်း | ၁၅၀၀ိ/-The Key Collection |
| ၈ | မောင်တိုင်ပင် | အရင်းအနှီးဈေးကွက်နှင့်စီးပွားရေးပွဲတင်သံ | ၂၀၀၀ိ/-Wisdom house |
| ၉ | ကြည်ရွှန်း | အလေ့အကျင့်၏ပါဝါစွမ်းအား | ၂၀၀၀ိ/-Wisdom house |
| ၁၀ | မိချမ်းဝေ | ငန်းရိုင်းတို့ပျံသန်းခြင်းခြေရာ | ၃၀၀၀ိ/-ကမာရင်ကွဲ |
| ၁၁ | နွေဇော်ဦး(မန္တလေး) | ကော်ဖီဆိုင် | ၃၀၀၀ိ/-ချမ်းတွင်းအိမ်စာပေ |
| ၁၂ | ဆရာချမ်းဇော်ထက် | အတွေးထက်ထက်အရေးသွက်သွက်+CD | ၅၀၀၀ိ/-ချမ်းဇော်ထက်စာပေ |
| ၁၃ | စည်သူထွန်း(ဘာသာပြန်) | ထင်ရှားကျော်ကြားအမေရိကန်နိုင်ငံခြားရေးဝန်ကြီးများ | ၂၀၀၀ိ/-ဂျာနယ်လစ်စာပေ |
| ၁၄ | ကျော်သောင်း | မင်းသမီးလေးရှာပုံတော် | ၁၈၀၀ိ/-ဂျာနယ်လစ်စာပေ |
| ၁၅ | ဦးကျော်ဇေယျ | လက်ဝယ်ရှိခြင်း၊လက်သင့်ခံခြင်း၊ လက်ရှိထားခွင့်နှင့်လက်ဝယ်တွေ့ခြင်း | ၄၀၀၀ိ/-စကားပြောနေသူများ စာပေ |
| ၁၆ | ဆရာစံထား(ပြ) | ခွန်းတုံ့ပြန်အင်္ဂလိပ်စကားပြော | ၂၀၀၀ိ/-စာပေဟင်းလေး အိုးကြီး (၂) |
| ၁၇ | ကိုဝ(မြန်မာပြန်) | ဟီလာရီကလင်တန်၏ သုံးဘက်မြင်ရုပ်ပုံလွှာ | ၃၅၀၀ိ/-စာပေလောက |
| ၁၈ | ဂျာနယ်ကျော်မမလေး | ဆေးပညာဆောင်းပါးပေါင်းချုပ် | ၅၅၀၀ိ/-စိတ်ကူးချိုချိုစာပေ |
| ၁၉ | ဗန်းမော်တင်အောင် | ဝတ္ထုတိုပေါင်းချုပ် | ၄၀၀၀ိ/-စိတ်ကူးချိုချိုစာပေ |
| ၂၀ | မောင်ခေတ်ထွန်း(မြန်မာပြန်) | ကမ္ဘာကျော်ဂျပန်ပုံပြင်များ | ၁၀၀၀ိ/-စိတ်ကူးချိုချိုစာပေ |
| ၂၁ | စစ်ကိုင်းဦးဘိုးသင်း | လူ့မျက်ရှုကြမ်း | ၃၀၀၀ိ/-စိတ်ကူးချိုချိုစာပေ |
| ၂၂ | ဇင်မျိုး-မြန်မာပြန် | ဂုဏ်သိက္ခာအရှိဆုံး နိုဘယ်ဆုကိုဖန်တီးသူ အဲလ်ဖရက်နိုဘယ် | ၈၀၀ိ/- စိတ်ကူးချိုချိုစာပေ |
| ၂၃ | ဦးလှမြင့်(ဂန္ဓမာ) | လူအများသိသင့်သည့်ခေတ်ပေါ်ကျန်းမာရေးအခြေအနေ | ၂၂၀၀ိ/-စိတ်ကူးချိုချိုစာပေ |
| ၂၄ | မြတ်လွမ်းနောင်(ပုတီးကုန်း) | အလယ်တန်းအဆင့်စာမေးပွဲဝင်စာစီစာကုံးများ | ၁၃၀၀ိ/-စိတ်ကူးချိုချိုစာပေ |
| ၂၅ | ဇာတ်ညွှန်း-ဝေသာ သရုပ်ဖော်ပန်းချီ-လှပ | အမျိုးသားပညာဝန်ဆရာကြီးဦးဖိုးကျား၏ကလေးလူငယ်များဖတ်ရှုလေ့လာဖွယ်ဖြစ်သောကိုယ်တွေ့ဝတ္ထုများ-၄ | ၂၇၀၀ိ/-စိတ်ကူးချိုချိုစာပေ |
| ၂၆ | မောင်ညိုမှိုင်း(သန်လျင်) | ဖောင်လားကြိုး | ၃၀၀၀ိ/-စိတ်ကူးသစ်စာပေ |
| ၂၇ | OckSco Park | နှလုံးသားကုန်တိုက်ကြီး | ၄၅၀၀ိ/-စိတ်ကူးသစ်စာပေ |
| ၂၈ | ထွဋ်ဝင်းထွဋ် | တယ်လီဖုန်းတီထွင်ခဲ့သောအလက်ဇန်းဒါးဂရေဟမ်ဘဲလ် | ၁၀၀၀ိ/-စိန်မိုးယံစာပေ |
| ၂၉ | ထွဋ်ဝင်းထွဋ် | မဟာဂရုဏာရှင်မာသာထရီဆာ | ၁၀၀၀ိ/-စိန်မိုးယံစာပေ |
| ၃၀ | ထွဋ်ဝင်းထွဋ် | အရုဏ်ဦးမှ မြင်းစီးသူရဲကောင်း | ၁၀၀၀ိ/-စိန်မိုးယံစာပေ |
| ၃၁ | ထွဋ်ဝင်းထွဋ် | နံနက်ခင်းကာလမှမံမီရုပ်အလောင်းများ | ၁၀၀၀ိ/-စိန်မိုးယံစာပေ |
| ၃၂ | ထွဋ်ဝင်းထွဋ် | သိပ္ပံပညာရှင်အိုင်ဆာ့စ်နယူတန် | ၁၀၀၀ိ/-စိန်မိုးယံစာပေ |
| ၃၃ | ရီရီဌေး | ခေါင်းတစ်ခြမ်းကိုက်ခြင်းဝေဒနာ(သို့)မိုင်ဂရိန်းရောဂါ | ၂၅၀၀ိ/-စိန်မိုးယံစာပေ |
| ၃၄ | ကျော်စိန်မင်း | လူနှင့်အခြားသိပ္ပံဝတ္ထုတိုများ | ၃၀၀၀ိ/-ဆန်းစသော်တာစာပေ |
| ၃၅ | မြသန်းတင့်(မြန်မာပြန်) | မင်းပုန်းတောင်သိုင်းသမား | ၁၀၀၀၀ိ/-တိုးမြစ်စာပေ |
| ၃၆ | တက္ကသိုလ်နေဝင်း | အင်းဝရွှေနန်းရောက်ဗြိတိသျှသံအဖွဲ့မှတ်တမ်း(၁၈၅၅) | ၃၅၀၀ိ/-တကောင်းစာပေ |
| ၃၇ | ခင်မောင်တိုး(မိုးမိတ်) | စူးစမ်းလေ့လာသူဒိုနယ်နှင့်အိပ်ရာဝင်ပုံပြင်များ | ၁၅၀၀ိ/-ဓူဝံစာပေ |
| ၃၈ | ဆုမြတ်မွန် | ရေသူမလေးအေရီယယ် | ၁၂၀၀ိ/-ဓူဝံစာပေ |
| ၃၉ | ဒေါက်တာမတင်ဝင်း | အတွေးမှန်ကူကွက်များ | ၂၄၀၀ိ/-နန့်ချစ်ကြည်စာပေ |
| ၄၀ | ဖိုးမောင် | မျောက်တစ်အုပ်နဲ့ဦးထုပ်သည် | ၂၀၀၀ိ/-ပင်ဝါးရုံစာပေ |
| ၄၁ | အေးစန် | ကျွန်တော့်မှတ်တမ်း ကျွန်တော့်မှာတမ်း-၂ | ၆၀၀၀ိ/-ပန်းမျိုးတစ်ရာစာပေ |
| ၄၂ | ချစ်စံဝင်း | မြန်မာမိသားစု | ၂၀၀၀ိ/-ပန်းမျိုးတစ်ရာစာပေ |
| ၄၃ | ဖြိုးသုတ | စိတ်အာဟာရအတွေးလက်ဆောင်စာစုများ-၃ | ၂၅၀၀ိ/- ပန်နိုရာမား |
| ၄၄ | ပျို့မဒီစက်ချုပ်သင်တန်း | စက်ချုပ်ပညာသင်ကြမယ် | ၈၀၀၀ိ/-ပျို့မဒီစာပေ |
| ၄၅ | မင်းသိခ် | ပုဂံသားမောင်ဘမော် | ၃၅၀၀ိ/-ဘုမ္မာဝတီစာပေ |

(ဆက်လက်ဖော်ပြပါမည်)

# ရေဒွန်ဓာတ်ငွေ့ကြောင့်လည်း ကင်ဆာရောဂါ ဖြစ်စေနိုင်ဟု ဒေါက်တာတင့်လွင် ပြော

**ဆေးပေါ့လိပ် (သို့မဟုတ်) စီးကရက်မှ ဓာတုပစ္စည်းများသည် အဆုတ်ကင်ဆာဖြစ်စေသည်။ အဆုတ်ကင်ဆာဖြစ်၍ အသက်ဆုံးရှုံးရမှု၏ ၉၀ ရာခိုင်နှုန်းသည် ဆေးလိပ်သောက်ခြင်းကြောင့်ဖြစ်သည်။ အဆုတ်နှင့် အသက်ရှုလမ်းကြောင်းကင်ဆာ ဒုတိယအများဆုံးဖြစ်သောအကြောင်းမှာ မြေကြီးထဲ၊ ရေထဲ၊ လေထုထဲတွင် အလွယ်တကူတွေ့ရနိုင်သည့် ရေဒွန် (Radon)ဓာတ်ငွေ့ကြောင့်ပင်ဖြစ်သည်။**

**မေး။ ။ ကျွန်တော်တို့သိထားတာက ဆေးလိပ်တွေမှာပါတဲ့ နီကိုတင်းဓာတ်ကြောင့် ကင်ဆာရောဂါ ဖြစ်တတ်တယ်လို့သိထားပါတယ်။ ရေဒွန်ဓာတ်ငွေ့ကြောင့်လည်း ကင်ဆာရောဂါဖြစ်တယ်လို့ အခုသိရပါတယ်။ အဲဒီရေဒွန်ဓာတ်ငွေ့အကြောင်းသိပါရစေ။**

ဖြေ။ ။ ရေဒွန်ဟာ အရောင်အဆင်းကင်းမဲ့ပြီး အနံ့၊ အရသာမရှိတဲ့ ဓာတ်ငွေ့ဖြစ်လို့ သိသာထင်ရှားမှုမရှိတာပါ။ မြေအောက်မှာရှိတဲ့ ရေဒီယိုသတ္တိကြွပစ္စည်းဖြစ်တဲ့ ရေဒီယမ်တွေ ပြိုကွဲပြီးမှ ထွက်လာတဲ့ ဓာတ်ငွေ့ဖြစ်ပါတယ်။

**မေး။ ။ ဘယ်နေရာမှာ အများဆုံးတွေ့နိုင်ပါသလဲဆရာ။**

ဖြေ။ ။ မြေအောက်က မြေသားထုတွေမှာရယ်၊ မြေအောက်ရေထဲမှာနဲ့ မြေအောက်ကျောက်သားထုတွေထဲမှာ အများဆုံးတွေ့ရပါတယ်။ မြေအောက်လျှောင်လှုပ်လို့ပဲဖြစ်ဖြစ် မြေအောက် အဝီစိတွင်းရေပဲဖြစ်ဖြစ် မြေပေါ်ရောက်လာရင် ရေဒွန်ဟာ မြေပေါ်ကတစ်ဆင့် လေထုထဲရောက်လာတာပါပဲ။ မြေပေါ်မှာတော့ ဆေးလိပ်၊ ဆေးရွက်ကြီး၊ အဝီစိတွင်းရေ၊ ဘိလပ်မြေ၊ သဲ၊ အုတ်ခဲ၊ မြေပတ်ကြားအက်တွေကနေတစ်ဆင့် လေထဲရောက်ရှိပြီး လွင့်မျောနေတတ်ပါတယ်။

**မေး။ ။ ရေဒွန်ဓာတ်ငွေ့ဟာ မြေအောက်မှာရှိတဲ့ ဘယ်လိုရေဒီယိုသတ္တိကြွပစ္စည်းကနေ အစပြုပေါ်ထွက်လာပါသလဲဆရာ။**

ဖြေ။ ။ မြေအောက်ရှိ မြေသားထုနဲ့ ကျောက်လွှာတွေမှာရှိတဲ့ ယူရေနီယမ်ကစတာပါပဲ။ အဲဒီယူရေနီယမ်က ရေဒီယိုသတ္တိကြွပြီး တဖြည်းဖြည်းပြိုကွဲလာကာ တစ်ချိန်မှာ ရေဒီယမ်ဖြစ်လာပြီး အဲဒီကတစ်ဆင့် ရေဒွန်အဖြစ် ဆက်လက်ပြိုကွဲလာတာဖြစ်ပါတယ်။ အဲဒီလို ယူရေနီယမ်ကနေ ရေဒွန်အထိ ပြိုကွဲလာတဲ့ အဆင့်တိုင်းမှာ အယ်လ်ဖာမှုန်တွေ၊ ဂမ္မာရောင်ခြည်တွေဟာ အချိုးအစားအလိုက် ထုတ်လွှတ်ကြပါတယ်။



ဒေါက်တာတင့်လွင်
(မြန်မာနိုင်ငံရူပဗေဒအသင်း)

**မေး။ ။ အဆုတ်ကင်ဆာနဲ့ ဘယ်လိုပတ်သက်နေပါသလဲဆရာ။**

ဖြေ။ ။ ရေဒွန်ရဲ့ သက်တမ်းဟာ ၃ ဒသမ ၈ ရက်ဖြစ်ပါတယ်။ သူ့နဂိုဒြပ်ပမာဏရဲ့ တစ်ဝက်တိတိကို အယ်လ်ဖာမှုန်၊ ဂမ္မာရောင်ခြည် ထုတ်လွှတ်ပြိုကွဲစေတာ ၃ ဒသမ ၈ ရက်ကြာတာကို ပြောတာပါ။ ထွက်လာတဲ့ အယ်လ်ဖာမှုန်ဟာ ပေါ့ပါးပြီး လျှပ်စစ်အဖိုဓာတ်ဆောင်ပါတယ်။ လေထဲမှာ လွင့်မျောနေလို့ သက်ရှိတွေ အသက်ရှူလိုက်တိုင်း လေမော်လီကျူးတွေနဲ့ရောပြီး အသက်ရှူလမ်းကြောင်းကတစ်ဆင့် အဆုတ်ထဲကို ရောက်ရှိတတ်ပါတယ်။ အသက်ရှူထုတ်ရင် ပြင်ပလေထဲကို ပြန်ရောက်သွားမှာပါ။ ဒါပေမယ့် အသက်ရှူလမ်းကြောင်းတစ်လျှောက် ဒါမှမဟုတ် အဆုတ်ထဲကပ်ငြိတတ်ပါတယ်။ အဲဒီလိုကပ်ငြိပါများရင် သူဝင်ထွက်ရာလမ်းကြောင်းမှာရှိတဲ့ ဆဲလ်တွေကိုသေစေပြီး ကင်ဆာရောဂါဖြစ်စေတာပါပဲ။

**မေး။ ။ အယ်လ်ဖာမှုန်တွေရှိကြောင်း ဘယ်လိုသိရပါသလဲ။**

ဖြေ။ ။ တိုင်းတာနည်းကတော့ အများကြီးရှိပါတယ်။ တိုင်းတဲ့ကိရိယာတွေကတော့ Inorganic Detectors၊ Organic Detectors တို့ရှိပါတယ်။ အိန္ဒိယနိုင်ငံကရတဲ့နည်းပညာပေါ့။ ကျွန်တော် ရန်ကုန်တက္ကသိုလ်မှာ တိုင်းခဲ့တဲ့ Detectors ကတော့ Cellulose Nitrate နဲ့ poly-allyl-diglycol-carbonate (CR-39) ဖလင်ပြားလေးတွေပါ။

**မေး။ ။ အခြားဘယ်နိုင်ငံတွေမှာ ဘယ်လိုကိရိယာတွေနဲ့ အသုံးပြုနေကြပါသလဲဆရာ။**

ဖြေ။ ။ ယူရေနီယမ်ဓာတ်ပေါကြွယ်ဝတဲ့နိုင်ငံတွေမှာတော့ အယ်လ်ဖာမှုန်တိုင်းတဲ့ နည်းပညာကို တွင်တွင်ကျယ်ကျယ်သုံးနေပါတယ်။ အထူးသဖြင့် အမေရိကန်နိုင်ငံမှာဆိုရင် တိုင်းတဲ့ ကိရိယာ radon gas test kit တွေသုံးပြီး တွက်ချက်တဲ့လုပ်ငန်းတွေ ကုမ္ပဏီတွေရှိပါတယ်။ မြေဝယ်တဲ့အခါ၊ အိမ်ဝယ်တဲ့အခါမှာဆိုရင် အယ်လ်ဖာထွက်နှုန်းကို စမ်းသပ်ပြီး အန္တရာယ်ရှိ၊ မရှိ စစ်ဆေးပြီးမှ ဝယ်တတ်ကြပါတယ်။

**မေး။ ။ အန္တရာယ်ဖြစ်စေတဲ့အဆင့် ဆိုတာရှိပါသလား။ ရှိရင် ဘယ်အဆင့်လောက်ရှိပါသလဲ။**

ဖြေ။ ။ ရေဒွန်ထွက်ရှိနှုန်းကို EPA (The United States Environmental Protection Agency) က အန္တရာယ်ဖြစ်မယ့် အနိမ့်ဆုံးတန်ဖိုးကို 4 picouries per litre (4pci/l) သို့မဟုတ် 148Bg/m3 ထက် မများဖို့ ကြေညာထားပါတယ်။ ဒီအဆင့်ထက်များတဲ့ မြေထု၊ ကျောက်သား၊ ရေနဲ့ လေထဲမှာဆိုရင်တော့ သက်ရှိတွေအတွက် အဆုတ်ကင်ဆာဖြစ်ဖို့ရာခိုင်နှုန်း အတော်များပါတယ်။ အထူးသဖြင့် ဆေးလိပ်၊ မိုင်းတွင်းနဲ့ လိုဏ်ဂူတွေမှာပိုများပါတယ်။

**တွေ့ဆုံမေးမြန်း - အေဝမ်းစိုး**



သီတဂူစက္ခုဒါနဆေးရုံတော်တွင် လူနာများ စာရင်းသွင်းရန် စောင့်ဆိုင်းနေစဉ်။

# အုတ်ဖိုမြို့ ဥတ္တိုသီတဂူစက္ခုဒါနဆေးရုံတွင် အရိုးအကြောဝေဒနာရှင်များစမ်းသပ်ကုသပေးရာ လာရောက်သူများပြား

**အုတ်ဖို နိုဝင်ဘာ ၁၉**

ပဲခူးတိုင်းဒေသကြီး အုတ်ဖိုမြို့ ဥတ္တိုသီတဂူစက္ခုဒါနဆေးရုံတွင် နိုဝင်ဘာ ၁၇ ရက်က သီတဂူဆရာတော်ဦးဆောင်သည့် သီတဂူသာသနာပြုအဖွဲ့၏ စီစဉ်မှုဖြင့် အရိုးအကြော အထူးကုဆရာဝန်ကြီးများက စမ်းသပ်ကုသမှုများပြုလုပ်ပေးခဲ့ရာ ဝေဒနာရှင်တစ်ထောင်ကျော် လာရောက်ခဲ့ကြောင်း သိရသည်။

အရိုးပါရဂူ ဆရာဝန်ကြီး ဦးကျော်မင်းဦး ဦးဆောင်သည့် ဆရာဝန် သုံးဦးတို့သည် နံနက် ၉ နာရီခန့်မှ စတင်ကာ ညနေ ၆ နာရီခန့်အထိ အရိုးအကြောဝေဒနာရှင် ၂၅၀ ကို စမ်းသပ်စစ်ဆေးကုသမှုများပြုလုပ်ပေးခဲ့သည်။

"ဆေးရုံက တိုကင်လက်မှတ် ၁၀၀၀ လုပ်ထားတာ မနက် ၇ နာရီမှာတင် ကုန်သွားတယ်။ ဒါကြောင့် နောက်ထပ်လာတဲ့သူတွေကိုလည်း အလျဉ်းသင့်သလို စစ်ဆေးကုသမှုခံယူနိုင်ဖို့ စာရင်းမှတ်ပေးထားပါတယ်"ဟု ဆေးရုံကော်မတီဝင် ဦးခင်ဇော်က ပြောသည်။

"ဆေးရုံကိုလာရောက်တာ အနယ်နယ်အရပ်ရပ်က ဝေဒနာရှင် နှစ်ထောင်နီးပါးရှိခဲ့လို့ ကျန်ခဲ့တဲ့ ဝေဒနာရှင်တွေကို လစဉ်လာရောက်စမ်းသပ်မှုတွေ ပြုလုပ်ဖို့၊ လိုအပ်ရင် ခွဲစိတ်ကုသမှုတွေ ပြုလုပ်ပေးဖို့အတွက်လည်း ဆရာဝန်ကြီးတွေနဲ့ ညှိနှိုင်းဆောင်ရွက်ပေးသွားပါမယ်"ဟု ဆေးရုံအလှူရှင်သီတဂူ ဦးမောင်သောင်းက ပြောသည်။

ဥတ္တိုသီတဂူစက္ခုဒါနဆေးရုံတွင် သီတဂူဆရာတော်ကြီး ဦးဆောင်သည့် သီတဂူသာသနာပြုအဖွဲ့၏စီစဉ်မှုဖြင့် အမေရိကန်အခြေစိုက် (Help Me See Eye Charity Foundation) အဖွဲ့က မျက်စိဝေဒနာရှင်များကို စမ်းသပ်စစ်ဆေးခွဲစိတ်ကုသမှုများပြုလုပ်ပေးလျက်ရှိရာ ယနေ့ထိ မျက်စိဝေဒနာရှင် ၂၀၀၀ ခန့် ခွဲစိတ်ထားကာ နောက်ထပ်ဝေဒနာရှင် ၁၆၀၀ အား ဆက်လက်ခွဲစိတ်ပေးသွားမည်ဖြစ်ပြီး လာရောက်စမ်းသပ်စစ်ဆေးခွဲစိတ်မှုများခံယူနိုင်ကြောင်း သိရသည်။

**တင်ကိုကို (အုတ်ဖို)**



# မန္တလေးမြို့တွင် လာမည့်ဇန်နဝါရီ ၁ ရက်မှစတင်၍ယာဉ်မောင်းနှင့် စီးနင်းသူများ ခါးပတ်ပတ်ထားခြင်းမရှိပါက အရေးယူမည်

**မန္တလေး နိုဝင်ဘာ ၁၉**

မန္တလေးမြို့တွင် လာမည့် ဇန်နဝါရီ ၁ ရက်မှစတင်၍ ယာဉ်မောင်းနှင့် စီးနင်းသူများ ခါးပတ်ပတ်ထားခြင်း မရှိပါက အရေးယူနိုင်ရေးအတွက် အမှတ်(၁၄) ယာဉ်ထိန်းရဲ ဒုတိယတပ်ဖွဲ့ခွဲ(မန္တလေး)နှင့် အမှတ် (၈၆)ယာဉ်ထိန်းရဲတပ်ဖွဲ့စုများက ထိုင်ခုံခါးပတ်ပတ်ရန် အသိပညာပေးမှုများဆောင်ရွက်နေကြောင်း သိရသည်။

ပညာပေးကာလကို နိုဝင်ဘာ ၁ ရက်မှ ဒီဇင်ဘာ ၃၁ ရက်အထိ သတ်မှတ်ထားပြီး လာမည့် ဇန်နဝါရီ ၁ ရက်မှစတင်၍ အရေးယူဆောင်ရွက်သွားမည်ဖြစ်ပြီး လိုက်နာမှုမရှိပါက ၂၀၁၅ ခုနှစ် မော်တော်ယာဉ် ဥပဒေအရ ဒဏ်ငွေကျပ် သုံးသောင်း အရေးယူမည်ဖြစ်ကြောင်း သိရသည်။

"ယာဉ်မောင်းသူရော ယာဉ်ပေါ်မှာ လိုက်ပါလာသူတွေပါ ဘေးကင်းလုံခြုံဖို့အတွက် ယာဉ်မောင်းနေစဉ်မှာ ထိုင်ခုံခါးပတ် ပတ်ထားဖို့လိုပါတယ်။ မတော်တဆမှုဖြစ်ခဲ့ရင်တောင် ထိုင်ခုံခါးပတ်ကြောင့် အန္တရာယ်ကင်းနိုင်တယ်။ ပညာပေးလုပ်ငန်းတွေပြီးရင် အရေးယူမှုလုပ်ဆောင်သွားမှာပါ"ဟု အဆိုပါတပ်ဖွဲ့စုမှ ရဲအုပ်အောင်ကျော်မိုးက ပြောသည်။

ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနအနေဖြင့် ကနဦးမှတ်ပုံတင်ယာဉ်များစစ်ဆေးရာတွင် မူလထုတ်လုပ်သူ၏ စံသတ်မှတ်ချက်ပုံစံအတိုင်း အသက်ကယ်ထိုင်ခုံခါးပတ်ပါရှိကြောင်း စစ်ဆေးပြီး ပြည့်စုံမှသာ မှတ်ပုံတင်လုပ်ငန်းများကို ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ကြောင်း ထုတ်ပြန် ကြေညာထားသည်။

၂၀၁၅ ခုနှစ် ဇန်နဝါရီလမှ ဒီဇင်ဘာလအတွင်း မော်တော်ယာဉ်မတော်တဆမှုကြောင့် သေဆုံးသူ ၂၁၅၉ ဦးရှိခဲ့ရာ အသက်ကယ်ထိုင်ခုံ ခါးပတ်မပတ်ထားခြင်းကြောင့် သေဆုံးမှုအများဆုံးဖြစ်ကြောင်း သိရသည်။

**မင်းထက်အောင်(မန်းကိုယ်ပွား)**

○

# ဆယ်မားအူးလ်အွန်ဒုံစီမံကိန်းအရ ကျေးရွာနေပြည်သူများအား စွမ်းဆောင်ရည်မြှင့်တင်ပေး

**ဇမ္ဗူသီရိ နိုဝင်ဘာ ၁၉**

ဆယ်မားအူးလ်အွန်ဒုံစီမံကိန်းတွင် ပါဝင်သော ကျေးရွာနှင့် ကျေးရွာနေပြည်သူများ စွမ်းဆောင်ရည်မြှင့်တင်ရေးစီမံကိန်းအရကျေးရွာနေပြည်သူများ စွမ်းဆောင်ရည်မြင့်မားလာစေရန် ရည်ရွယ်၍ ရှားတောကျေးရွာ ဆယ်မားအူးလ်အွန်ဒုံကော်မတီမှ ကြီးမှူးကျင်းပသော မူးယစ်ဆေးဝါးနှင့် လူကုန်ကူးမှုတိုက်ဖျက်ရေး အသိပညာပေးဟောပြောပွဲသင်တန်းကို သက်ဆိုင်ရာ အဖွဲ့အစည်းများဖြင့် ပူးပေါင်း၍ နေပြည်တော် ဇမ္ဗူသီရိမြို့နယ်အတွင်းရှိ တဲကြီးကုန်းကျေးရွာအုပ်စု ရှားတောကျေးရွာ၌ နိုဝင်ဘာ ၁၈ ရက် နံနက်ပိုင်းက ကျင်းပသည်။

ရှေးဦးစွာ ဇမ္ဗူသီရိမြို့နယ် ဒုမြို့နယ်မှူး ဒုရဲမှူး အောင်ကျော်ဦးက မြို့နယ်အတွင်းရှိ မူးယစ်ဆေးဝါးနှင့် လူကုန်ကူးမှုတိုက်ဖျက်ရေး လုပ်ငန်း ဆောင်ရွက်ချက်များကို အသေးစိတ်ရှင်းလင်းပြောကြားပြီး မူးယစ် တပ်ဖွဲ့စု(၁၀၁)မှ တပ်ဖွဲ့စုမှူး ဒုရဲမှူးအောင်မိုး၊ အမှတ်(၁)မြို့မ ရဲစခန်းမှ ဒုစခန်းမှူး ရဲအုပ်အောင်နိုင်ဝင်း၊ နေပြည်တော် လူကုန်ကူးမှုတားဆီး နှိမ်နင်းရေးအဖွဲ့မှ ဒုရဲအုပ်ကျော်လင်းထွန်းနှင့် နေပြည်တော် ယာဉ်ထိန်းရဲ တပ်ဖွဲ့မှ ဒုရဲအုပ်ခိုင်စုမွန်တို့က မူးယစ်ဆေးဝါးနှင့်ပတ်သက်ပြီး ဆိုးကျိုးများ၊ ပြစ်မှု၊ ပြစ်ဒဏ်များ၊ မြန်မာနိုင်ငံတွင် ဖြစ်ပွားလျက်ရှိသော လူကုန်ကူးမှုအမျိုးအစားများ၊ လူကုန်ကူးသူများ၏ လူစုဆောင်းသည့် နည်းလမ်းများနှင့် ပြစ်မှု၊ ပြစ်ဒဏ်များနှင့် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း အကြောင်းအရာများကို အသိပညာပေး ဟောပြောသည်။

ဆက်လက်၍ တက်ရောက်လာကြသော ကျေးရွာနေပြည်သူ ၁၀၀ တို့က မှုခင်းအသိပညာပေး ရွေ့လျားယာဉ်ဖြင့် ခင်းကျင်းပြသထားသော နံရံကပ်ဘုတ်များ၊ စာအုပ်စာစောင်များနှင့် ဂျာနယ်များကို စိတ်ဝင်တစားကြည့်ရှုလေ့လာကြပြီး တာဝန်ရှိသူများက အသိပညာပေး လက်ကမ်းစာစောင်များ ဖြန့်ဝေပေးသည်။

အဆိုပါ ဟောပြောပွဲသင်တန်းကို ဆယ်မားအူးလ်အွန်ဒုံစီမံကိန်းထဲမှ ကျေးရွာနေပြည်သူများ စွမ်းဆောင်ရည် မြှင့်တင်ရေးစီမံကိန်းအရ ဆောင်ရွက်ပေးခြင်းဖြစ်ကြောင်း၊ စီမံကိန်းမှထောက်ပံ့ငွေများကို လူနေမှုပတ်ဝန်းကျင် ဖွံ့ဖြိုးတိုးတက်ရေးအတွက် ၆၀ ရာခိုင်နှုန်း၊ ဝင်ငွေတိုးတက်ရရှိရေးအတွက် ၃၅ ရာခိုင်နှုန်းနှင့် စွမ်းဆောင်ရည်မြှင့်တင်ရေးအတွက် ၅ ရာခိုင်နှုန်း အသီးသီးခွဲဝေအသုံးပြုနိုင်ကြောင်း၊ လုပ်ငန်းများ ဆောင်ရွက်ရာတွင်လည်း ကဏ္ဍတစ်ခုချင်းစီတွင် ကြီးကြပ်ရေးမှူးများဖြင့် အဆင့်ဆင့် ဆောင်ရွက်ရကြောင်း သိရသည်။

**သန့်မောင်**

**သင့်သွေးဖြင့် အသက်ကယ်ပါ**

## ကောလာဟလတွေအကြားက ဟောလီဝုဒ်ကြယ်ပွင့်များ

***ယခုသီတင်းပတ်အတွင်း ဟောလီဝုဒ်မီဒီယာတွေအကြား ရေပန်းအစားဆုံး ကောလာဟလသတင်းတွေထဲက စိတ်ဝင်စားစရာအကောင်းဆုံးသတင်းတွေကို ကြေးမုံပရိသတ်အတွက် တင်ဆက်ပေးလိုက်ပါတယ်။***

### သံယောဇဉ်တွယ်နေတုန်းပဲလား ဂျနီဖာရယ်



ပြီးခဲ့တဲ့ နိုဝင်ဘာ ၁၇ ရက်မှာ ကျင်းပခဲ့တဲ့ လက်တင်တေးဂီတဆုပေးပွဲအပြီးမှာတော့ ပေါ့ပ်အဆိုတော် ဂျနီဖာလိုပတ်စ်ဇ်အတွက် မေးခွန်းတစ်ခုပေါ်ထွက်လာခဲ့ပါတယ်။ အဲဒါကတော့ ဂျနီဖာအနေနဲ့ ခင်ပွန်းဟောင်း မက်ခ်အန်ထော်နီအပေါ် သံယောဇဉ်ရှိနေတုန်းလားဆိုတာပါပဲ။ ဒီလိုမေးခွန်းထုတ်ရတဲ့အကြောင်းကတော့ အဆိုပါဆုပေးပွဲစင်မြင့်ပေါ်မှာ ဂျနီဖာက ခင်ပွန်းဟောင်းကို အချစ်တွေမပျယ်သေးသလို ပွေ့ဖက်နမ်းခဲ့တာကြောင့်ပဲဖြစ်ပါတယ်။

ယခုနှစ်ရဲ့ (၁၇)ကြိမ်မြောက် လက်တင် တေးဂီတဆုပေးပွဲမှာ မက်ခ်အန်ထော်နီက "Person of the Year"ဆုကို လက်ခံရယူခဲ့ပြီးတဲ့နောက် ဂျနီဖာက ယခုလို အန်ထော်နီအပေါ်ထားရှိတဲ့ သူ့ရဲ့ချစ်ခင်စိတ်တွေကို ပြသခဲ့တာဖြစ်တယ်လို့ ဟောလီဝုဒ် လိုက်ဖ် ဒေ့ါကွန်းက ဖော်ပြခဲ့ပါတယ်။

အဆိုပါဆုပေးပွဲညမှာ သူတို့နှစ်ဦးဟာ ဂန္ထဝင်တေးသီချင်းတစ်ပုဒ်ကိုလည်း အတူသီဆိုဖျော်ဖြေခဲ့ကြပါတယ်။ ဒီလိုဖျော်ဖြေနေစဉ်အတွင်းမှာလည်း သူတို့နှစ်ဦးရဲ့ ပုံရိပ်တွေဟာ တကယ်ကိုကြင်နာတဲ့ဟိတ်ဟန်အပြည့်နဲ့ဖြစ်နေတာကြောင့် သူတို့နှစ်ဦးရဲ့ ဆက်ဆံရေးဟာ လူပြောများစရာအခြေအနေဖြစ်လာခဲ့ရပါတယ်။

အသက် (၄၇)နှစ်အရွယ် ဂျနီဖာလိုပတ်ဇ်ဟာ ခင်ပွန်းဟောင်း (၄၈)နှစ်အရွယ် မက်ခ်အန်ထော်နီနဲ့ ရင်သွေးနှစ်ဦးဖွားမြင်ခဲ့ပါတယ်။ အဆိုပါအမွှာလေးတွေဟာ ယခုခြောက်နှစ်အရွယ်ရှိနေပါပြီ။ ဂျနီဖာက လတ်တလောမှာ ချစ်သူမရှိသေးတဲ့ တစ်ကိုယ်တည်းသမားတစ်ဦးဖြစ်ကာ အန်ထော်နီကတော့ ဂျနီဖာနဲ့ လမ်းခွဲပြီးတဲ့နောက် မော်ဒယ်တစ်ဦးဖြစ်တဲ့ ရှန်နွန်ဒီလမ်မာနဲ့ လက်ထပ်ခဲ့ပေမယ့် လတ်တလောမှာ ဂရမ်မီဆုရှင်နဲ့ ထိပ်တန်းမော်ဒယ်တို့ လမ်းခွဲလိုက်ပြီဆိုတဲ့ ကောလာဟလတွေ ပေါ်ထွက်လာပါတယ်။ ဒါ့ကြောင့် မာခ်အန်ထော်နီတစ်ယောက် အချစ်ဟောင်းဘက်ကို များခြေဦးလှည့်တော့မှာလားဆိုတာတော့ ဟောလီဝုဒ်မီဒီယာတွေအကြား စိတ်ဝင်တစားစောင့်ကြည့်စရာ ဇာတ်လမ်းတစ်ပုဒ် ဖြစ်လာပါတယ်။

### ရီဟားနားအကြောင်း သီချင်းရေးဦးမယ့် တေလာနဲ့ ဒရိတ်ခ်



လတ်တလောမှာ ကောလာဟလတွေအကြား ရေပန်းအစားဆုံးစုံတွဲတစ်တွဲဖြစ်တဲ့ ပေါ့ပ်ဆိုတော် တေလာဆွစ်နဲ့ ရက်ပ်အဆိုတော် ဒရိတ်ခ်တို့နှစ်ဦးဟာ ဒရိတ်ခ်ရဲ့ မကြာသေးမီက ပြတ်စဲခဲ့တဲ့ချစ်သူဟောင်း ရီဟားနားအကြောင်း သီချင်းရေးစပ်သွားမှာဖြစ်တယ်လို့ သတင်းတွေပေါ်ထွက်နေကြောင်း အေ့စ်ရှိုးဘစ်ဇ်ဒေ့ါကွန်းက ဖော်ပြခဲ့ပါတယ်။

ကနေဒါလူမျိုး ရက်ပ်အဆိုတော်က သူနဲ့သတင်းတွေထွက်နေတဲ့ ဂရမ်မီဆုများရှင် ပေါ့ပ်အဆိုတော် တေလာနဲ့ ပူးပေါင်းကာ အချစ်ဟောင်း ရီဟားနားအပေါ် ခံစားချက်တွေပြင်းထန်နေတဲ့ သူ့ရဲ့အမုန်းတွေကို သီချင်းတစ်ပုဒ်အဖြစ် ဖောက်ခွဲပစ်လိုက်ဖို့ စီစဉ်ထားတယ်လို့ ကောလာဟလတွေ ပေါ်ထွက်လာခဲ့တာ ဖြစ်ပါတယ်။

လတ်တလောမှာ ဒရိတ်ခ်နဲ့ တေလာတို့ပူးပေါင်းကာ တေးအယ်လ်ဘမ်သစ်တစ်ခုကို ဖန်တီးလျက်ရှိပြီး အဆိုပါ တေးအယ်လ်ဘမ်မှာ တေလာဆွစ်ရဲ့ အချစ်ဟောင်းတွေဖြစ်ကြတဲ့ ကယ်လ်ဗင်ဟဲရစ်နဲ့ မင်းသားတွမ်ဟစ်ဒဲလ်စတန်တို့ရဲ့ အကြောင်းစပ်ဆိုထားတဲ့ တေးသီချင်းတွေလည်းပါဝင်မှာဖြစ်ပြီး ရီဟားနားကို ရည်ရွယ်ရေးစပ်ထားတဲ့ အမုန်းတရားတွေနဲ့ ပြည့်နှက်နေတဲ့ သီချင်းတစ်ပုဒ်လည်း ပါဝင်မှာဖြစ်တယ်လို့ ဆိုကြပါတယ်။ ဇာတ်လမ်းများတဲ့ တေလာကရည်းစားဟောင်းတွေအကြောင်းကို သီချင်းတွေအဖြစ် အမြဲဖန်တီးလေ့ရှိသူလည်း ဖြစ်ပါတယ်။

လတ်တလောမှာ တေလာနဲ့ ဒရိတ်ခ်တို့ရဲ့ဆက်ဆံရေးဟာလည်း သို့လောသို့လောအခြေအနေမှာပဲ ရှိနေပါတယ်။ ပြီးခဲ့တဲ့ အားလပ်ရက်တွေကို တေလာက ဒရိတ်ခ်နဲ့အတူကုန်ဆုံးခဲ့ပေမယ့် သူ့အတွက် ဒရိတ်ခ်ဟာ သာမန်မိတ်ဆွေထက် ဘာမှပိုမထူးတဲ့သူပါပဲလို့ ဖွင့်ဟခဲ့တာကြောင့် တစ်ကိုယ်တည်းသမား တေလာရဲ့ ဇာတ်လမ်းသစ်အတွက် ဇာတ်လိုက်ဘယ်သူဖြစ်လာဦးမလဲဆိုကတာလဲ စိတ်ဝင်စားစရာ ဇာတ်လမ်းတစ်ပုဒ် ဖြစ်နေပါတယ်။



## လီမင်ဟိုရဲ့ရုပ်ရှင်သစ် "The Legend of the Blue Sea" စတင်ပြသ ကြည့်ရှုသူအများဆုံးရုပ်ရှင်အဖြစ် စံချိန်သစ်တင်

တောင်ကိုရီးယားရဲ့ စူပါစတားတစ်ဦးဖြစ်တဲ့ မင်းသား လီမင်ဟိုရဲ့ရုပ်သံဇာတ်လမ်းတွဲရုပ်ရှင် "The Legend of the Blue Sea"ရဲ့ပထမပိုင်းကို ပြီးခဲ့တဲ့ နိုဝင်ဘာ ၁၆ ရက်က စတင်ပြီး တောင်ကိုရီးယားရုပ်သံလိုင်း SBS ကနေ စတင်ထုတ်လွှင့်ပြသလျက်ရှိကြောင်း ဟန်စင်းနီးမားဒေ့ါကွန်းက ဖော်ပြခဲ့ပါတယ်။

အဆိုပါရုပ်ရှင်ဟာ စတင်ပြသခဲ့တဲ့ ပထမအပိုင်းကတည်းက ကြည့်ရှုသူအများဆုံးရရှိခဲ့တဲ့ရုပ်ရှင်ဖြစ်လာခဲ့ပြီး စံချိန်သစ်တင်နိုင်တဲ့ ဇာတ်လမ်းတွဲရုပ်ရှင်တစ်ကားဖြစ်လာခဲ့ပါတယ်။ ပထမပိုင်းကိုထုတ်လွှင့်ပြသခဲ့မှုအပြီး ကြည့်ရှုသူ ၂ ဒသမ ၁၂ သန်းရရှိခဲ့ကာ လာမယ့်နိုဝင်ဘာ ၂၄ရက်မှာ စတုတ္ထမြောက်အပိုင်းကို ထုတ်လွှင့်ပြသမှုအပြီးမှာတော့ ကြည့်ရှုသူ ၁၀သန်းခန့်ရှိလာနိုင်တယ်လို့ SBS ရုပ်သံလိုင်းက ခန့်မှန်းခဲ့ပါတယ်။

"The Legend of the Blue Sea "မှာ လီမင်ဟိုနဲ့အတူ ထိပ်တန်းမင်းသမီးတစ်ဦးဖြစ်တဲ့ ယွန်းဂျီဟွန်းက ပါဝင်သရုပ်ဆောင်ထားပြီး အဆိုပါရုပ်ရှင်ဟာ ယခင်က ကြည့်ရှုသူအများဆုံးစံချိန်တင်နိုင်ခဲ့တဲ့ ယွန်းဂျီဟွန်းရဲ့ရုပ်ရှင် "My Love From the Star"နဲ့ ပြီးခဲ့တဲ့နှစ်က ကြည့်ရှုသူအများဆုံးရုပ်ရှင်အဖြစ် စံချိန်သစ်တင်နိုင်ခဲ့တဲ့ "Descendants of the Sun"တို့ကို ကျော်လွန်ကာ ပရိသတ်အများဆုံး ပိုင်ဆိုင်နိုင်ခဲ့တာဖြစ်ပါတယ်။ ပထမပိုင်းကို ထုတ်လွှင့်မှုအပြီးမှာ " My Love From the Star " ရုပ်ရှင်ဟာ ကြည့်ရှုသူ ၁ ဒသမ ၇၇ သန်းရရှိခဲ့ကာ " Descendants of the Sun" ကတော့ ပရိသတ် ၁ ဒသမ ၄၅ သန်းရရှိခဲ့တာ ဖြစ်ပါတယ်။

"The Legend of the Blue Sea "ဟာ ကမ္ဘာပေါ်က နောက်ဆုံးမျိုးဆက်အဖြစ်ကျန်ရှိခဲ့တဲ့ ရေသူမလေးနဲ့ လူသားတစ်ဦးတို့ တွေ့ဆုံချစ်ကြိုက်ပြီး ကမ္ဘာပေါ်မှာ နေထိုင်သွားကြပုံကို ဇာတ်လမ်းဆင်ရိုက်ကူးထားကာ စိတ်ကူးယဉ်အချစ်ဇာတ်လမ်းတစ်ခုကို ပုံဖော်ထားတဲ့ ရုပ်ရှင်ဖြစ်ကြောင်းလည်း သိရပါတယ်။

## အမေရိကန်တေးဂီတဆုပေးပွဲတွင် ဂျက်စတင်ဘီဘာ၏ဖျော်ဖြေမှုများ ပါဝင်မည်

ယခုတစ်ပတ် တနင်္ဂနွေနေ့ နိုဝင်ဘာ ၂၀ ရက် ည ၈ နာရီ(အမေရိကန် ဒေသစံတော်ချိန်)မှာ ကျင်းပသွားမယ့် အမေရိကန်တေးဂီတဆုပေးပွဲမှာ ပေါ့ပ်အဆိုတော် ဂျက်စတင်ဘီဘာရဲ့ ဖျော်ဖြေတင်ဆက်မှုလည်းပါဝင်မှာဖြစ်ပါတယ်။ ဒါပေမယ့် ဂျက်စတင်ဘီဘာက အဆိုပါဆုပေးပွဲမှာ လူကိုယ်တိုင်လာရောက်ဖျော်ဖြေမှာတော့ မဟုတ်ပါဘူး။ လတ်တလောကျင်းပလျက်ရှိတဲ့ ဂျက်စတင်ဘီဘာရဲ့ နောက်ဆုံးထွက်ရှိထားတဲ့ တေးအယ်လ်ဘမ် "Purpose"အတွက် နယ်လှည့်ဖျော်ဖြေရေးခရီးစဉ်တွေက သူ့ရဲ့သီဆို ဖျော်ဖြေမှုတွေကို ယခုနှစ် အမေရိကန်တေးဂီတဆုပေးပွဲအခမ်းအနားရဲ့ တိုက်ရိုက်ထုတ်လွှင့်မှုအတွင်း ထုတ်လွှင့် ပြသသွားဖို့ စီစဉ်ထားကြောင်း အေ့စ်ရှိုးဘစ်ဇ်ဒေ့ါကွန်းက ဖော်ပြခဲ့ပါတယ်။

အဆိုပါဆုပေးပွဲအခမ်းအနားမှာ ဂျက်စတင်ဘီဘာရဲ့ ဖျော်ဖြေရေးခရီးစဉ်တွေအနက် ဆွစ်ဇာလန်နိုင်ငံ ဇူးရစ်မြို့က ဖျော်ဖြေတင်ဆက်မှုတွေကို ထုတ်လွှင့်ပြသသွားမှာဖြစ်ပါတယ်။ ယခုနှစ်ဖျော်ဖြေမှုဟာ ဂျက်စတင်ဘီဘာရဲ့ ဂီတသက်တမ်းတစ်လျှောက် အမေရိကန်တေးဂီတဆုပေးပွဲမှာ (၆)ကြိမ်မြောက် ပါဝင်ဖျော်ဖြေခဲ့ခြင်း ဖြစ်ပါတယ်။

ဂျက်စတင်ဘီဘာဟာ အမေရိကန်တေးဂီတဆုပေးပွဲရဲ့ သမိုင်းတစ်လျှောက် စုစုပေါင်း (၁၅)ကြိမ်အမည်စာရင်းတင်သွင်းဖော်ပြခြင်းခံခဲ့ရကာ ရှစ်ကြိမ်တိုင်တိုင် တေးဂီတထူးချွန်ဆုတွေကို သိမ်းပိုက်ထားနိုင်ခဲ့သူဖြစ်ပါတယ်။ ယခုနှစ်မှာလည်း ပေါ့ပ်ကြယ်ပွင့်ဟာ အကောင်းဆုံးပေါ့ပ်တေးသံရှင်ဆုအပါအဝင် ဆုပေါင်း ငါးဆုအတွက် အမည်စာရင်းတင်သွင်းခြင်း ခံရပါတယ်။

**အေး ပြည့် - စု စည်း ရေး သား သည်**

## မြန်မာ့ရုပ်မြင်သံကြား ထုတ်လွှင့်မှုအစီအစဉ်

**၂၀-၁၁-၂၀၁၆(တနင်္ဂနွေနေ့)**

| | |
|---|---|
| ၆း၀၀ | မင်းကွန်းဆရာတော်ကြီး၏ ပရိတ်တရားတော် |
| ၇း၃၅ | Business News |
| ၈း၃၅ | "ပုံပြင်လေးများ ပြောစို့ကွယ်" |
| ၈း၅၀ | "ကယားပြည်နယ်ရွာသစ်မြို့မှ အလင်းတန်း" |
| ၉း၃၅ | ပြည်သူတို့ရဲ့စကားသံများ |
| ၉း၅၀ | ကဗျာရိပ်မြုံ"တောက်တဲ့၊ ရွှေခဲကြက်တူရွေး၊ မြင်းပျံ" |
| ၁၀း၀၀ | Sunday Talk |
| ၁၀း၃၅ | မြန်မာ့အသိုက်အဝန်းထဲမှ အမျိုးသမီးများ |
| ၁၁း၁၅ | "သဘာဝနှင့်ကိုက်ညီအောင်နေထိုင်ခြင်း" |
| ၁၁း၃၅ | "ကြိုတင်ကာကွယ်လေဖြတ်ရောဂါအန္တရာယ်" |
| ၁၂း၃၅ | This Week's Special Interest |
| ၁၂း၅၀ | ဖြူ/မည်းရုပ်ရှင် "စကားပြောသော အသည်းနှလုံး" (စိုးနိုင်၊ တင်တင်နွဲ့၊ ကြည်ကြည်ဌေး) (ဒါရိုက်တာ-ဦးသုခ) |
| **ညပိုင်း** | |
| ၃း၃၀ | လူကုန်ကူးမှုဆိုင်ရာပညာပေးအစီအစဉ် (ကွန်ပြူခြင်း) |
| ၄း၃၅ | "ခြေခြေမြစ်မြစ်နှစ်နှစ်ကာကာချစ်တဲ့ကာလပေါ် တေးအရသာ" (နောက်နှောင်းဆီက ကောက်ကြောင်းဂီတ)(ဂီတပဒေသာ)(အပိုင်း-၁) |
| ၅း၁၅ | ဂီတတံခါးလေးဖွင့်ပါဦး |
| ၆း၃၅ | အလင်္ကာကျော်စွာရွှေပြည်အေးနှစ်(၁၀၀)ပြည့်တေးဂီတအစီအစဉ် (အပိုင်း-၁) |
| ၇း၁၅ | နိုင်ငံခြားဇာတ်လမ်းတွဲ "မြွေပျိုမယ်ရဲ့မာယာကလဲ့စား" (အပိုင်း-၉) |
| ၈း၀၀ | ပြည်တွင်းသတင်း၊ နိုင်ငံတကာသတင်း၊ မိုးလေဝသအခြေအနေ |
| ၈း၃၅ | "ရှန်းကန်လှုပ်ရှားဘဝများ" (လောကဓံကြား အားမာန်ထား မိခင်တစ်ဦးရဲ့ခွန်အား) |
| ၉း၀၀ | ပြည်တွင်းသတင်း၊ မိုးလေဝသအခြေအနေ -တစ်ခါကအနုပညာမှတ်တမ်းများ "ရာသက်ပန်ပြဇာတ်" -(၁၇)ကြိမ်မြောက်မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ (ဇာတ်တော်ကြီးပြိုင်ပွဲ)"ဥဂ္ဂသေနဇာတ်တော်ကြီး" (ပထမဆု)(ရန်ကုန်တိုင်းဒေသကြီး) (ဒုတိယပိုင်း) |

**မှတ်ချက်။ ။ နာရီစဉ်တိုင်းတွင် ပြည်တွင်းသတင်းနှင့် နိုင်ငံတကာသတင်းများ ထုတ်လွှင့်ပေးပါသည်။**

## မြဝတီရုပ်မြင်သံကြား

**၂၀-၁၁-၂၀၁၆(တနင်္ဂနွေနေ့)**

| | |
|---|---|
| ၆း၀၃ | တရားတော် |
| ၇း၃၀ | ကိုယ်လက်လှုပ်ရှားအားကစား |
| ၈း၁၅ | စိုက်ပျိုးသုတ |
| ၈း၂၅ | DVD Hits |
| ၈း၃၅ | အင်္ဂလိပ်စာသုတ |
| ၉း၁၀ | World Wide Web |
| ၉း၄၅ | အမှတ်တရနေ့ရက်လေးများ |
| ၁၀း၁၀ | သာယာသီကြွေးခေတ်ဆန်းတေး |
| ၁၀း၂၀ | Guide For You |
| ၁၀း၃၀ | Cooking Art |
| ၁၀း၄၅ | မြန်မာသံစဉ်ချိုနှားဝင် |
| ၁၁း၀၀ | English For Myanmar |
| ၁၁း၁၀ | မျိုးချစ်တပ်မတော် |
| ၁၁း၁၅ | Lucky Door |
| ၁၂း၀၀ | ရသစုံလင်ရုပ်မြင်ဇာတ်လမ်း - ချစ်ခွန်းသီတဲ့နှောင်ကြိုးတစ်မျှင် အပိုင်း(၇) |
| ၁၃း၁၉ | ရသစုံလင်ရုပ်မြင်ဇာတ်လမ်း - ရေသူမရဲ့ခြေရာများ အပိုင်း(၁၅) |
| ၁၄း၃၀ | အိမ်ရှင်မတို့ရဲ့အချစ်ဆုံး |
| ၄း၂၅ | သာယာသီကြွေးခေတ်ဆန်းတေး |
| ၄း၃၅ | ပျိုပျိုမေ |
| ၄း၅၀ | Run & Cook |
| ၅း၁၀ | ရသစုံလင်ရုပ်မြင်ဇာတ်လမ်း - ဖေဖေကြီးကိုချစ်တယ် အပိုင်း(၇၂) |
| ၅း၄၅ | ဒီဇိုင်နာတို့ရဲ့ဒီဇိုင်း |
| ၆း၁၀ | ဘဝကြေးမုံ |
| ၆း၃၅ | လူစွန့်စားခရီးသွားနေသည် |
| ၇း၀၀ | ရသစုံလင်ရုပ်မြင်ဇာတ်လမ်း - သံသရာတစ်ကွေ့ဝယ် အပိုင်း(၂) - VOA အင်္ဂလိပ်စာသင်ခန်းစာ - ပဟေဠိနန်းတော် - ယနေ့ညအတွက်မြဝတီ၏ တေးလက်ဆောင် - ရသစုံလင်ရုပ်မြင်ဇာတ်လမ်း - အကြင်နာမျက်ဝန်း အပိုင်း(၂၃) |

# ကစားသမား ၁၃ ဦးလောက်အထိ ထွက်ခွာဖို့ရှိနေတဲ့ မန်ယူ









မန်ယူအသင်း ရာသီအစ ရလဒ်ဆိုးများနဲ့အတူ အကြီးအကျယ်ပြုပြင်ပြောင်းလဲဖို့ ပြင်ဆင်တဲ့ နည်းပြ မော်ရင်ဟိုကြောင့် လက်ရှိ မန်ယူကစားသမား ၁၃ ဦးလောက်အထိ ယခုနှစ်ဇန်နဝါရီ စျေးကွက်အတွင်းမှာ ထွက်ခွာရဖို့ရှိနေပါတယ်။ မော်ရင်ဟိုက ကွင်းလယ်အင်အားတောင့်တင်းရေးအတွက် အမ်ခီတာယန်၊ ပေ့ါဘာတို့ကို ခေါ်ယူအားဖြည့်ခဲ့သလို တိုက်စစ်မှူး အီဗရာဟီမိုဗစ်ချ်ကို မန်ယူမှာ လာကစားနိုင်အောင် ဆွဲဆောင်နိုင်ခဲ့ပြီး အဲရစ် ဘိုင်လီကိုလည်း နောက်တန်းနေရာအတွက် ခေါ်ယူအားဖြည့်ပေးခဲ့ပါတယ်။ ဒါပေမယ့် "မှန်းချက်နဲ့နှမ်းထွက်မကိုက်" ဆိုသလို ရာသီအစ ပွဲစဉ်သုံးပွဲလောက်သာ ဆက်တိုက်အနိုင်ရခဲ့ပြီး ကျန်ပွဲစဉ်တွေမှာ တစ်ပွဲအနိုင်ရဖို့တောင် ခက်ခက်ခဲခဲ ရုန်းကန်ခဲ့ရတဲ့ အနေအထားကြောင့် ဖာဂူဆန်၊ ဗန်ဟားလ်၊ မိုယက်စ်တို့ လက်အောက် အရင်မန်ယူ ကစားဟန်နဲ့ ခေါက်ရိုးကျိုးပြီးသား ကစားသမား ဟောင်းတွေနေရာမှာ ကစားသမားသစ်တွေနဲ့ အစားထိုးပြီး သူ့စိတ်ကြိုက် ဖန်တီးလို့ရမယ့် မန်ယူဖြစ်ဖို့ မော်ရင်ဟို အားထုတ်လာတာဖြစ်ပါတယ်။

ဒါကြောင့် မန်ယူအသင်းအနေနဲ့ ကစားသမား ၁၃ ဦးလောက်ကို ဇန်နဝါရီ စျေးကွက်အတွင်း ထွက်ခွာခွင့်ပေးနိုင်တယ်လို့ ဂိုးလ်ဒေ့ါကွန်းက ခန့်မှန်းဖော်ပြပါတယ်။ဒီကစားသမားတွေကတော့ ရှဝိန်းစတိုင်ဂါ၊ ရှနိုက်ဒါလင်၊ ဒီပိုင်း၊ ကားရစ်၊ ဒါမီယန်၊ ဖီးလ်ဂျုံးစ်၊ ဝိန်းရွန်းနီ၊အက်ရှ်လေယန်း၊ ရိုဂိုျ၊ ဒါလေဘလိုင်း၊ မာတာ၊ ရိုမဲရိုး၊ လုခ်ရှောနဲ့ စမောလင်းတို့ ဖြစ်တယ်လို့ ဆိုပါတယ်။

**ရှဝိန်းစတိုင်ဂါ**

စတိုင်ဂါဟာ မော်ရင်ဟိုလက်ထက်မှာ အခုထိ တစ်ပွဲမှဝင်ရောက်ကစားခွင့် မရသေးသူဖြစ်ပါတယ်။ မော်ရင်ဟိုက စတိုင်ဂါကို အစောပိုင်းက လူငယ်အသင်းနဲ့သာ လေ့ကျင့်ရေးဆင်းခိုင်းခဲ့ပေမယ့် လွန်ခဲ့တဲ့ ရက်သတ္တနှစ်ပတ်ကစလို့ မန်ယူအသင်းကြီးနဲ့အတူ လေ့ကျင့်ရေး ဆင်းခိုင်းခဲ့ပါတယ်။ ဒါကြောင့် အားလုံးက စတိုင်ဂါကို မော်ရင်ဟို ပြန်သုံးတော့မလားလို့ မျှော်လင့်ခဲ့ကြပေမယ့် တကယ်တမ်းမှာတော့ လူစားလဲ ကစားသမားအဖြစ်တောင် ထည့်သွင်းခဲ့ခြင်း မရှိပါဘူး။စတိုင်ဂါကတော့ မန်ယူအတွက် ကစားခွင့်ရသည်ဖြစ်စေ၊ မရသည်ဖြစ်စေ သူ့ရဲ့ ကြံ့ခိုင်မှုအတွက် သူ့ဘာသာသူ ကြိုးစားလေ့ကျင့်သွားမယ်လို့ ဆိုခဲ့ပါတယ်။ သူဟာ အမေရိကန်မေဂျာလိဂ်ကလပ် ချီကာဂိုဖိုင်းယားအသင်းနဲ့ ဆွေးနွေးမှုတွေ စတင်လုပ်ဆောင်နေပြီဖြစ်တာကြောင့် ဒီဇန်နဝါရီ စျေးကွက်ဖွင့်လှစ်ချိန်ကျရင် အသင်းပြောင်းရွှေ့ဖို့တော့ သေချာနေပြီဖြစ်ပါတယ်။

**ရှနိုက်ဒါလင်**

ရှနိုက်ဒါလင်က ဆောက်သမ်တန်အသင်းမှာ အကောင်းဆုံးခြေစွမ်း ပြသနိုင်ခဲ့လို့ မန်ယူနည်းပြ ဗန်ဟားလ်က ပြောင်းရွှေ့ကြေးပေါင် ၂၇သန်းနဲ့ ခေါ်ယူခံခဲ့ရပေမယ့် နည်းပြမော်ရင်ဟို ရောက်ရှိလာပြီးနောက် စုစုပေါင်း ပွဲချိန် ငါးမိနစ်သာ ဝင်ရောက်ကစားခွင့်ရခဲ့ပါတယ်။ ဒါပေမယ့် သူ့ကို စပါး အသင်းက ခေါ်ယူချင်နေကြောင့် ပရီမီယာလိဂ် ကစားသမားလမ်းကြောင်း အတွင်းမှာပဲ ဆက်လက်ရှိနေသူဖြစ်ပါတယ်။

**ဒီပိုင်း**

ဒီပိုင်းဟာ ပီအက်စ်ဗွီအသင်းမှာ ခြေစွမ်းကောင်းတစ်ရပ်ပြသနိုင်ခဲ့ပြီး စီရိုနယ်လ်ဒို လက်သစ်လို့ တင်စားခံခဲ့ရပေမယ့် တကယ်တမ်း မန်ယူကို ရောက်ရှိလာပြီးနောက်ပိုင်း သူ့ရဲ့ ခြေစွမ်းတွေ လုံးဝပျောက်ဆုံးသွားရပါတယ်။ ဒီပိုင်းဟာ စည်းကမ်းပိုင်းလိုက်နာမှု အားနည်းတာကြောင့် ဗန်ဟားလ်က နောက်ပိုင်းပွဲစဉ်တွေမှာ အရန်ကစားသမားအဖြစ်သာ ထည့်သွင်းကစားစေပါတော့တယ်။ ဒါကြောင့် သူ့ကို ခေါ်ယူခဲ့တဲ့ ဗန်ဟားလ်ကရော၊ မော်ရင်ဟိုကပါ နေရာမပေးခဲ့ဘဲ မန်ယူရဲ့ အရန်ခုံပေါ်မှာသာ အချိန်ကုန်ဆုံး နေရသူပါ။ သူ့ကိုခေါ်ယူချင်တဲ့ အသင်းတွေထဲမှာ ဂျူဗင်တပ်၊ အဲဗာတန်စတဲ့ အသင်းတွေ ပါဝင်နေပြီး အဲဗာတန်က သူနဲ့သင့်လျော်တဲ့ အသင်းဖြစ်ပေမယ့် မန်ယူဘက်ကတော့ အဲဗာတန်ထက်ဆို တခြားလိဂ်အသင်းဖြစ်တဲ့ ဂျူဗင်တပ်ကိုပဲ အငှားချ နိုင်တယ်လို့ သိရပါတယ်။

**ကားရစ်**

မန်ယူရဲ့ ဝါရင့်ကွင်းလယ်လူ ကားရစ်ကို ခေါ်ယူချင်တဲ့အသင်း အများအပြားမရှိပေမယ့် သူ့ရဲ့အတွေ့အကြုံက အသင်းကြီးတွေရဲ့ လူစားဝင် ကစားသမားအဖြစ်ခေါ်ယူဖို့ သင့်လျော်သေးလို့ မန်စီးတီး၊ ချယ်လ်ဆီးတို့က စောင့်ကြည့်နေပါတယ်။ ဒါပေမယ့် ကားရစ်ကို ကွင်းလယ်ပိုင်းမှာ ထားကစားရင် ပေ့ါဘာခြေစွမ်းပိုမို ပေါ်လွင်လာတတ်တာကြောင့် မန်ယူရဲ့ အရေးကြီးပွဲစဉ်တွေမှာ ကားရစ်ကို မော်ရင်ဟိုသုံးလာတာကြောင့် ဘာတွေဆက်ဖြစ်လာမလဲ ဆိုတာ စောင့်ကြည့်ရအောင်ပါ။

**ဒါမီယန်၊ ရိုဂိုျ၊ ဖီးလ်ဂျုံးစ်၊ ဒါလေဘလိုင်း**

ဒီနောက်တန်းကစားသမား လေးဦးဟာ မော်ရင်ဟို လက်ထက်မှာ ပုံမှန်ပွဲထွက်ခွင့်မရဘဲ မတည်ငြိမ်တဲ့ အခြေအနေကြောင့် အသင်းပြောင်းမယ်လို့ အစောပိုင်းကတည်းက သတင်းထွက်နေတာဖြစ်ပါတယ်။ သူတို့လေးဦးဟာ ကံတူအကျိုးပေးလို့ ဆိုရမလို သူတို့ကို ခေါ်ယူချင်တဲ့ အသင်းတွေ အသီးသီး ရှိကြပေမယ့် လေးဦးလုံးက မန်ယူအသင်းမှာပဲ နေရာတစ်နေရာအတွက် တိုက်ပွဲဝင်သွားမယ်လို့ ဆိုထားကြသူတွေပါ။

**ဝိန်းရွန်းနီ**

အသင်းခေါင်းဆောင် ရွန်းနီကလည်း မန်ယူအတွက်ရာသီအစမှာပဲ ပုံမှန် ဝင်ရောက်ကစားခွင့်ရခဲ့ပြီး မန်စီးတီးကို ရှုံးနိမ့်ခဲ့တဲ့ ပွဲစဉ်ပြီးကတည်းက နေရာ တစ်နေရာအတွက် အာမခံချက်မရရှိတော့သူဖြစ်ပါတယ်။ သူ့ကို အမေရိကန် မေဂျာလိဂ်၊ တရုတ်စူပါလိဂ်တို့က ချိတ်ဆက်နေသလို အသင်းဟောင်း အဲဗာတန် ကလည်း အလိုရှိပါတယ်။ ဒါပေမယ့် ဘယ်အသင်းကို ပြောင်းရွှေ့မလဲဆိုတာ မသိရသေးသလို အများစုကတော့ ရွန်းနီတစ်ယောက် ဆာဘော်ဘီချာလ်တန်ရဲ့ ဂိုးသွင်းစံချိန်ကို ချိုးဖျက်ပြီးမှသာ အသင်းပြောင်းမယ်လို့ ခန့်မှန်းနေပါတယ်။ မော်ရင်ဟိုကတော့ အင်္ဂလန်နည်းပြ ဆမ်အလာဒိုက်စ် ရွန်းနီကို ကွင်းလယ်မှာ ထားကစားတာ ခြေမပေါ်လို့ ဝေဖန်ခံရခြင်းက ရွန်းနီခြေစွမ်းကျဆင်းသွားခြင်း ရဲ့ အဓိကအကြောင်းတရားတစ်ရပ်လို့ မှတ်ချက်ချခဲ့ပြီး ခုထိ ရွန်းနီဟာ ကမ္ဘာ့အဆင့် ခြေစွမ်းတစ်ရပ်ကို ထိန်းသိမ်းထားနိုင်သေးသူဖြစ်တာကြောင့် သူ့ကိုရောင်းချမှာ မဟုတ်ဘူးလို့ လူသိရှင်ကြား ထုတ်ဖော်ပြောခဲ့သူပါ။ ဒါပေမယ့် အချို့သတင်းရင်းမြစ်တွေကတော့ မော်ရင်ဟိုက ရွန်းနီကို ဝန်ထုပ်ဝန်ပိုးတစ်ခုလို ခံစားနေရပြီး အသက်(၃၀) ကျော်ရုံနဲ့ ကစားသမားဘဝက အဆုံးမသတ်ချင်ရင် မန်ယူကနေ ထွက်ဖို့ပြောထားတယ်လို့ ဆိုတော့ ဘာတွေဘယ်လို ဆက်ဖြစ်မလဲဆိုတာ စောင့်ကြည့်ရုံပဲရှိပါတယ်။

**မာတာ**

မာတာကတော့ လက်ရှိအချိန်မှာလည်း မန်ယူမှာ အကောင်းဆုံး ခြေစွမ်းပြသနိုင်တဲ့ ကစားသမားတစ်ယောက်ဖြစ်ပေမယ့် ခုလို မာတာအသင်း ကနေ ထွက်ခွာနိုင်တယ်ဆိုတဲ့ သတင်းထွက်လာတာက မော်ရင်ဟိုက အိုဇေးလ်ကို အလိုရှိနေတယ်ဆိုတဲ့ သတင်းနောက်ဆက်တွဲကြောင့်ပါ။ ဒ့ါအပြင် မော်ရင်ဟိုက ချယ်လ်ဆီးကို ကိုင်တွယ်စဉ်တုန်းက မာတာကို ရောင်းချဖူးတာ ကြောင့် ခုလို သတင်းတွေ ထွက်လာတာဖြစ်ပါတယ်။ ဒါပေမယ့် မော်ရင်ဟိုက မာတာထက် ပိုကောင်းတဲ့ ကစားသမားမရဘဲ မာတာကို ရောင်းမှာမဟုတ် တဲ့အပြင် အိုဇေးလ်ကလည်း အာဆင်နယ်နဲ့ စာချုပ်သစ်ကိစ္စဆွေးနွေးနေဆဲ ဖြစ်လို့ မာတာ မန်ယူက ထွက်မယ်ဆိုတဲ့ သတင်းကတော့ ကောလာဟလ တစ်ပုဒ်လို့ပဲ ယူဆရပါတယ်။

**လုခ်ရှော၊ စမောလင်း**

ဒီကစားသမားနှစ်ယောက်ကတော့ ဆွမ်ဆီးနဲ့ ပွဲမတိုင်မီ ကြံ့ခိုင်မှု မပြည့်ဝဘူးလို့ ခံစားရတယ်လို့ မော်ရင်ဟိုကို အကြောင်းကြားခဲ့မိတာကြောင့် မော်ရင်ဟိုရဲ့ အမျက်ရှခံနေရတာဖြစ်ပါတယ်။ ဒီလိုအကြောင်းကြားခဲ့မိတာ ကြောင့် မော်ရင်ဟိုဟာ ဆွမ်ဆီးနဲ့ ပွဲစဉ်မှာ တစ်ကြိမ်တစ်ခါမျှ တွဲဖက်ကစား ခဲ့ဖူးခြင်းမရှိခဲ့တဲ့ ရိုဂိုျ၊ ဒါမီယန်၊ ဖီးလ်ဂျုံးစ်နဲ့ အက်ရှ်လေယန်းတို့ကို တွဲဖက် ကစားခိုင်းခဲ့ပါတယ်။ ဒီပွဲစဉ်အပြီးမှာတော့ အရင်က ပုံမှန်ပွဲထွက်ခွင့်ရနေတဲ့ စမောလင်းနဲ့ လုခ်ရှောတို့ အနာဂတ်လည်း တည်ငြိမ်မှုမရရှိတော့ဘဲ မန်ယူက ထွက်ခွာနိုင်တဲ့ ကစားသမားစာရင်းမှာ သူတို့အမည်တွေ ပါဝင်လာခဲ့တာ ဖြစ်ပါတယ်။ လုခ်ရှောကို လီဗာပူး၊ စမောလင်းကို အာဆင်နယ်တို့က ခေါ်ယူ နိုင်တယ်လို့ နောက်ဆက်တွဲသတင်းတွေလည်း ထွက်လာခဲ့ပါတယ်။

**မေလှဲ့သင်း**

## လက်ရှိပရီမီယာလိဂ် နည်းပြများထဲတွင် အအောင်မြင်ဆုံး ကစားသမားဘဏိုတည်ဆောက်နိုင်ခဲ့သူ ဘယ်သူလဲ

လက်ရှိ ပရီမီယာလိဂ် နည်းပြတွေထဲမှာ အအောင်မြင်ဆုံး ကစားသမားဘဝကို ဘယ်နည်းပြက ပိုင်ဆိုင်ခဲ့ပါသလဲ။ စစ်တမ်းအရတော့ အဲဗာတန်အသင်းကို ကိုင်တွယ်နေသူ ရော်နယ်လ် ကိုးလ်မန်း ဖြစ်တယ်လို့ ဆိုပါတယ်။ ကိုးလ်မန်းဟာ ၁၉၈၃ ခုနှစ်ကနေ ၁၉၈၈ ကာလကြားမှာ နယ်သာလန် ပြည်တွင်းလိဂ် အသင်းကြီးနှစ်သင်းဖြစ်တဲ့ အေဂျက်စ်နဲ့ ပီအက်စ်ဗွီအသင်းတွေမှာ အောင်မြင်မှုရခဲ့ပြီး ၁၉၈၈ ခုနှစ် နယ်သာလန်အသင်း ယူရိုဖလားဗိုလ်စွဲရာမှာ အဓိက အခန်းကဏ္ဍက ပါဝင်ခဲ့သူဖြစ်ပါတယ်။

အဲဒီနောက် ဘာစီလိုနာအသင်းကို ပြောင်းရွှေ့ပြီး ၁၉၉၂ ခုနှစ်မှာ ဘာစီလိုနာအသင်းနဲ့အတူ ချန်ပီယံလိဂ်ဖလား ဆွတ်ခူးခဲ့သူဖြစ်ပါတယ်။ ဒါကြောင့် ကိုးလ်မန်းဟာ လက်ရှိ ပရီမီယာလိဂ်နည်းပြတွေထဲမှာ ကလပ်အသင်းမှာရော နိုင်ငံလက်ရွေးစင်အသင်းမှာပါ ကြီးကျယ်ခမ်းနားတဲ့ အောင်မြင်မှုကို ရယူနိုင်သူဖြစ်တာကြောင့် ပရီမီယာလိဂ်ရဲ့ လက်ရှိနည်းပြတွေထဲမှာ ကစားသမားဘဝကို အောင်မြင်စွာ အဖြတ်သန်းနိုင်ဆုံး ကစားသမားအဖြစ် မှတ်တမ်းဝင်သွားခဲ့ပါတယ်။ ကိုးလ်မန်းနောက် ဒုတိယ နေရာမှာ မန်စီးတီးနည်းပြ ဂွါဒီယိုလာ၊ စတုတ်နည်းပြ မားဟုချ်က တတိယနေရာ အစဉ်လိုက်ရပ်တည်နေပါတယ်။

ကစားသမားဘဝမှာ အောင်မြင်မှုမရရှိခဲ့ဆုံး လက်ရှိ ပရီမီယာလိဂ် နည်းပြနှစ်ဦးကတော့ မော်ရင်ဟိုနဲ့ ဆွမ်ဆီးနည်းပြ ဘရက်ဒလေတို့ ဖြစ်ကြပါတယ်။ မော်ရင်ဟိုက အဆင့် ၁၉၊ ဘရက်ဒလေက အဆင့်(၂၀)နဲ့ နောက်ဆုံးမှာ အသီးသီးရပ်တည်နေပါတယ်။ ဘရက်ဒလေကဆိုရင် ပရော်ဖက်ရှင်နယ် ဘောလုံးသမားဘဝတောင် မဖြတ်သန်းဖူးဘဲ တက္ကသိုလ်လက်ရွေးစင်အသင်းမှာပဲ ဝင်ရောက်ကစားခဲ့ဖူးသူလို့ သိရပါတယ်။ ဆွမ်ဆီးအသင်းကို အမေရိကန်တွေ ဝယ်ယူပြီးနောက် အမေရိကန်လူမျိုး ဘရက်ဒလေကို နည်းပြအဖြစ် ခန့်အပ်ခဲ့ပြီး ခုထိနိုင်ပွဲတစ်ပွဲမှ ရရှိအောင် မစွမ်းဆောင်နိုင်သေးပါဘူး။ **မေလှဲ့သင်း**

### နိုဝင်ဘာ ၁၉ ရက် အနိုင်/အရှုံးရလဒ်များ

**ပရီမီယာလိဂ် ပွဲစဉ်-၁၂**

| | | | | |
|---|---|---|---|---|
| မန်ယူ | ၁ | - | ၁ | အာဆင်နယ် |
| ခရစ္စတယ်ပဲလေ့စ် | ၁ | - | ၂ | မန်စီးတီး |
| အဲဗာတန် | ၁ | - | ၁ | ဆွမ်ဆီး |
| ဆောက်သမ်တန် | ၀ | - | ၀ | လီဗာပူး |
| စတုတ်စီးတီး | ၀ | - | ၁ | ဘုန်းမောက် |
| ဆန်းဒါးလန်း | ၃ | - | ၀ | ဟားလ်စီးတီး |
| ဝက်ဖို့ဒ် | ၂ | - | ၁ | လက်စတာ |

**လာလီဂါ ပွဲစဉ်-၁၂**

| | | | | |
|---|---|---|---|---|
| ဘက်တစ် | ၂ | - | ၀ | လက်စ်ပါးမက်စ် |
| ဒီပိုတီဗို | ၂ | - | ၃ | ဆီဗီလာ |
| ဘာစီလိုနာ | ၀ | - | ၀ | မာလာဂါ |

**စီးရီးအေ ပွဲစဉ်-၁၃**

| | | | | |
|---|---|---|---|---|
| ချီယေဗို | ၁ | - | ၀ | ကက်ဂလီယာရီ |

**ဘွန်ဒက်လီဂါ ပွဲစဉ်-၁၁**

| | | | | |
|---|---|---|---|---|
| လေဗာကူဆင် | ၂ | - | ၃ | လိုက်ပ်ဇစ် |
| မိုချင်ဂလက်ဘတ် | ၁ | - | ၂ | ကိုလုံး |
| မိန့်ဇ် | ၄ | - | ၂ | ဖရိုင်းဘတ် |
| ဝုဖ် | ၀ | - | ၁ | ရှော်လ်ကေး |
| အော့စ်ဘတ် | ၀ | - | ၀ | ဟာသာဘာလင် |
| ဒမ်စတက် | ၀ | - | ၁ | အင်ဂေါ့စတက် |

### နိုဝင်ဘာ ၂၀ ရက် ယှဉ်ပြိုင်ကစားမည့် ပွဲစဉ်များ

**ပရီမီယာလိဂ် ပွဲစဉ် - ၁၂**

| | |
|---|---|
| မစ်ဒယ်ဘရော - ချယ်လ်ဆီး | ည-၁၀း၃၀ |

**လာလီဂါ ပွဲစဉ် - ၁၂**

| | |
|---|---|
| အလာဗက်စ် - အက်စပန်ညို | ညနေ-၅း၃၀ |
| ဗလင်စီယာ - ဂရန်နာဂါ | ည-၉း၄၅ |
| စပို့တင်းဂီဂျွန် - ဂရန်နာဒါ | ည-၁၂း၀၀ |

**စီးရီးအေ ပွဲစဉ် - ၁၃**

| | |
|---|---|
| ဆမ်ဒိုးရီးယား - ဆာဆူအိုလို | ညနေ-၆း၀၀ |
| အတ္တလန္တာ - ရိုးမား | ည-၈း၃၀ |
| ဘိုလော့နာ - ပါလာမို | ည-၈း၃၀ |
| ခရိုတိုနီ - တိုရီနို | ည-၈း၃၀ |
| အမ်ပိုလီ - ဖီအိုရင်တီးနား | ည-၈း၃၀ |
| လာဇီယို - ဂျီနိုအာ | ည-၈း၃၀ |

**မောင်မောင်ဇော်**

# စာရင်းအင်းဥပဒေကြမ်း

## ပြည်သူအများသိရှိလေ့လာအကြံပြုနိုင်ပါရန် တင်ပြခြင်းဖြစ်ပါသည်။

**ယမန်နေ့မှအဆက်**

(ဂ) စာရင်းအင်းကိန်းဂဏန်းအချက်အလက်များ တိကျမှန်ကန်ရေးအတွက် စာရင်းအင်းဆိုင်ရာ ပြည်ထောင်စုဝန်ကြီးဌာနများမှ ဌာနအဖွဲ့အစည်းများ၊ ပြည်ထောင်စုနယ်မြေ၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ စာရင်းအင်းအချက်အလက်များ မှန်ကန်ရေးနှင့် အရည်အသွေးပြည့်ဝရေး ကော်မတီများအား လမ်းညွှန်မှုပေးခြင်း၊

(ဃ) လူမှုစီးပွားဖွံ့ဖြိုးတိုးတက်ရေးအတွက် သန်းခေါင်စာရင်း၊ စစ်တမ်းနှင့် အခြားစာရင်းအင်းဆိုင်ရာ လုပ်ငန်းရပ်များ ဆောင်ရွက်မှုကို ကြီးကြပ်ခြင်းနှင့် လမ်းညွှန်ခြင်း၊

(င) ပြည်ထောင်စုဝန်ကြီးဌာနအလိုက် တာဝန်ယူရသောကဏ္ဍအသီးသီးတွင် ပြည့်စုံကောင်းမွန်သည့် သန်းခေါင်စာရင်း၊ စစ်တမ်းနှင့် စာရင်းအင်းတစ်ရပ် ပေါ်ပေါက်ရေးအတွက် ပေါင်းစပ်ညှိနှိုင်းပေးခြင်း၊

(စ) နိုင်ငံတကာစာရင်းအင်းစနစ်များနှင့် လိုက်လျောညီထွေရှိစေရန် အမျိုးသားစာရင်းအင်းစနစ်အပေါ် အကဲဖြတ်သုံးသပ်ခြင်း၊ လိုအပ်ချက်များကို ကဏ္ဍအလိုက် သုံးသပ်ခြင်းနှင့် လိုအပ်သည့် ပြင်ဆင်မှုများ ပြုလုပ်နိုင်ရန် အစိုးရအဖွဲ့သို့ အစီရင်ခံတင်ပြခြင်း၊

(ဆ) ဤဥပဒေ စည်းနှောင်အားရှိစေရေးအတွက် လိုအပ်သလို အသိပညာပေးခြင်း၊ နှိုးဆော်ခြင်း၊ စောင့်ကြပ်ကြည့်ရှုခြင်း၊

(ဇ) ဗဟိုကော်မတီ၏ လုပ်ငန်းဆောင်ရွက်ချက်များကို နိုင်ငံတော်သမ္မတနှင့် အစိုးရအဖွဲ့သို့ အခါအားလျော်စွာ တင်ပြအစီရင်ခံခြင်းနှင့် ဗဟိုကော်မတီအစည်းအဝေးကို အနည်းဆုံး သုံးလတစ်ကြိမ် ကျင်းပခြင်း၊

(ဈ) ဗဟိုကော်မတီက ဆောင်ရွက်သောလုပ်ငန်းများ၏ ဆောင်ရွက်ပြီးစီးမှုနှင့် တိုးတက်ဖြစ်ပေါ်မှုအခြေအနေများကို အစိုးရအဖွဲ့မှတစ်ဆင့် ပြည်ထောင်စုလွှတ်တော်သို့ နှစ်စဉ် အစီရင်ခံတင်ပြခြင်း၊

(ည) အစိုးရအဖွဲ့က အခါအားလျော်စွာ ပေးအပ်သောတာဝန်များကို ထမ်းဆောင်ခြင်း။

၉။ ဗဟိုကော်မတီ၏ လုပ်ပိုင်ခွင့်များမှာ အောက်ပါအတိုင်းဖြစ်သည် -

(က) အမျိုးသားစာရင်းအင်းစနစ်၏ တရားဝင် စာရင်းအင်းများနှင့် သက်ဆိုင်သော စာရင်းအင်းဆိုင်ရာမူဝါဒများ ချမှတ်ခြင်း၊ ယင်းမူဝါဒများနှင့်အညီ လုပ်ငန်းလမ်းညွှန်ချက်များ ချမှတ်ခြင်း၊

(ခ) ပြည်ထောင်စုနယ်မြေ၊ တိုင်းဒေသကြီး၊ ပြည်နယ်၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသတို့အကြား ထိရောက်သော စာရင်းအင်းဆိုင်ရာပူးပေါင်းဆောင်ရွက်မှုများ ပေါ်ထွန်းလာစေရေးအတွက် တိုင်းဒေသကြီး၊ ပြည်နယ်၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၊ ခရိုင်များ၊ မြို့နယ်များ၊ ရပ်ကွက်နှင့် ကျေးရွာအုပ်စုများတွင် စာရင်းအင်းအချက်အလက်မှန်ကန်ရေးနှင့် အရည်အသွေးပြည့်ဝရေးလုပ်ငန်းကော်မတီများနှင့် အဖွဲ့ငယ်များကို ဖွဲ့စည်းခြင်းနှင့် ယင်းတို့၏ လုပ်ငန်းတာဝန်များနှင့် လုပ်ပိုင်ခွင့်များ သတ်မှတ်ပေးအပ်ခြင်း၊

(ဂ) တရားဝင်စာရင်းအင်းနှင့် သက်ဆိုင်သော နှစ်စဉ်လုပ်ငန်းအစီအစဉ်နှင့် ကာလတို၊ ကာလလတ်၊ ကာလရှည် စာရင်းအင်းစီမံကိန်းများ ရေးဆွဲအကောင်အထည်ဖော်ရာတွင် လမ်းညွှန်မှုပေးခြင်း၊

(ဃ) စာရင်းအင်းဆိုင်ရာ လုပ်ငန်းစဉ်များနှင့် သက်ဆိုင်သော အခြေခံစည်းမျဉ်းများနှင့်အညီ စာရင်းအင်းဆိုင်ရာစံနှုန်းများကို သတ်မှတ်ခြင်း၊

(င) တရားဝင်စာရင်းအင်းများနှင့်သက်ဆိုင်သော လုပ်ငန်းအစီအစဉ်များနှင့်အညီ မူလစာရင်းအင်းအချက်အလက်များ ကောက်ယူရန်နှင့် လူမှုစီးပွားဆိုင်ရာစစ်တမ်းများ ကောက်ယူရန် အမျိုးသားစာရင်းအင်းစနစ်တွင် ပါဝင်ပတ်သက်သူတို့အား တာဝန်ပေးအပ်ခြင်း၊

၁၀။ ပြည်ထောင်စုနယ်မြေ၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ တိုင်း သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသသည် -

(က) ပြည်ထောင်စုအစိုးရ၏ စာရင်းအင်းဆိုင်ရာ လက်ရှိဆောင်ရွက်မှုများမှ လိုအပ်သောအချက်အလက်များကို ရရှိနိုင်ခြင်းမရှိပါက မိမိဒေသဆိုင်ရာအဆင့်မှ စာရင်းအင်းများကိုရယူ၍ လုပ်ငန်းများ ဆောင်ရွက်နိုင်သည်။

(ခ) ပုဒ်မခွဲ (က) အရ ဆောင်ရွက်ရာတွင် သက်ဆိုင်ရာဒေသအဆင့် စာရင်းအင်းအချက်အလက်မှန်ကန်ရေးနှင့် အရည်အသွေးပြည့်ဝရေးကော်မတီ၏ အတည်ပြုချက်ဖြင့် ဆောင်ရွက်ရမည်။

၁၁။ ဗဟိုကော်မတီသည် အမျိုးသားစာရင်းအင်းစနစ်တွင် ပါဝင်ပတ်သက်သူထံမှ ၎င်းတို့ ကြီးကြပ်ဆောင်ရွက်သည့် သန်းခေါင်စာရင်း၊ စစ်တမ်းနှင့်အခြားစာရင်းအင်းဆိုင်ရာ အသေးစိတ်အချက်အလက်များနှင့်ပတ်သက်၍ တောင်းခံရယူပိုင်ခွင့်ရှိသည်။

၁၂။ ဗဟိုကော်မတီသည် ဤဥပဒေပါ ရည်ရွယ်ချက်များကို ထိရောက်စွာ အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရေးအတွက် မိမိ၏တာဝန်နှင့် လုပ်ပိုင်ခွင့်များကို ဗဟိုစာရင်းအင်းအဖွဲ့သို့ လွှဲအပ်တာဝန်ပေးနိုင်သည်။

**အခန်း(၆)**

**စာရင်းအင်းဆိုင်ရာအကြီးအမှူး၏လုပ်ငန်းတာဝန်များ**

၁၃။ စာရင်းအင်းဆိုင်ရာအကြီးအမှူး၏ လုပ်ငန်းတာဝန်များမှာ အောက်ပါအတိုင်း ဖြစ်သည်-

(က) တရားဝင်စာရင်းအင်းနှင့် သက်ဆိုင်သော နှစ်စဉ်လုပ်ငန်းအစီအစဉ်နှင့် ကာလတို၊ ကာလလတ်၊ ကာလရှည် စာရင်းအင်းစီမံချက်များအား ရေးဆွဲအကောင်အထည်ဖော်နိုင်ရန် စာရင်းအင်းဆိုင်ရာကိစ္စရပ်များတွင် ပါဝင်ပတ်သက်သူအားလုံးနှင့် ဦးဆောင်ညှိနှိုင်းဆောင်ရွက်ခြင်း၊

(ခ) စာရင်းအင်းဆိုင်ရာ လုပ်ငန်းစဉ်များနှင့် သက်ဆိုင်သော အခြေခံစည်းမျဉ်းများနှင့်အညီ စာရင်းအင်းဆိုင်ရာစံနှုန်းများကို သတ်မှတ်ခြင်းနှင့် အဆိုပါစံနှုန်းများ ကိုက်ညီစေရေးအတွက် အမျိုးသားစာရင်းအင်းစနစ်တွင် ပါဝင်ပတ်သက်သူများနှင့် ပူးပေါင်းဆောင်ရွက်ခြင်း၊

(ဂ) စာရင်းအင်းဆိုင်ရာ လုပ်ငန်းအစီအစဉ်များကို ဗဟိုကော်မတီ၏ အတည်ပြုချက်ရရှိရေးအတွက် တင်ပြခြင်း၊

(ဃ) သတ်မှတ်ထားသော စံနှုန်းများနှင့် ကိုက်ညီသော စာရင်းအင်းများ ပြုစုရာတွင် အမျိုးသားစာရင်းအင်းစနစ်တွင် ပါဝင်ပတ်သက်သူတို့က ဆောင်ရွက်ထားသည့် စာရင်းအင်းဆိုင်ရာလုပ်ငန်းစဉ်များကို ကြီးကြပ်ဆောင်ရွက်ခြင်း၊

(င) လူမှုစီးပွားအခြေအနေကို ထင်ဟပ်ဖော်ပြသည့် ညွှန်ကိန်းများနှင့် စာရင်းအင်းများပြုစုနိုင်ရန် သန်းခေါင်စာရင်း၊ စစ်တမ်းနှင့် အခြားစာရင်းအင်းဆိုင်ရာ အချက်အလက်များ ကောက်ယူရေးအတွက် ပြင်ဆင်ဆောင်ရွက်စေရန် အမျိုးသားစာရင်းအင်းစနစ်တွင် ပါဝင်ပတ်သက်သူတို့နှင့် ပူးပေါင်းဆောင်ရွက်ခြင်း၊

(စ) တရားဝင်စာရင်းအင်းများ ကောက်ယူရေးအတွက်ဖြစ်စေ၊ အုပ်ချုပ်ရေးအတွက် ဖြစ်စေ၊ အခြားကိစ္စရပ်များအတွက်ဖြစ်စေ ဆောင်ရွက်သည့်အစိုးရ၏ တရားဝင်စာရင်းအင်းနှင့်သက်ဆိုင်သည့် လုပ်ငန်းစဉ်များကို ပြန်လည်စိစစ်ခြင်းနှင့် အကြံဉာဏ်ပေးခြင်း၊

(ဆ) အမျိုးသားစာရင်းအင်းစနစ်တွင် ပါဝင်သော အချက်အလက်များအား နည်းလမ်းတကျ ခွဲခြမ်းစိတ်ဖြာ၍ ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ သုတေသနများ ဆောင်ရွက်ရန်နှင့် မူဝါဒဆိုင်ရာအချက်အလက်များ ပြုစုတင်ပြဆောင်ရွက်ခြင်း၊ စာရင်းအင်းထုတ်ပြန်မှု အရည်အသွေးကို အကဲဖြတ်ခြင်း၊ လေ့လာစိစစ်ခြင်းနှင့် ပြန်လည်သုံးသပ်ခြင်း၊

(ဇ) အမျိုးသားစာရင်းအင်းစနစ်၏ တရားဝင်စာရင်းအင်းများနှင့် သက်ဆိုင်သော စာရင်းအင်းဆိုင်ရာ အချက်အလက်များကို ထုတ်ပြန်ခြင်း၊ စီမံချက်များနှင့် အစီအစဉ်များ ဖွံ့ဖြိုးတိုးတက်စေခြင်းနှင့် အကောင်အထည်ဖော်ဆောင်ရွက်ခြင်းတို့ကို လေ့လာစိစစ်၍ ဗဟိုကော်မတီသို့ တင်ပြခြင်း၊

(ဈ) တရားဝင်စာရင်းအင်းများနှင့်သက်ဆိုင်သော လုပ်ငန်းဆောင်ရွက်ချက်များကို ဗဟိုကော်မတီသို့ အခါအားလျော်စွာ တင်ပြအစီရင်ခံခြင်း၊

(ည) လျှို့ဝှက်ထိန်းသိမ်းထားရမည့် အချက်အလက်များမှအပ ထုတ်ပြန်သင့်သည့် တရားဝင်စာရင်းအင်းများနှင့် သက်ဆိုင်သော လုပ်ငန်းအစီအစဉ်၏ စာရင်းအင်းဆိုင်ရာ အချက်အလက်များ ထုတ်ပြန်ရန်နှင့် ယင်းသို့ဆောင်ရွက်ရာတွင် စီမံချက်နှင့်အညီ တရားဝင်စာရင်းအင်း အချက်အလက်များကို သတင်းကဏ္ဍမျိုးစုံမှတစ်ဆင့်ထုတ်ပြန်ရန်အတွက် အစိုးရဌာန၊အဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်ခြင်း၊

(ဋ) ရုံးချုပ်နှင့်တိုင်းဒေသကြီး၊ ပြည်နယ်၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၊ ခရိုင်များ၊ မြို့နယ်များတွင် ဗဟိုစာရင်းအင်း အဖွဲ့ရုံးခွဲများအကြား စာရင်းအင်းဆိုင်ရာ အချက်အလက်ပေးပို့ခြင်း၊ ကွန်ရက်ချိတ်ဆက် ဆောင်ရွက်ခြင်းနှင့် စုစည်းထိန်းသိမ်းထားရှိခြင်း၊

(ဌ) စာရင်းအင်းဆိုင်ရာ အချက်အလက်များကို ပိုမိုလျင်မြန်စွာ ကောက်ယူစုဆောင်းနိုင်ရေးအတွက် အီလက်ထရွန်နစ်အချက်အလက်ဝန်ဆောင်မှုစနစ်ထူထောင်ခြင်း၊

(ဍ) စာရင်းအင်းဆိုင်ရာ ပြည်ထောင်စုဝန်ကြီးဌာနများမှ ဌာနအဖွဲ့အစည်းများနှင့် တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရအဖွဲ့များ၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ တိုင်းဦးစီးအဖွဲ့နှင့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသဦးစီးအဖွဲ့များ စာရင်းအင်းကောက်ယူသည့်စနစ်နှင့် စာရင်းအင်းပြုစုခြင်းဆိုင်ရာနည်းစနစ်များ တစ်ပြေးညီဖြစ်စေရေး ပေါင်းစပ်ညှိနှိုင်းခြင်းနှင့် သင်တန်းပေးခြင်းတို့ကို စီမံဆောင်ရွက်ခြင်း၊

(ဎ) စာရင်းအင်းများပြုစုရာတွင် စာရင်းအင်းဆိုင်ရာကျွမ်းကျင်မှုနှင့် အရည်အသွေးကို မြှင့်တင်ရန် သင်ရိုးညွှန်းတမ်းရေးဆွဲဆောင်ရွက်ခြင်းနှင့် စာရင်းအင်းနည်းပညာဖွံ့ဖြိုးရေးသင်တန်းများ ဖွင့်လှစ်ခြင်း၊

(ဏ) တရားဝင်စာရင်းအင်းများနှင့် သက်ဆိုင်သည့် စာရင်းအင်းလုပ်ငန်းစဉ်များကို အစိုးရဌာနအဖွဲ့အစည်းများ၊ ပြည်ထောင်စုနယ်မြေအပါအဝင် တိုင်းဒေသကြီး၊ ပြည်နယ်များ၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသရှိ အမျိုးသားစာရင်းအင်းစနစ်ရှိ ပါဝင်ပတ်သက်သူများနှင့် ပူးပေါင်းဆောင်ရွက်ခြင်း၊

(တ) စာရင်းအင်းဆိုင်ရာကိစ္စရပ်များအတွက် လိုအပ်ပါက နည်းဥပဒေနှင့် လုပ်ထုံးလုပ်နည်းများ ထုတ်ပြန်နိုင်ရေးအတွက် ဗဟိုကော်မတီသို့ တင်ပြခြင်း၊

(ထ) စာရင်းအင်းဆိုင်ရာ လုပ်ငန်းစဉ်များအတွက် လိုအပ်သည့် နည်းပညာဆိုင်ရာ အကူအညီနှင့်စပ်လျဉ်း၍ သက်ဆိုင်ရာ စာရင်းအင်းဆိုင်ရာ အချက်အလက်ပြုစု ထုတ်ပြန်သူများ၊ စာရင်းအင်းဆိုင်ရာ အချက်အလက်သုံးစွဲသူများ၊ နိုင်ငံတကာ အဖွဲ့အစည်းများနှင့် လိုအပ်သလိုညှိနှိုင်းပူးပေါင်းဆောင်ရွက်ခြင်း၊

(ဒ) စာရင်းအင်းဆိုင်ရာ ကိစ္စရပ်များနှင့်စပ်လျဉ်း၍ နိုင်ငံကိုယ်စားပြုဆောင်ရွက်ခြင်း၊

(ဓ) နိုင်ငံ၏စီးပွားရေးအတွက် လိုအပ်သော စာရင်းအင်းဆိုင်ရာ အချက်အလက်များကို ထောက်ရှု၍ လူတို့၏နေထိုင်မှုနှင့် စီးပွားရေးဆိုင်ရာ စာရင်းစစ်တမ်းများ ကောက်ယူရေးကို စနစ်တကျရေးဆွဲထားသော အခြေခံမှုအရဖြစ်စေ၊ အချိန်တိုအတွင်း ကြိုတင်ပြင်ဆင်မှု မရှိဘဲဖြစ်စေ လိုအပ်ချက်ပေါ်မူတည်၍ စီစဉ်ဆောင်ရွက်လုပ်ကိုင်ခြင်း၊

(န) ဗဟိုကော်မတီက ပေးအပ်သည့် အခြားလုပ်ငန်းတာဝန်များကိုလည်း ထမ်းဆောင်ခြင်း။

၁၄။ စာရင်းအင်းဆိုင်ရာအကြီးအမှူးသည်-

(က) ဗဟိုစာရင်းအင်းအဖွဲ့၏ ရသုံးမှန်းခြေငွေစာရင်းတွင် လျာထားသည့် ငွေထက်မပိုစေဘဲ လောလောဆယ်ပေါ်ပေါက်လာသော အကြောင်းကိစ္စရပ်များ ဆောင်ရွက်နိုင်စေရန် သို့မဟုတ် လုပ်ငန်းများကို လျင်မြန်ထိရောက်စွာ ဆောင်ရွက်နိုင်စေရန် စာရင်းအင်းဆိုင်ရာ အချက်အလက်ကောက်ယူစုဆောင်းခြင်း အစီအစဉ်ကိုလည်းကောင်း၊ လုပ်ငန်းအကျယ်အဝန်းကို လည်းကောင်း ပြောင်းလဲခြင်း သို့မဟုတ် လိုအပ်သလိုပြင်ဆင်ခြင်းပြုနိုင်သည်။

(ခ) ရသုံးမှန်းခြေ ငွေစာရင်းတွင် လျာထားသည့် ငွေပမာဏ လုံလောက်မှုမရှိပါက ဝန်ကြီးဌာနမှတစ်ဆင့် အစိုးရအဖွဲ့၏ ခွင့်ပြုချက်ဖြင့် ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေမှကျခံသုံးစွဲရန် ဘဏ္ဍာရေးစည်းမျဉ်းနှင့်အညီ တင်ပြတောင်းခံနိုင်သည်။

**အခန်း (၇)**

**ကဏ္ဍအလိုက်စာရင်းအင်းများ**

၁၅။ စာရင်းအင်းနှင့် သက်ဆိုင်သော အစိုးရဌာန၊ အဖွဲ့အစည်းများသည် အမျိုးသားစာရင်းအင်းစနစ်အကောင်အထည်ဖော်ဆောင်ရာတွင် အဓိက ပါဝင်ပတ်သက်သူများအဖြစ် ဆောင်ရွက်ရမည်။

၁၆။ ဗဟိုကော်မတီက ချမှတ်ထားသော စာရင်းအင်းဆိုင်ရာမူဝါဒများကို ဗဟိုစာရင်းအင်းအဖွဲ့၊ ပြည်ထောင်စုနယ်မြေ၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရ၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း ဦးစီးအဖွဲ့၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသဦးစီးအဖွဲ့များ၊ အစိုးရဌာန၊ အဖွဲ့အစည်းများ၊ အမျိုးသား စာရင်းအင်းစနစ်တွင် ပါဝင်ပတ်သက်သူတို့မှ အကောင်အထည်ဖော် ဆောင်ရွက်ရမည်။

၁၇။ စာရင်းအင်းနှင့် သက်ဆိုင်သော အစိုးရဌာန၊ အဖွဲ့အစည်းများသည် သက်ဆိုင်ရာကဏ္ဍအလိုက် စာရင်းအင်းများကို ပြုစုရမည့်အပြင် တည်ဆဲဥပဒေများ၌ သတ်မှတ်ဖော်ပြထားသော သီးခြားညွှန်ကြားချက်များအရ သန်းခေါင်စာရင်းများ၊ စစ်တမ်းများ၊ အုပ်ချုပ်မှုဆိုင်ရာ မှတ်တမ်းများထားရှိမှုစနစ်များမှ ကဏ္ဍအလိုက်အချက်အလက်များကို ကောက်ယူစုဆောင်းရမည်။ တရားဝင်စာရင်းအင်းများကို အဆိုပါအချက်အလက် ဇာစ်မြစ်များမှ ထုတ်နုတ်ရမည်။

၁၈။ စာရင်းအင်းနှင့် သက်ဆိုင်သော အစိုးရဌာန၊အဖွဲ့အစည်းများသည် ဗဟိုကော်မတီမှ အတည်ပြုထားသော တရားဝင်စာရင်းအင်းများနှင့် သက်ဆိုင်သော လုပ်ငန်းစဉ်နှင့်အညီ အရည်အသွေးပြည့်ဝသည့် စာရင်းအင်းများကို ပြုစုခြင်းနှင့် ထုတ်ပြန်ခြင်းတို့တွင် ဗဟိုစာရင်းအင်းအဖွဲ့နှင့်အတူ ပူးပေါင်းဆောင်ရွက်ရမည်။

၁၉။ စာရင်းအင်းဆိုင်ရာလုပ်ငန်းစဉ်များ ဆောင်ရွက်ရာတွင် အချိန်ကာလ၊ စည်းကမ်း သတ်မှတ်ချက်၊ အဓိပ္ပာယ်ဖော်ပြချက်များ၊ စာရင်းအင်းဆိုင်ရာ နည်းလမ်းများ၊ အချက်အလက်ကောက်ယူမည့် နမူနာပုံစံများ စသည့် သတ်မှတ်ချက်များပါဝင်သော စီမံချက်နှင့်အတူ စာရင်းအင်းဆိုင်ရာအကြီးအမှူးထံမှ ကြိုတင်ခွင့်ပြုချက်ရယူရမည်။

၂၀။ ပုဒ်မ ၁၉ ပါ ခွင့်ပြုချက်ကို စာရင်းအင်းဆိုင်ရာ အချက်အလက်ပြုစုထုတ်ပြန်သူများက လိုက်နာရန်ပျက်ကွက်ပါက စာရင်းအင်းဆိုင်ရာအကြီးအမှူးမှ ခွင့်ပြုချက်ကို ပြန်လည်ရုပ်သိမ်းနိုင်သည်။

**ဆက်လက်ဖော်ပြပါမည်။**


"MEMORY STICK"
OK




Mmm







ကြေးမုံ

နိုဝင်ဘာ ၂၀၊ ၂၀၁၆




ဓာတ်ပုံ - covermytimeline.com

# မုသာဝါဒါ ရှောင်ကြဉ်ပါ နိုင်ငံ့ဂုဏ်သိက္ခာ

ကိုရင်နု
koyinau.mirrordaily@gmail.com

နိုဝင်ဘာ ၈ ရက် အမေရိကန်သမ္မတ ရွေးကောက်ပွဲ၌ ဒေါ်နယ်ထရန့် လှုလှုပပ ကြွကြွရွရွ အောင်ပွဲခံသွားခြင်းနှင့်ပတ်သက်၍ ပြည်သူအများ လက်တလောချင်း ထူးထွေတည့်အံ့ရာဖြစ်ခဲ့ရပြီးနောက် ကျွန်ုပ်ကြားသိရသည့် သတင်းတစ်ရပ်သည်ကား ကျွန်ုပ်အတွက် ပိုမို၍ပင် အံ့အားသင့်စရာဖြစ်ရလေသည်။ ယင်းမှာ ထရန့်ကို အားပေးထောက်ခံသူများက ရွေးကောက်ပွဲကာလအတွင်း မဲဆန္ဒရှင်တို့ နားယောင် သွားစေရန် မုသားသတင်းအင်ပါယာကို ဖေ့စ်ဘွတ်ပေါ်တွင် ထူထောင်ခဲ့သည်ဆိုသော သတင်းတစ်ပုဒ်ပင်ဖြစ်လေ၏။

ရွေးကောက်ပွဲတွင် ထရန့်အောင်ပွဲခံအနိုင်ရရှိရေးကို ရည်မျှော်လျက် ထရန့်ကို အားပေးထောက်ခံသူများက လူမှုကွန်ရက်အင်တာနက်ဝက်ဘ်ဆိုက်ဖြစ်သော ဖေ့စ်ဘွတ်ကို အသုံးချခဲ့ကြသည်ဟု ကျွန်ုပ်ကြားသိရလေသည်။

**သတင်းအလိမ်အညာ**

ဖေ့စ်ဘွတ်နောက်ကွယ်တွင် ပေါ်ပေါ်ထင်ထင်တစ်မျိုး သိုသိုသိပ်သိပ်သဖွယ် လှုပ်ရှားမှုအုပ်စုများရှိနေခဲ့ပြီး ထရန့်ဘက်မှ ထောက်ခံမှု အင်အားတိုးပွားလာစေရေးအတွက် သတင်းအလိမ်အညာများ တင်၍ပင် လုပ်ဆောင်ခဲ့သည်ဆို၏။

'ဒေါ်နယ်ဂျေထရန့်၏ အမေရိကန် မျိုးချစ်ပုဂ္ဂိုလ်များ' ဟု အမည်ပေးထားသော အုပ်စုတစ်စုတွင် အဖွဲ့ဝင် သိန်းနှင့်ချီကာ ပါဝင်ခဲ့ပြီး ဖေ့စ်ဘွတ်ပေါ် ကိုယ်ယောင်ပြခဲ့ကြလေသည်တကား။

အိမ်ဖြူတော်သို့ ထရန့်ရောက်ရှိစေရေး တွန်းအားပေးသူများသည် ဖေ့စ်ဘွတ်ပေါ်တွင်သတင်းမှားများတင်ကာ မဲဆန္ဒရှင်များအား နားဝေတိမ်တောင်ဖြစ်စေခဲ့သည်ဟု BuzzFeed News အမည်ရှိ နယူးယောက်မြို့အခြေစိုက် ပုဂ္ဂလိက အင်တာနက်မီဒီယာကုမ္ပဏီတစ်ခုက လေ့လာတွေ့ရှိရလေသည်။

လွန်ခဲ့သည့် သုံးလအတွင်း ရွေးကောက်ပွဲ မဲဆွယ်စည်းရုံးရေးကာလ သတင်းဖော်ပြချက်များကို လေ့လာဆန်းစစ်ကြည့်သည့်အခါ ဖေ့စ်ဘွတ်ပေါ်မှ ရွေးကောက်ပွဲဆိုင်ရာ သတင်းအလိမ်အညာများက တည်တည်တံ့တံ့ရပ်တည်နေသော သတင်းဌာနကြီး ၁၉ ခုက ထုတ်ပြန်သော ထိပ်တန်းရွေးကောက်ပွဲ သတင်းများထက်ပင် ပေါက်ပွားမှုအားကောင်းနေသည်ဆို၏။ အဆိုပါပင်မမီဒီယာဌာနများတွင် နယူးယောက်တိုင်း၊ ဖောက်နယူးနှင့် စီဘီအက်စ်တို့ ပါဝင်ကြသည်။

ဖေ့စ်ဘွတ်ပေါ်ရှိ ရွေးကောက်ပွဲဆိုင်ရာ ထိပ်တန်းသတင်းလိမ် ပုဒ်ရေ ၂၀ ကိုကြည့်လျှင် သတင်း ၁၇ ပုဒ်မှာ ထရန့်၏ မဲဆွယ် စည်းရုံးရေးဘက်မှ ထောက်ခံကာ နိုင်ငံရေးဘက်လိုက်မှုဖြင့် ရေးသားထားသည်ကို တွေ့ရကြောင်း၊ သတင်းသုံးပုဒ်မှာမူ ဟီလာရီကလင်တန်ကို ဆန့်ကျင်ခြင်း၊ သို့မဟုတ် ထရန့်ကို ထောက်ခံခြင်း ပြုလုပ်ထားကြောင်း၊ ဖေ့စ်ဘွတ်အသုံးပြုသူများက ယင်းသတင်းများကို အကြိမ်ပေါင်း ၈ ဒသမ ၇ သန်းကျော် တွေ့ထိမှုရှိခဲ့ကြောင်း Buzz Feed ၏ လေ့လာချက်တွင် ဖော်ပြထားလေသည်။

**ခေါင်းစားကြရ**

ဖေ့စ်ဘွတ်နှင့်ဂူဂဲလ်အပါအဝင် ထိပ်တန်းသတင်းမီဒီယာနှင့် အကျော်ဇေယျနည်းပညာကုမ္ပဏီများသည် လပေါင်းအတန်ကြာမျှ သတင်းအတုအယောင်များ ခေါင်းထောင်လာမှုနှင့် ပတ်သက်၍ မည်ကဲ့သို့ ကိုင်တွယ်ဆောင်ရွက်ရမည်ကို ခေါင်းစားခဲ့ကြရလေသည်။

သတင်းလိမ်များအပါအဝင် လိမ်လည်လှည့်ဖျားမှုသဘော သက်ရောက်စေသော အကြောင်းအရာဖော်ပြချက်များ ပါဝင်နေသည့် ဒီဂျစ်တယ်ကြော်ငြာများကို လွှင့်တင်ခြင်းမပြုပါဟု ဖေ့စ်ဘွတ် တာဝန်ရှိသူများက ကြေညာခဲ့ပြီး ဖေ့စ်ဘွတ်၏ မူဝါဒဘက်မှ ကာကွယ်ပြောကြားခဲ့ကြလေသည်။

ဖေ့စ်ဘွတ်ပေါ်တွင် သတင်းအတုအယောင်များတင်ခြင်းမှာ သတင်းထောက်များကိုရော ဖတ်ရှုသူပရိသတ်ကိုပါ စိန်ခေါ်ချက်တစ်ရပ်အဖြစ် အစစ်အမှန်သတင်းသမားများက ယူဆကြလေသည်။

ရွေးကောက်ပွဲတွင် ဖေ့စ်ဘွတ်၏ အခန်းကဏ္ဍမှာ အရေးပါလှသည်မဟုတ်ပါဟု ဖေ့စ်ဘွတ်စီအီးအို မာ့ဇူခါဘတ်က ပြောကြားခဲ့သည့်တိုင် ဒေါ်နယ်ထရန့်ကိုယ်တိုင် ပြောကြားချက်မှာ သာလွန်၍ပင် ထူးခြားနေသည်ဟု ကျွန်ုပ်လေ့လာတွေ့ရှိရသည်။

ရွေးကောက်ပွဲ၌ အနိုင်ရရှိအောင် မိမိကို အဓိကပံ့ပိုးပေးခဲ့သည်မှာ ဖေ့စ်ဘွတ်ပင်ဖြစ်သည်ဟု ထရန့်က ဆိုလေသည်။

ဖေ့စ်ဘွတ်၊ တွစ်တာ၊ အင်စတာဂရမ် စသည့် လူမှုကွန်ရက်ဝက်ဘ်ဆိုက်များသည် မိမိအောင်ပွဲခံရေးအတွက် အထောက်အကူပြုခဲ့သည်ဟု မိမိယူဆကြောင်း ထရန့်က စီဘီအက်စ်ရုပ်မြင်သံကြားဌာနသို့ ပြောကြားခဲ့သည်။

မဲဆွယ်စည်းရုံးရေးကာလအတွင်း ဒီဂျစ်တယ်နှင့် သမားရိုးစဉ်လာ မီဒီယာများမှတစ်ဆင့် မဲဆွယ်စည်းရုံးရာတွင် ကလင်တန်၏အဖွဲ့ ကျခံသုံးစွဲခဲ့သည့် ငွေကြေးပမာဏအထိ ကျခံသုံးစွဲစရာမလိုအပ်ဘဲ လူမှုကွန်ရက်မီဒီယာများကို အသုံးပြု၍ မိမိအနိုင်ရရှိအောင် စွမ်းဆောင်နိုင်ခဲ့သည်ဟု ထရန့်က ပြောကြားခဲ့လေသည်။

လူမှုကွန်ရက် ဝက်ဘ်ဆိုက်များ၏ စွမ်းပကားကို ဒေါ်နယ်ထရန့် ကိုယ်တွေ့သဘောပေါက်ခဲ့သည်မှာကား သေချာလှ၏။

သို့ရာတွင် မိမိသမ္မတဖြစ်လာသည့်အခါ လူမှုကွန်ရက်ဝက်ဘ်ဆိုက်များကို ထိန်းထိန်းသိမ်းသိမ်းဖြင့် အသုံးပြုသွားမည်ဟု ထရန့်က ဆိုထားပြန်သည်။

လောလောဆယ်တွင်မူ ထရန့်ကိုယ်တိုင်က တွစ်တာကို အသုံးပြု၍ သူ့အား ဆန့်ကျင်ဆန္ဒပြနေသူပြည်သူများကို ဦးဆောင်သည့် နိုင်ငံရေးလှုပ်ရှားသူများကို ဝေဖန်ထိုးနှက်ခဲ့လေသည်။

အမေရိကန်ရွေးကောက်ပွဲကာလတွင် မဲဆန္ဒရှင်များ၏ စိတ်ကို ပြောင်းလဲသွားအောင် လူမှုကွန်ရက်အွန်လိုင်းမီဒီယာက ဩဇာသက်ရောက်စေခဲ့သလောဟူသော အချက်မှာ ဆန်းစစ်ဝေဖန်စရာဖြစ်ရလေသည်။

ဖေ့စ်ဘွတ်ဟူသည်ကား စီးပွားရေးလုပ်ငန်း အကျိုးစီးပွားအလို့ငှာ ထူထောင်ထားသည့် ကော်ပိုရေးရှင်းတစ်ခုဖြစ်ပြီးလျှင် လူမှုကွန်ရက်မီဒီယာနှင့် လူမှုကွန်ရက်ဝန်ဆောင်လုပ်ငန်းကို လုပ်ဆောင်လေသည်။

၂၀၀၄ ခုနှစ် ဖေဖော်ဝါရီ ၄ ရက်တွင် ဖေ့စ်ဘွတ်ဝက်ဘ်ဆိုက်ကို ထူထောင်ခဲ့၏။ ထူထောင်သူသည်ကား မာ့ဇူခါဘတ်နှင့် ဟားဗတ်တက္ကသိုလ်မှ သူ၏သူငယ်ချင်းတစ်သိုက်ဖြစ်လေသည်။

ကနဦးတွင် ဟားဗတ်တက္ကသိုလ်ကျောင်းသားများ အသုံးပြုရန်သက်သက်ဖြင့် ဝက်ဘ်ဆိုက်ကို အသုံးပြုရန် မျှော်လင့်ခဲ့လင့်ကစား နောက်ပိုင်းတွင် ရှာနီးချုပ်စပ်ပညာရေးအဖွဲ့အစည်းများမှ ကျောင်းသားများကပါ အသုံးပြုလာခဲ့ကြရာ ဖေ့စ်ဘွတ်မှာ တစ်စစဖြင့် အားကောင်းမောင်းသန်ဖြစ်ခဲ့ရလေသည်။

စားပွဲတင်ကွန်ပျူတာ၊ လက်ပတော့ကွန်ပျူတာ၊ တက်ဘလက် ကွန်ပျူတာတို့အပြင် အင်တာနက်နှင့် မိုဘိုင်းကွန်ရက်များမှတစ်ဆင့် စမတ်ဖုန်းများကိုအသုံးပြု၍ ဖေ့စ်ဘွတ်ကို လွယ်လင့်တကူပင် တွေ့ထိဆက်ဆံနိုင်လေသည်။

ဈေးကွက်အတွင်းသို့ တစ်မုဟုတ်ချင်း ထိုးဖောက်ဝင်ရောက်လာနိုင်သော ဖေ့စ်ဘွတ် အင်ကော်ပိုရိတ်တက်သည် ယနေ့ကာလ တွင် ကမ္ဘာပေါ်၌ ပြည်သူအများစု နှစ်ခြိုက်သည့် လူမှုကွန်ရက်ဆိုက်တစ်ခုအဖြစ် ရပ်တည်လျက်ရှိလေသည်။

ယခုနှစ်တွင် ဆိုရှယ်မီဒီယာမှတစ်ဆင့် ရွေးကောက်ပွဲဆိုင်ရာ သတင်းများ သိရှိသူဦးရေမှာ အမေရိကန်ရှိ အရွယ်ရောက်ပြီးသူ ဦးရေ၏ ၆၀ ရာခိုင်နှုန်းကျော်အထိ ရှိ လာခဲ့ကြောင်း၊ ၂၀၁၂ ရွေးကောက်ပွဲကာလအတွင်း ၄၉ ရာခိုင်နှုန်းသာရှိခဲ့ကြောင်း Pew သုတေသနဌာန၏ လေ့လာချက်အရ သိရလေသည်။

သတင်းသိနိုင်ခွင့် အရင်းအမြစ်တစ်ခုအဖြစ် ဆိုရှယ်မီဒီယာခေါင်းထောင်လာခြင်းသည် နိုင်ငံရေးအရ အကျိုးသက်ရောက်မှုရှိနိုင်သလောဟု စေ့ငုကြရပေသည်။ ဖေ့စ်ဘွတ်တာဝန်ရှိသူများကမူ သတင်းမှားများကို ဖယ်ရှားပစ်နိုင်ရန် အလေးပေးလုပ်ဆောင်နေသည်ဟု ဆိုသော်လည်း မဲဆန္ဒရှင်များ၏ စိတ်ခံစားမှုများကို လှုပ်ခတ်စေနိုင်သည်ဟု ယူဆရဖွယ်ရှိလေသည်။

**အလွဲသွေးဆောင်**

ဖေ့စ်ဘွတ် စာမျက်နှာများပေါ်တွင် သတင်းလိမ်များတင်ကာ ပြည်သူတို့ကို အလွဲသွေးဆောင်စည်းရုံးခြင်းသည်ကား နိုင်ငံရေးရည်ရွယ်ချက်တစ်ရပ်အရ လုပ်ဆောင်ခြင်းဖြစ်ပေလိမ့်မည်။

နိုင်ငံရေးခေါင်းဆောင်များ ကိုယ်တိုင်ရော၊ မဲဆန္ဒရှင်ပြည်သူများကိုယ်၌ပါ အရေးကြီးလှသည်မှာ 'ရိုးသားဖြောင့်မတ်မှု' ဖြစ်သည်ဟု ကျွန်ုပ်ယူဆမိသည်။ အစွဲမကင်းသော လူသားတို့မှာ မိမိဖြစ်စေလိုသော အခြေအနေတစ်ရပ်အတွက် မီဒီယာအသစ်ဖြစ်သော အင်တာနက်ကို အလွဲသုံးခြင်းငှာ မထိုက်ပေ။ ဧကန်မူကား အမှန်တရားဟူသည် လိမ်ပြောအပ်သော အရာမဟုတ်ပေ။ အများပြည်သူ၏ အရေးကို ဦးထိပ်ပန်ဆင်သော လူထုခေါင်းဆောင်များအတွက် အခြေခံအကျဆုံး လိုအပ်ချက်မှာ ရိုးသားဖြောင့်မတ်မှုဖြစ်သလို မဲဆန္ဒရှင်ပြည်သူများကလည်း ရိုးသားဖြောင့်မတ်သော နည်းလမ်းများနှင့်အညီသာလျှင် နိုင်ငံရေးတွင် ထောက်ခံအားပေးမှုရှိသင့်သည်ဟု တွေးတောမိရင်း "မုသာဝါဒါ ရှောင်ကြဉ်ပါ နိုင်ငံ့ဂုဏ်သိက္ခာ" ဟု ကျွန်ုပ်ကျူးရင့်မိပါသတည်း။ ။




ဓာတ်ပုံ - abcnews.com

## ဖိလစ်ပိုင်–မြန်မာရင်းနှီးချစ်ကြည်ရေးအဖွဲ့က ရန်ကုန်ကလေးဆေးရုံသို့ ဆေးရုံသုံးပစ္စည်းကိရိယာများလှူဒါန်း

**ရန်ကုန် နိုဝင်ဘာ ၁၉**

ဖိလစ်ပိုင်-မြန်မာ ရင်းနှီးချစ်ကြည်မှုအဖွဲ့က ရန်ကုန်ကလေးဆေးရုံကြီးသို့ မြန်မာငွေကျပ် ၂၂၀၅၀၀၀၀ တန်ဖိုးရှိ medical infusion နှင့် syringe pumps ခုနစ်စုံ၊ လေအေးပေးစက်နှင့် ကလေးများအတွက် တစ်ကိုယ်ရေသန့်ရှင်းမှု အသုံးအဆောင် ပစ္စည်းကိရိယာများ (hygiene kits) များ လှူဒါန်းသည့် အခမ်းအနားကို နိုဝင်ဘာ ၁၇ ရက်က ရန်ကုန်ကလေးဆေးရုံကြီး (တိုးချဲ့ဆောင်သစ်) အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ဖိလစ်ပိုင်သံရုံးမှ မြန်မာနိုင်ငံ ဖက်ရှင်ဒီဇိုင်နာများအဖွဲ့ (MFDG) နှင့် ဖိလစ်ပိုင်နိုင်ငံဖက်ရှင်နှင့် ဒီဇိုင်းအစည်းအရုံး (FDCP) တို့ ပူးပေါင်းပြီး ဖိလစ်ပိုင်နိုင်ငံနှင့် မြန်မာနိုင်ငံတို့၏ နှစ် ၆၀ ပြည့် ရင်းနှီးချစ်ကြည်မှုအထိမ်းအမှတ်အဖြစ် ဖက်ရှင်ရှိုးပွဲ Passion For Fashion ပြုလုပ်ပြီး ရရှိလာသည့် ငွေကြေးရန်ပုံငွေဖြင့် ရန်ကုန်ကလေးဆေးရုံသို့ လှူဒါန်းခဲ့ခြင်းဖြစ်ကြောင်း၊ တစ်နည်းအားဖြင့် လှူဒါန်းမှုသည် ဖိလစ်ပိုင်-မြန်မာချစ်ကြည်ရေး မှတ်တိုင်တစ်ခုဖြစ်ကြောင်း ရန်ကုန်ကလေးဆေးရုံမှ ဒုတိယဆေးရုံအုပ်ကြီး ဒေါက်တာအောင်ထွန်းဦးက ပြောကြားသည်။

"ကျွန်တော်တို့ဆေးရုံမှာ ဒီပစ္စည်းလေးတွေက တကယ်ကို လိုအပ်နေတဲ့ပစ္စည်းလေးတွေပါ။ ဒီ infusion pumps နှင့် syringe pumps ဆိုတာ ကလေးတွေအတွက် လိုအပ်နေတဲ့ရေပမာဏ သူတို့သတ်မှတ်ထားတဲ့ပမာဏကို ပေးရတာပါ။ ကုသမှုအတွက် အရေးကြီးတဲ့အပိုင်းဖြစ်ပါတယ်။ တစ်ခါတစ်ခါကျ မှန်းဆရတာ တော်တော်ခက်ပါတယ်။ လူကကြည့်ပြီးလုပ်ရတာရှိတယ်။ men power တအားသုံးရပါတယ်။ ဒီစက်ကလေးတွေက သတ်မှတ်ထားတဲ့ အချိန်ကာလအတွင်းမှာ ရေပမာဏကို သွင်းချင်တယ်ဆိုရင် စက်ကလေးက Automatic လုပ်ပေးပါတယ်။ လူလည်းသက်သာတယ်။ တိတိကျကျလည်း တွက်လို့ရပါတယ်" ဟု ၎င်းကဆက်လက်ပြောကြားသည်။

အဆိုပါအခမ်းအနားသို့ ကလေးအထူးကုသမားတော်ကြီး ပါမောက္ခဒေါက်တာ ရဲမြင့်ကျော်၊ ရန်ကုန်ကလေးဆေးရုံမှ ဒုဆေးရုံအုပ်ကြီး ဒေါက်တာအောင်ထွန်းဦးနှင့် တာဝန်ရှိသူများ၊ မြန်မာနိုင်ငံဆိုင်ရာ ဖိလစ်ပိုင်သံရုံး၊ ဖိလစ်ပိုင်နိုင်ငံ ဖက်ရှင်နှင့် ဒီဇိုင်းအစည်းအရုံး၊ မြန်မာဒီဇိုင်နာအဖွဲ့တို့မှ တာဝန်ရှိသူများ တက်ရောက်ခဲ့ကြသည်။ **မိုးမိုး**

## တာချီလိတ်ရှိ အဆင့်မြင့်မြို့မဈေးတွင် မီးဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေး ဇာတ်တိုက်လေ့ကျင့်



**တာချီလိတ် နိုဝင်ဘာ ၁၉**

ရှမ်းပြည်နယ်(အရှေ့ပိုင်း) တာချီလိတ်မြို့နယ် စည်ပင်သာယာရေးကော်မတီ၊ မြို့နယ်မီးသတ်ဦးစီးဌာန၊ ဈေးအကျိုးတော်ဆောင်အဖွဲ့နှင့် ရပ်ကွက်အုပ်ချုပ်ရေးမှူးတို့ပူးပေါင်းကာ ဝမ်ကောင်းမြို့မ အဆင့်မြင့်ဈေးကြီးတွင် မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေးနှင့် ရှာဖွေကယ်ဆယ်ရေး ဇာတ်တိုက်သရုပ်ပြလေ့ကျင့်ခြင်းကို နိုဝင်ဘာ ၁၅ ရက် မွန်းလွဲ ၁ နာရီက အဆိုပါဈေး၌ ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

ယင်းသို့သရုပ်ပြလေ့ကျင့်ရာတွင် မီးသတ်ရေငုတ်များ၊ ရေဖြည့်ပိုက်များ၊ မီးသတ်ပိုက်၊ ဆက်စပ်ပစ္စည်းများနှင့် မီးသတ်ဆေးဘူးများ စစ်ဆေးခြင်း၊ ဈေးဆိုင်ခန်းသုံးမီးလိုင်းနှင့် ဈေးလုံခြုံရေးသုံးမီးလိုင်းများ အန္တရာယ်ကင်းရှင်းမှု ရှိ-မရှိ၊ မီးသတ်ရေကန်မှ ရေသိုလှောင်ထားရှိမှုအခြေအနေ၊ စနစ်တကျမီးသုံးစွဲမှု ရှိ-မရှိတို့ကို ကြည့်ရှုစစ်ဆေးကာ မီးဘေးကြိုတင်ကာကွယ်ရေး သရုပ်ပြမီးငြိမ်းသတ်နည်းများ၊ ရှာဖွေကယ်ဆယ်ရေးလုပ်ငန်းများကို ဇာတ်တိုက်သရုပ်ပြလေ့ကျင့်ခဲ့ကြသည်။

အဆိုပါဇာတ်တိုက်လေ့ကျင့်ရာတွင် မြို့နယ်စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ ဦးစိုင်းလုံမားနှင့်အဖွဲ့ဝင်များ၊ မြို့နယ်စည်ပင်သာယာရေးဌာနမှ အင်ဂျင်နီယာမှူး ဦးလှမျိုးနှင့် ဝန်ထမ်းများ၊ မြို့နယ်မီးသတ်ဦးစီးဌာနမှ မြို့နယ်ဦးစီးမှူး ဦးအောင်ဇော်လင်းဦးစီးသော မီးသတ်တပ်ဖွဲ့ဝင်များနှင့် အရန်မီးသတ်တပ်ဖွဲ့ဝင်များ၊ ဈေးအကျိုးတော်ဆောင်အဖွဲ့ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးနှင့် ဈေးသူ၊ ဈေးသားများက ပူးပေါင်းပါဝင် လေ့ကျင့်ခဲ့ကြောင်း သိရသည်။ **ဝေယံလင်း(ပြန်/ဆက်)**

## ကြားဖြတ်ရွေးကောက်ပွဲကျင်းပနိုင်ရေး ရပ်/ကျေး ကော်မရှင်အဖွဲ့ဝင်များနှင့် တွေ့ဆုံဆွေးနွေး

**ချောင်းဆုံ နိုဝင်ဘာ ၁၉**

ကြားဖြတ်ရွေးကောက်ပွဲအောင်မြင်စွာကျင်းပနိုင်ရေးအတွက် Door to Door စနစ်ဖြင့် မဲစာရင်းကောက်ယူမှု လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို နိုဝင်ဘာ ၁၇ ရက်က ချောင်းဆုံမြို့ရှိ ကျွန်းသာယာခန်းမ၌ ကျင်းပသည်။

ဆွေးနွေးပွဲတွင် ပြည်နယ်ရွေးကောက်ပွဲ တာဝန်ခံအရာရှိ ဒုတိယညွှန်ကြားရေးမှူး ဦးဟိဏ်းလင်းထက်က ပြည်ထောင်စုရွေးကောက်ပွဲ ကော်မရှင်မှထုတ်ပြန်ထားသည့် ညွှန်ကြားချက်များ၊ မဲဆန္ဒရှင်စာရင်း မှန်ကန်တိကျရန်နှင့် ကြားဖြတ်ရွေးကောက်ပွဲ အောင်မြင်စွာကျင်းပနိုင်ရန်အတွက် ရပ်/ကျေးကော်မရှင်များမှလည်း ပူးပေါင်းပါဝင်ဆောင်ရွက်သွားကြရန်မှာကြားပြီး ရပ်/ကျေးကော်မရှင်များမှ သိရှိလိုသည်များအား ပြန်လည်မေးမြန်းခဲ့ကြောင်း သိရသည်။ **မြို့နယ်(ပြန်/ဆက်)**

## လှိုင်သာယာမြို့နယ်တွင် ယာဉ်၊ လမ်း အန္တရာယ်ကင်းရှင်းရေး လက်ကမ်းစာစောင်များ ဝေငှ

**ရန်ကုန် နိုဝင်ဘာ ၁၉**

ရန်ကုန်တိုင်းဒေသကြီး မြောက်ပိုင်းခရိုင် လှိုင်သာယာမြို့နယ် ရုံးရှေ့မှတ်တိုင်အနီးတွင် ယာဉ်၊ လမ်း အန္တရာယ်ကင်းရှင်းရေး ရက်သတ္တပတ်ဆောင်ရွက်ရာ လှိုင်သာယာမြို့နယ် ယာဉ်ထိန်းတပ်ဖွဲ့စု(၆၈)မှ ဒုရဲမှူး စောဟန်သက်မောင်နှင့်အဖွဲ့၊ လှိုင်သာယာမြို့နယ် စည်ပင်သာယာအုပ်ချုပ်ရေးမှူး ဦးခင်မောင်ကြီး၊ လမ်းတံတားစည်ပင်အင်ဂျင်နီယာဦးကံညွန့်၊ လှိုင်သာယာမြို့နယ် အခြေခံပညာ အ. လ. က(၁) ထ (ခွဲ) ကျောင်းမှ ကျောင်းသား၊ ကျောင်းသူလေးများနှင့် HTS ကုမ္ပဏီတို့မှပူးပေါင်း၍ နိုဝင်ဘာ ၁၈ ရက် နံနက် ၈ နာရီက ယာဉ်၊ လမ်း အန္တရာယ်ကင်းရှင်းရေးအတွက် လက်ကမ်းစာစောင်များ ဝေငှခဲ့ကြောင်း သိရသည်။ **စွန်ရဲ(လှိုင်သာယာ)**

## ရေစင်၊ သောက်ရေသန့်စက်၊ အဝီစိတွင်းနှင့် ဆက်စပ်ပစ္စည်းများ ပေးအပ်လှူဒါန်း




**သထုံ နိုဝင်ဘာ ၁၉**

မွန်ပြည်နယ် သထုံမြို့နယ် သုဝဏ္ဏဝတီမြို့ သိမ်ဆိပ်ရပ်ကွက် စေတနာစာကြည့်တိုက်တွင် နိုဝင်ဘာ ၁၇ ရက် နံနက် ၁၀ နာရီက ထိုင်းနိုင်ငံအခြေစိုက် Complicment from Singha Corporation Co.Ltd နှင့် Complicment from P.S.MAESOT IMPORT EXPORT Ltd. Part. တို့ပူးပေါင်းကာ သိမ်ဆိပ်ရပ်ကွက် အခြေခံပညာအထက်တန်းကျောင်းအနီးတွင် ကျောင်းသား၊ ကျောင်းသူများနှင့် အများပြည်သူများ လာမည့်နွေကာလ ရေရှားပါးမှုကင်းဝေးနိုင်ရေးကို အထောက်အပံ့ဖြစ်စေနိုင်ရန်အတွက် တည်ဆောက်ပေးထားသည့် ရေစင်၊ ရေသန့်စက်၊ အဝီစိတွင်းနှင့် ဆက်စပ်ပစ္စည်းများကို ပေးအပ်လှူဒါန်းခဲ့ကြောင်း သိရသည်။

လှူဒါန်းပွဲတွင် အလှူရှင်များက ရေစင်၊ ရေသန့်စက်၊ အဝီစိတွင်း၊ ဆက်စပ်ပစ္စည်းများနှင့် သက်ဆိုင်သည်တို့ကို ပေးအပ်ရာ စေတနာ (အခမဲ့)လူမှုကူညီရေးအသင်းဥက္ကဋ္ဌ ဦးကျော်ထိုက်က လက်ခံရယူပြီး ဂုဏ်ပြုမှတ်တမ်းများပြန်လည်ပေးအပ်ကာ ကျေးဇူးတင်စကားပြန်လည်ပြောကြားခဲ့သည်။

ယင်းနောက် အလှူရှင်အဖွဲ့သည် သိမ်ဆိပ်၊ အခြေခံပညာအထက်တန်းကျောင်းသို့သွားရောက်ပြီး KG တန်းအတွက် ငွေကျပ် ၄၈၀၀၀၀ တန်ဖိုးရှိ စာရေးကိရိယာများ၊ အားကစားပစ္စည်းများနှင့် သင်ထောက်ကူပစ္စည်းများကိုလည်း သွားရောက်လှူဒါန်းခဲ့ကြောင်း သိရသည်။

"ဒီကျောင်းမှာ တစ်နေ့ကို ရေလီတာ ၁၀၀၀ လောက် ကုန်တာပေါ့။ ဒီလိုပူပြင်းတဲ့ကာလရောက်ရင် ရေအခက်အခဲကြုံရတယ်။ ရေမသန့်ရင် ကလေးတွေအတွက် ဝမ်းရောဂါနဲ့ အခြားရောဂါမျိုးတွေ စိတ်ပူရတယ်။ အဓိကကတော့ သောက်ရေက သန့်စင်ဖို့လိုတယ်။ ခုတော့ စိတ်အေးရပြီ။ နီးနီးလေးနဲ့ သောက်ရေသန့်တွေကို အချိန်ပြည့် လိုသလောက်ရတာဆိုတော့ အလွန်ဝမ်းသာပါတယ်" ဟု သိမ်ဆိပ်အ. ထ. ကကျောင်းမှ ဆရာမတစ်ဦးက ပြောသည်။

အဆိုပါကုမ္ပဏီနှစ်ခုပူးပေါင်း၍ မွန်ပြည်နယ်နှင့် ကရင်ပြည်နယ်အတွင်းရှိ အခြေခံပညာကျောင်းများနှင့် ဘုန်းတော်ကြီးသင်ပညာရေးကျောင်း ၂၀ ခန့်တို့တွင် သောက်ရေသန့်စက်များ သွားရောက်လှူဒါန်းခဲ့ပြီး သထုံမြို့နယ်အတွင်း ပထမဆုံးအကြိမ်အဖြစ် ယခုလိုလှူဒါန်းခြင်း ဖြစ်ကာ အခြားလိုအပ်သည့်ကျောင်းများသို့လည်း ဆက်လက်လှူဒါန်းသွားမည်ဖြစ်ကြောင်း သိရသည်။ **သက်ဦး(သထုံ)**

## လားရှိုးခရိုင် သိန္နီမြို့နယ်တွင် မိုးစပါးအထွက်ကောင်း စံကွက်ရိတ်သိမ်း

**သိန္နီ နိုဝင်ဘာ ၁၉**

ရှမ်းပြည်နယ်(မြောက်ပိုင်း) လားရှိုးခရိုင် သိန္နီမြို့နယ်တွင် နိုဝင်ဘာ ၁၅ ရက် နံနက်က စယ်အူအုပ်စုဟိုမိန်းကျေးရွာမှ တောင်သူဦးဆန်ထွန်း၏ ကွင်းအမှတ်- ၉၃ ဦးပိုင် ၁၃/၁ စိတ်ဧက သုည ဒသမ ၈၉ ဧက၌ရှိသော မိုးစပါးအထွက်ကောင်း စပါးမျိုး ၅၀၂ ကို ၆၆ ပေပတ်လည် သုည ဒသမ ၁၀ ဧက စံကွက်ရိတ်သိမ်းပွဲ ပြုလုပ်ခဲ့သည်။

စံကွက်ရိတ်သိမ်းခဲ့ရာ၌ ၆၆ ပေပတ်လည် သုည ဒသမ ၁၀ တွင် ၁၈ ဒသမ ၆၈ တင်း ထွက်ရှိသဖြင့် တစ်ဧကလျှင် အစိုထွက်နှုန်း ၁၈၆ ဒသမ ၇၁ တင်းနှုန်း ထွက်ရှိခဲ့ကြောင်း သိရသည်။

အဆိုပါစံကွက်ရိတ်သိမ်းပွဲသို့ ရှမ်းပြည်နယ်မြောက်ပိုင်း စိုက်ပျိုးရေးဦးစီးဌာန ဒုတိယပြည်နယ်ဦးစီးမှူး ဦးမြကျော်၊ လားရှိုးခရိုင်ဦးစီးမှူး ဦးဝင်းထင်စိုး၊ လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးမင်းသန့်ထွန်း၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးတင်အောင်ဝင်း၊ မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဦးစောသိမ်းထိုက်၊ မြို့နယ်လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာန၊ မြို့နယ်ဦးစီးမှူး ဦးသိန်းကျော်နှင့် မြို့နယ်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ကျေးရွာအုပ်ချုပ်ရေးမှူးများနှင့် တောင်သူ ၈၅ ဦးတို့ တက်ရောက်ခဲ့ကြသည်။ **သီပေါကိုလတ်**

## စားသုံးသူဆိုင်ရာအသိပညာပေးဟောပြောပွဲနှင့် နှီးခမောက်လုပ်ငန်းရှင်များအား ချေးငွေများထုတ်ပေး



**ညောင်တုန်း နိုဝင်ဘာ ၁၉**

ဧရာဝတီတိုင်းဒေသကြီး မအူပင်ခရိုင် ညောင်တုန်းမြို့နယ် စားသုံးသူရေးရာဦးစီးဌာနနှင့် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနတို့ပူးပေါင်း၍ ကျေးရွာနေပြည်သူများအား အသိပညာပေးဟောပြောပွဲကို နိုဝင်ဘာ ၁၇ ရက်မွန်းလွဲ ၁ နာရီက ဝါးတောစွန်းကျေးရွာအုပ်စု ဝါးတောစွန်းရွာမကျေးရွာ၌ ကျင်းပခဲ့သည်။

ဟောပြောပွဲတွင် စားသုံးသူရေးရာဦးစီးဌာနမှ မြို့နယ်ဦးစီးမှူး ဦးအောင်လွင်က စားသုံးသူအကာအကွယ်ပေးရေးအကြောင်း၊ စားသုံးသူ၏အခွင့်အရေးများ သတိပြုရမည့်အချက်များ၊ အန္တရာယ်ရှိသောဆိုးဆေးများပါ အစားအသောက်များမှရရှိနိုင်သည့် ဆိုးကျိုးများအကြောင်းရှင်းလင်းခြင်း၊ မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ စာကြည့်တိုက်မှူး ဒေါ်အမာရှိန်က ကွမ်းစားသုံးမှုကြောင့်ဖြစ်ပွားတတ်သောရောဂါများ၊ ကျန်းမာရေးဆိုင်ရာ ဗဟုသုတများရရှိစေရန် စာအုပ်စာပေများကို များများဖတ်ရှုသင့်ကြောင်း စသည့်အကြောင်းအရာများကို ဟောပြောပြီး လက်ကမ်းစာစောင်များကို ဖြန့်ဝေပေးခဲ့ကြောင်း သိရသည်။

ထို့နောက် ကျေးလက်ဒေသ အသေးစားလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးကော်မတီမှ ဝါးတောစွန်းကျေးရွာအုပ်စု ဝါးတောစွန်းရွာမကျေးရွာ နှီးခမောက်လုပ်ငန်းရှင် ၅၀ အား တစ်ဦးလျှင် ၅၀၀၀၀ နှုန်းဖြင့် ချေးငွေများကို ပေးအပ်ခဲ့ကြောင်း သိရသည်။ **မြို့နယ်(ပြန်/ဆက်)**

# ဦးပိန်တံတား၌ နေဝင်ဆည်းဆာအလှကြည့်ရှုခံစားနေသော ပြည်တွင်း၊ ပြည်ပခရီးသွားများဖြင့် အထူးစည်ကား

**မန္တလေး နိုဝင်ဘာ ၁၉**
မန္တလေးတိုင်းဒေသကြီး အမရပူရမြို့နယ်တွင် တည်ရှိသော ဦးပိန်တံတား၌ နေဝင်ဆည်းဆာအလှ ကြည့်ရှုခံစားနေသော ပြည်တွင်းပြည်ပ ခရီးသွားများဖြင့် အထူးစည်ကားလျက်ရှိကြောင်း သိရသည်။

"ဦးပိန်တံတားကို လာရောက်လည်ပတ်တဲ့ ပြည်တွင်းပြည်ပခရီးသွားတွေ နေ့စဉ်စည်ကားပါတယ်။ ညနေပိုင်းဆိုရင် ဦးပိန်တံတားနေဝင်ဆည်းဆာ အလှကို လာရောက်ကြည့်ရှုတာ ပြည်ပခရီးသွားတွေ၊ ပြည်တွင်းက ဓာတ်ပုံပညာရှင်တွေ အများဆုံး လာရောက်ကြည့်ရှုကြတယ်။ တံတားပေါ်ကကြည့်ရှုခံစားတာရှိသလို တောင်သမန်အင်းအတွင်းမှ ငှက်လှေစီးပြီးလည်း ကြည့်ရှုခံစားကြတယ်။ ညနေပိုင်းဆိုရင် တံတားပေါ်မှာ လူအပြည့်ပဲ" ဟု ဒေသခံတစ်ဦးက ပြောပြသည်။

အမရပူရမြို့နယ်ရှိ ကမ္ဘာကျော်ဦးပိန်တံတားသည် နှစ်ပေါင်း (၁၆၀) ကျော် ကြာမြင့်ကာ ကမ္ဘာ့အရှည်ဆုံး သစ်သားတံတားတစ်စင်းဖြစ်သည်။ မြန်မာသက္ကရာဇ် (၁၂၁၁) ခုနှစ်တွင် စတင်တည်ဆောက်ခဲ့ပြီး ၁၂၁၃ ခုနှစ်တွင် ပြီးစီးခဲ့သည်။ တိုင်ပေါင်း ၁၀၈၆ တိုင်၊ အခန်းပေါင်း ၄၈၂ ခန်း၊ တံတားအရှည် ၃၉၇၆ ပေရှိကြောင်း မှတ်တမ်းများအရ သိရပြီး ညနေပိုင်း နေဝင်ဆည်းဆာအချိန်တွင် နိုင်ငံခြားသား ကမ္ဘာလှည့်ခရီးသွားများနှင့် ပြည်တွင်းခရီးသွားများ အထူးစည်ကားလျက်ရှိကြောင်း သိရသည်။ **သန်းဇော်မင်း(ပြန်/ဆက်)**

## ဒက္ခိဏသီရိမြို့နယ်တွင် အသက်မွေးဝမ်းကျောင်း အထောက်အကူပြု အခြေခံဆိုင်ကယ်စက်ပြင်(မွမ်းမံ)သင်တန်းဖွင့်

**နေပြည်တော် နိုဝင်ဘာ ၁၉**
ကျေးလက်နေပြည်သူများ အလုပ်အကိုင်အခွင့်အလမ်းရရှိစေရန်နှင့် လူမှုစီးပွားဖွံ့ဖြိုးတိုးတက်စေရန်ရည်ရွယ်၍ ဒက္ခိဏသီရိမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကြီးမှူးဖွင့်လှစ်သည့် အသက်မွေးဝမ်းကျောင်း အထောက်အကူပြု အခြေခံဆိုင်ကယ်စက်ပြင်(မွမ်းမံ) သင်တန်းကို အောက်တိုဘာ ၁၈ တွင် ဒက္ခိဏသီရိမြို့နယ် ကျွန်းတက်ပဲ့ကျေးရွာအုပ်စု၊ ညောင်ကုန်းကျေးရွာ၌ ကျင်းပခဲ့သည်။

အခမ်းအနားတွင် ဒက္ခိဏသီရိမြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဦးမျိုးတင့်၊ မြို့နယ်မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန ဦးစီးမှူး ဒေါက်တာတင်အောင်တို့က သင်တန်းဖွင့်လှစ်သင်ကြားပေးရခြင်းနှင့်စပ်လျဉ်း၍ ရှင်းလင်းပြောကြားခဲ့သည်။

ယင်းနောက် သင်တန်းနည်းပြဆရာ ဦးလင်းလင်းနိုင်က သင်တန်းတွင် စာတွေ့လက်တွေ့ သင်ကြားပေးမည့်အခြေအနေများကို ရှင်းလင်းပြောကြားခဲ့ပြီး ဒက္ခိဏခရိုင်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးစိုးလင်းက ခရိုင်အတွင်း သင်တန်းများဖွင့်လှစ်ပေးနေမှုအခြေအနေများနှင့် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများ ဆောင်ရွက်ပေးနေမှုအခြေအနေများကို ရှင်းလင်းပြောကြားပေးခဲ့သည်။

အဆိုပါသင်တန်းတွင် သင်တန်းသား ၂၀ အား ဆိုင်ကယ်အခြေခံသဘောတရား၊ ရှေ့ဘီး၊ နောက်ဘီးချိန်တွယ်တပ်ဆင်ခြင်း၊ ကာဗြူရေတာ ဆီချိန်ခြင်း၊ ပလပ်မီးချိန်ညှိခြင်း၊ အင်ဂျင်ပိုင်းဆိုင်ရာ ပြုပြင်ခြင်းလုပ်ငန်းများနှင့် ဝါယာရိန်းအသေးစိတ်ပြုပြင်ခြင်းလုပ်ငန်းများကို နိုဝင်ဘာ ၁၆ ရက်မှ ၂၅ ရက်အထိ ၁၀ ရက်ကြာ သင်ကြားပို့ချပေးသွားမည်ဖြစ်ကြောင်း သိရသည်။ **ထွန်းထွန်းဝင်း**

## တန်ဆောင်တိုင် နှစ်ကျိပ်ရှစ်ဆူ ဗုဒ္ဓပူဇနီယပွဲတော် ကျင်းပ

**မအူပင် နိုဝင်ဘာ ၁၉**
ဧရာဝတီတိုင်းဒေသကြီး မအူပင်ခရိုင် မအူပင်မြို့ အမှတ်(၄)ရပ်ကွက် မြို့လယ်အသင်းက ကြီးမှူးကျင်းပသည့် (၉၀) ကြိမ်မြောက် တန်ဆောင်တိုင် ဗုဒ္ဓပူဇနီယဘုရားပွဲတော်ကို တန်ဆောင်မုန်းလပြည့်ကျော် (၁) ရက်မှ (၃) ရက်ထိ မြို့တွင်းနှင့် မြို့ပတ်ဝန်းကျင်ကျေးရွာများအရောက် လှည့်လည်အပူဇော်ခံကာ ဗုဒ္ဓမြတ်စွာဘုရားနှင့်အတူ မြေဝိုင်းယိမ်းအကများ၊ တေးသရုပ်ဖော်များဖြင့် စည်ကားစွာ ဘုရားပွဲတော်နွှဲပျော်ပြီး ရပ်ကွက်များအလိုက် စေတနာရှင်များက စုပေါင်း၍ စတုဒိသာအာဟာရဒါနများ ကျွေးမွေးခြင်း၊ နိဗ္ဗာန်ဈေးပွဲတော်များ ကျင်းပခြင်းဖြင့် တန်ဆောင်တိုင်ဘုရားပွဲတော်အား စည်ကားစွာကျင်းပခဲ့ရှိကြောင်း သိရသည်။ **မအူပင်ခရိုင်(ပြန်/ဆက်)**

## မူးယစ်ဆေးဝါးအန္တရာယ် အသိပညာပေးဟောပြောပွဲကျင်းပ

**မောက်မယ် နိုဝင်ဘာ ၁၉**
မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများအန္တရာယ် တားဆီးကာကွယ်ရေး ဘိန်းစိုက်ပျိုးမှုပပျောက်ရေး လုပ်ငန်းစဉ်များကို နိုင်ငံတော်မှ နှစ်တို၊ နှစ်ရှည်စီမံကိန်းများချမှတ်ပြီး ဘိန်းစိုက်ပျိုးသောဒေသများတွင် သက်ဆိုင်ရာဝန်ကြီးဌာနများ၊ လူမှုရေးအသင်းအဖွဲ့များ ပူးပေါင်းဆောင်ရွက်လျက်ရှိရာ ရှမ်းပြည်နယ် လင်းခေးခရိုင် မောက်မယ်မြို့နယ် မြန်မာနိုင်ငံရဲတပ်ဖွဲ့စခန်းနှင့် မြို့နယ်ကျန်းမာရေးဦးစီးဌာနတို့မှပူးပေါင်း၍ နိုဝင်ဘာ ၁၇ ရက် နံနက် ၉ နာရီက အခြေခံပညာအလယ်တန်းကျောင်းခွဲ ဈေးတန်းရပ်ကွက်၌ မူးယစ်ဆေးဝါးအန္တရာယ် အသိပညာပေးဟောပြောပွဲကို ကျင်းပခဲ့ကြောင်း သိရသည်။

မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးမောင်မောင်ထွန်းက ပြည်သူ့ဗဟိုပြု ရဲလုပ်ငန်းစဉ်များဖြစ်သည့် မှုခင်းကျဆင်းရေးဆောင်ရွက်နေမှု၊ လူကုန်ကူးမှုတားဆီးကာကွယ်ရေး၊ မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသောဆေးဝါးများအန္တရာယ် တားဆီးကာကွယ်ရေးအကြောင်းကို ဆွေးနွေးဟောပြောခဲ့ကြောင်းသိရသည်။

အခမ်းအနားတွင် ဆရာ၊ ဆရာမများနှင့် ကျောင်းသား၊ ကျောင်းသူများ အင်အား ၃၅၀ ခန့်တက်ရောက်ကြောင်း သိရသည်။ **စိုင်းမျိုးသန့်(ပြန်/ဆက်)**

## အခြေခံအရေးပေါ် သားဖွားပြုစုစောင့်ရှောက်ခြင်း သင်တန်းဖွင့်

**ဗန်းမော် နိုဝင်ဘာ ၁၉**
ကချင်ပြည်နယ် ဗန်းမော်ခရိုင် ရွှေကူမြို့နယ်တွင် မြို့နယ်အဆင့် Basic Emergency Obstetric Care အခြေခံအရေးပေါ် သားဖွားပြုစုစောင့်ရှောက်ခြင်း ဒုတိယအကြိမ် (ဆင့်ပွား) သင်တန်းဖွင့်ပွဲအခမ်းအနားကို နိုဝင်ဘာ ၁၆ ရက် နံနက် ၉ နာရီက မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာန ရုံးအစည်းအဝေးခန်းမ၌ ကျင်းပခဲ့သည်။

အခမ်းအနားတွင် မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာစိုင်းထွန်းက အသက် ၅ နှစ်အောက် ကလေးသေဆုံးမှုလျော့နည်းစေခြင်း၊ သားဖွားဆရာမများ၏ လုပ်ငန်းအရည်အသွေး ပိုမိုတိုးတက်မြင့်မားလာစေရန်အတွက် သင်တန်းဖွင့်လှစ်ရခြင်းအကြောင်းကို ရှင်းလင်းပြောကြားခဲ့သည်။

ယင်းနောက် သင်တန်းတွင် သင်တန်းမှူး ဒေါက်တာဆုမွန်ဝင်းခင်က သင်တန်းသို့ တက်ရောက်လာသော သားဖွားဆရာမ ၁၈ ဦးအား မမွေးဖွားမီနှင့် မွေးဖွားပြီးတွင် သွေးသွန်ခြင်း၊ မွေးဖွားရန်ခက်ခဲကြန့်ကြာနေသောလူနာများ၊ ပြင်းထန်သော ကိုယ်ဝန်အဆိပ်တက်ရောဂါနှင့် ကိုယ်ဝန်အဆိပ်တက်နာဖြစ်သော လူနာတွင် လက္ခဏာဖြစ်ပေါ်လာပါက အရေးပေါ်ပြုစုစောင့်ရှောက်ခြင်းနှင့် ကိုယ်ဝန်အဆိပ်တက်နေသော ကိုယ်ဝန်ဆောင်(သို့) မွေးဖွားပြီးမိခင်အား အရေးပေါ်ပြုစုစောင့်ရှောက်ခြင်း၊ ရေမွန်းသည့်ကလေးများ အသက်ရှူနိုင်ရန် ကူညီခြင်းများကို သင်ကြားပေးမည်ဖြစ်သည်။ သင်တန်းကို နိုဝင်ဘာ ၂၆ ရက်ထိ စာတွေ့လက်တွေ့ဖွင့်လှစ်သင်ကြား ပို့ချပေးသွားမည်ဖြစ်ကြောင်း သိရသည်။ **ခရိုင်(ပြန်/ဆက်)**

## ပေါင်မြို့နယ်၌ မိုးစပါးစံကွက်ရိတ်သိမ်းပွဲ

**ပေါင် နိုဝင်ဘာ ၁၉**
သထုံခရိုင် ပေါင်မြို့နယ်တွင် နိုဝင်ဘာ ၁၇ ရက် နံနက် ၈ နာရီက မိုးစပါးစံကွက်ရိတ်သိမ်းပွဲကို စိုက်ပျိုးရေးဦးစီးဌာနမှ မွန်ပြည်နယ် ဒုတိယဦးစီးမှူး ဦးအောင်ဇော်နိုင်၊ မြို့နယ်ဦးစီးမှူး ဦးစိန်မောင်းနှင့် ဝန်ထမ်းများသည် ကော့ထော်ကျေးရွာ တောင်သူဦးကျော်ဝင်း၊ ကွင်းအမှတ်(၂၇/၂)ပေါ်ဆန်းရင်စပါးမျိုး (၆ ဒသမ ၆ ပေ × ၆ ဒသမ ၆ ပေ) စံကွက်ရိတ်သိမ်းရာ တစ်ဧကအထွက်နှုန်း ၇၂ တင်း ထွက်ရှိကြောင်း သိရသည်။

အဆိုပါစံကွက်ရိတ်သိမ်းရာတွင် သက်ဆိုင်ရာမှ တောင်သူပညာပေးခြင်းလုပ်ငန်း၊ မျိုးစပါးရွေးချယ်ခြင်းလုပ်ငန်း၊ အထွက်နှုန်း၊ မိတ်ဆက်လက္ခဏာအရ လိုက်နာရမည့်အချက်များကို ဆွေးနွေးခဲ့ကြောင်း သိရသည်။

ပေါင်မြို့နယ်အနေဖြင့် မိုးစပါးရာသီတွင် ပိုးမွှားရောဂါကျရောက်မှု အနည်းငယ်ရှိသော်လည်း တောင်သူပညာပေးဆွေးနွေးပေးခြင်းနှင့် ဝန်ထမ်းများ ကွင်းဆင်းနည်းပညာပေးမှုများကြောင့် ကာကွယ်ထိန်းချုပ်နိုင်ကာ ယခုနှစ်တွင် စပါးအထွက်နှုန်း ယခင်နှစ်ကထက် စပါးအထွက်နှုန်းကျဆင်းခြင်းမရှိကြောင်း သိရသည်။



ပေါင်မြို့နယ်သည် မွန်ပြည်နယ်၌ စပါးစိုက်ဧကအများဆုံးမြို့နယ်ဖြစ်ကာ မိုးစပါး ၁၂၉၁၇၄ ဧကရှိပြီး ယနေ့ထိ ၃၈၀၃၆ ဧက ရိတ်သိမ်းပြီးစီးနေပြီးဖြစ်ကြောင်း သိရသည်။ **ကိုဟိန်း(ပေါင်)**

## တံတားဦးမြို့နယ်တွင် ကျေးရွာချင်းဆက်လမ်းပြင်ပြုပြင်ဆောင်ရွက်နေမှု ကွင်းဆင်းစစ်ဆေး



**တံတားဦး နိုဝင်ဘာ ၁၉**
တံတားဦးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်တွင် ဆောင်ရွက်သည့် မြင်းသည်-မိုးနှံ ခြုံကျေးရွာချင်းဆက် ကျောက်ချောလမ်းခင်းခြင်းကို အောက်တိုဘာ ၁၇ ရက် နံနက်ပိုင်းက မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးမှူး ဦးရဲလွင်နှင့် Comet Energy ကုမ္ပဏီမှ တာဝန်ရှိသူများက ကွင်းဆင်းကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

အဆိုပါ ကျေးရွာချင်းဆက်လမ်းမှာ အလျား ၁ မိုင် ၇ ဖာလုံ၊ အကျယ် ၁၂ ပေ၊ အမြင့် ၉ လက်မ ကျောက်ချောလမ်းအား ခွင့်ပြုရန်ပုံငွေကျပ်သန်းပေါင်း ၉၀ ဒသမ ၁၂၉ သန်းဖြင့် Comet Energy ကုမ္ပဏီမှ တာဝန်ယူဆောင်ရွက်နေခြင်းကို ကျောက်ချောလမ်းမခင်းမီ လမ်းမျက်နှာပြင်ပြုပြင်ခြင်း လမ်းအောက်ခံအမာခံ ရှိ၊ မရှိတို့ကို ကွင်းဆင်းဆောင်ရွက်ခြင်းဖြစ်ပြီး လမ်းအရည်အသွေး ပြည့်မီအောင် ဆောင်ရွက်ပေးလိုကြောင်း၊ သို့မှသာဒေသခံပြည်သူများအဆင်ပြေမည်ဖြစ်ကြောင်း မြို့နယ်ဦးစီးမှူးက ပြောသည်။ **ရဲတင့်(ပြန်/ဆက်)**

## ရေစီးရေလာကောင်းမွန်ရေး ဝိုင်းဝန်းဆောင်ရွက်

**နတ်တလင်း နိုဝင်ဘာ ၁၉**
ပဲခူးတိုင်းဒေသကြီး သာယာဝတီခရိုင် နတ်တလင်းမြို့နယ်အနောက်ခြမ်း တာပွန်တူးမြောင်းတစ်လျှောက် ပြီးခဲ့သည့်နိုဝင်ဘာ ၁၀ ရက် ညပိုင်းတွင် အဆက်မပြတ်မိုးသည်းထန်စွာရွာသွန်းမှုကြောင့် လယ်မြေများထဲသို့ ရေများဝင်ရောက်ရာ စပါးရိတ်သိမ်းချိန်၌ ရေများနစ်မြုပ်လျက်ရှိ၍ ရေအမြန်လျော့ကျစေရေးအတွက် ရေစီးရေလာကောင်းမွန်စေရန် နိုဝင်ဘာ ၁၆ ရက် နံနက် ၈ နာရီမှစ၍ ညနေ ၅ နာရီထိ ရေလမ်းကြောင်းရှင်းလင်းခြင်းများ ဆောင်ရွက်ခဲ့သည်။

မြို့နယ်ဆည်မြောင်းနှင့် ရေအသုံးချရေးဦးစီးဌာန ဒုတိယဦးစီးမှူး ဦးတင်မောင်လွင်၊ တာပွန်နယ်ရဲစခန်းမှ စခန်းမှူးအောင်ဇော်မိုးနှင့်အဖွဲ့၊ တာပွန်မြို့မြောက်ပိုင်းရပ်ကွက် အုပ်ချုပ်ရေးမှူး ဦးတင်မင်းထွဋ်၊ ကုန်းသာရွာအုပ်ချုပ်ရေးမှူး ဦးတင်စန်းနှင့် ရပ်မိရပ်ဖများ၊ တောင်သူများက တာပွန်တူးမြောင်းတစ်လျှောက် မိုးညိုမြို့နယ်၊ ကြို့ပင်ကောက်မြို့နယ်အစပ်အထိ ပိုက်ဂျက်များတားထားခြင်း၊ ယင်းများတားခြင်းဖြင့် ရေစီးခြင်းအား အနှောင့်အယှက်ဖြစ်စေသော အတားအဆီးများကို ဖယ်ရှားရှင်းလင်းခြင်းများ ဆောင်ရွက်ကြသည်။ မြို့နယ်ဆည်မြောင်းနှင့် ရေအသုံးချရေးဦးစီးဌာနဦးစီးမှူး ဦးစဝ်ခွန်ဦးက ဆည်ရေကြောင့်မဟုတ်ဘဲ မိုးရေကြောင့်သာဖြစ်ကြောင်း၊ တောင်ညိုဆည်ရေသည်စပါးပင်များ အောင်ရေရရှိပြီးဖြစ်၍ နိုဝင်ဘာ ၅ ရက်မှစ၍ ဆည်ရေမလွှတ်တော့ကြောင်း၊ မြို့နယ်ဆည်မြောင်းနှင့် ရေအသုံးချရေးဦးစီးဌာနအနေဖြင့် ပိုက်တားခြင်း၊ ယင်းတားခြင်း စသည့်ရေစီးရေလာကောင်းမွန်ရေးအတွက် အနှောင့်အယှက်ဖြစ်စေသည့်ငါး၊ ဖားရှာခြင်းများမပြုလုပ်ကြရန် ကြေညာပြီးသားဖြစ်ကြောင်း၊ ရေအမြန်ကျဆင်းသွားမှ စပါးများရိတ်သိမ်းနိုင်မည်ဖြစ်ကြောင်းပြောသည်။ **(၀၇၁)**

## ကျောက်ဆည်မြို့တွင်ပြည်သူများလျှပ်စစ်အန္တရာယ်ကင်းရှင်းရေး အသိပညာပေးမြေစိုက်ပိုစတာများစိုက်ထူပေး

**ကျောက်ဆည် နိုဝင်ဘာ ၁၉**
လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာန လျှပ်စစ်ဓာတ်အားပေးရေးကော်ပိုရေးရှင်းသည် ပြည်သူများ လျှပ်စစ်ဓာတ်အား စဉ်ဆက်မပြတ်ရရှိရေး၊ ဓာတ်အားစနစ် တည်ငြိမ်ပြည့်ဝစွာရရှိရေးနှင့် လျှပ်စစ်အန္တရာယ်ကင်းရှင်းရေးတို့အတွက် ဓာတ်အားလိုင်းနှင့် မလွတ်ကင်းသည့်သစ်ပင်သစ်ကိုင်းများအားခုတ်ထွင်ဖယ်ရှားရှင်းလင်းခြင်း၊ လျှပ်စစ်အန္တရာယ် မဖြစ်ပေါ်စေရေး၊ မြေစိုက်ပိုစတာများ စိုက်ထူခြင်း၊ အသိပညာပေးဟောပြောဆွေးနွေးခြင်းများနှင့် လက်ကမ်းစာစောင်များဖြန့်ဝေခြင်းတို့ကို ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ယင်းသို့ဆောင်ရွက်ရာတွင် ကျောက်ဆည်ခရိုင် လျှပ်စစ်မန်နေဂျာရုံးအနေဖြင့် ဝန်ထမ်းများက နိုဝင်ဘာ၁၇ ရက်တွင် ပြည်သူများလျှပ်စစ်အန္တရာယ်ကင်းရှင်းစေရေးအတွက် မြို့လယ်လမ်းဆုံမီးပွိုင့်တွင် လျှပ်စစ်အန္တရာယ်ကင်းရှင်းစေရေးအတွက် ပြည်သူများပူးပေါင်းပါဝင်စေရေး၊ လျှပ်စစ်အသုံးအဆောင်ပစ္စည်းများကို ကလေးသူငယ်များ လက်လှမ်းမမီသောနေရာများတွင်သာ တပ်ဆင်အသုံးပြုရန်၊ ရေစိုသောလက်များ၊ အဝတ်အစားများ၊ ဖိနပ်များဖြင့် လျှပ်စစ်ပစ္စည်းများ ကိုင်တွယ်ခြင်းမပြုရ၊ ဓာတ်လိုက်နေသူအား လက်ဖြင့် မဆွဲရန်နှင့် သစ်၊ အသားခြောက်တစ်ခုခုဖြင့် တွန်းထုတ်ရန်၊ တာဝန်မရှိဘဲ ဓာတ်တိုင်ပေါ်သို့ မတက်ရန်စသည့် ပညာပေးအချက်အလက်များနှင့် ဆက်သွယ်ရန်ဖုန်းနံပါတ်များပါဝင်သည့် မြေစိုက်ဆိုင်းဘုတ်စိုက်ထူခဲ့ပြီး ပညာပေးလက်ကမ်းစာစောင်များ ဖြန့်ဝေခဲ့သည်။

**သက်မောင်**

## ၂၀၁၆–၂၀၁၇ ဘဏ္ဍာရေးနှစ် မြစိမ်းရောင်ချေးငွေဖြင့် ဆောင်ရွက်ထားသောလုပ်ငန်းများ ကွင်းဆင်းစစ်ဆေး

**နတ်မောက် နိုဝင်ဘာ ၁၉**
မကွေးတိုင်းဒေသကြီး နတ်မောက်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး၏ ကြီးကြပ်လမ်းညွှန်မှုဖြင့် နိုဝင်ဘာ ၁၈ ရက် နံနက် ၁၀ နာရီက ငွေးကုန်းကျေးရွာ၂၀၁၆-၂၀၁၇ ခုဘဏ္ဍာရေးနှစ် မြစိမ်းရောင်ချေးငွေဖြင့် ဆောင်ရွက်ထားသော လုပ်ငန်းများအား ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့သည်။

အဆိုပါ မြစိမ်းရောင်ကျေးရွာစီမံကိန်းဆောင်ရွက်ခွင့်ရသည့် ငွေးကုန်းကျေးရွာစိုက်ပျိုးရေး၊ မွေးမြူရေးနှင့် အသက်မွေးဝမ်းကြောင်းအထောက်အကူပြုလူဦးရေ အိမ်ထောင်စုပေါင်း (၁၅၆) အိမ်ထောင်စုအားချေးငွေ ၃၁၂ သိန်းအားချေးငွေလည်ပတ်မှုအခြေအနေများကို စစ်ဆေးခဲ့ခြင်းဖြစ်သည်။

လုပ်ငန်းများတွင်အခက်အခဲရှိပါက မြို့နယ်ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနသို့ အကြောင်းကြား၍ မြို့နယ်ဦးစီးဌာနမှတစ်ဆင့် သက်ဆိုင်ရာဌာနများသို့အကြောင်းကြားကူညီ ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ကျေးလက်နေတောင်သူများအား ပြောကြားခဲ့ကြောင်းသိရသည်။

**လှဝင်း(နတ်မောက်)**

## နိုင်ငံ့ဝန်ထမ်းပြုပြင်ပြောင်းလဲရေးမဟာဗျူဟာမြောက် လုပ်ငန်းအလုပ်ရုံဆွေးနွေး



**တောင်ကြီး နိုဝင်ဘာ ၁၉**
မြန်မာနိုင်ငံ၏ နိုင်ငံ့ဝန်ထမ်းပြုပြင်ပြောင်းလဲရေးအတွက် မဟာဗျူဟာမြောက်လုပ်ငန်းအစီအစဉ်ရေးဆွဲခြင်း၊ ဒုတိယအကြိမ်အကြံပြု အလုပ်ရုံဆွေးနွေးပွဲကို နိုဝင်ဘာ ၁၇ ရက် နံနက် ၉ နာရီက တောင်ကြီးမြို့တွင် ကျင်းပခဲ့သည်။

ဆွေးနွေးပွဲတွင် နယူးဇီလန်နိုင်ငံဝန်ထမ်းကော်မရှင်မှတာဝန်ရှိသူတစ်ဦးဖြစ်သည့် Mr.Ryan Orange က အဓိကအကြောင်းအရာများကို ယှဉ်တွဲယှဉ်ပြီ ဆက်ခြင်း၊ နိုင်ငံတကာနှင့် ဒေသတွင်းရှိ ပုံစံများကို အခြေခံ၍ အကောင်းဆုံးအတွေ့အကြုံများနှင့် ဆွေးနွေးရမည့် အကြောင်းအရာများကို ရှင်းလင်းတင်ပြခဲ့သည်။

တက်ရောက်လာသည့် ကိုယ်စားလှယ်များက အုပ်စု(၄)စုခွဲကာ ပြည်တွင်းပြည်ပမှ ဦးဆောင်ဆွေးနွေးဖူးသူများက အကြောင်းအရာလေးမျိုးဖြစ်သော နိုင်ငံ့ဝန်ထမ်းအပေါ် အုပ်ချုပ်မှုအသစ်၊ အရည်အချင်းအပေါ်အခြေခံပြီး စွမ်းဆောင်ရည်ဖြင့် မောင်းနှင်သည့်စနစ်များနှင့် ယဉ်ကျေးမှု၊ နိုင်ငံ့ဝန်ထမ်းကဏ္ဍ၏ ထိရောက်မှုနှင့် စွမ်းရည်ပြည့်မှု၊ ပြည်သူ့ဝန်ထမ်းဆောင်ရွက်ခြင်းတွင် ပွင့်လင်းမြင်သာမှုနှင့် တာဝန်ခံမှုတို့ ခေါင်းစဉ်ဖြင့် ဆွေးနွေးခဲ့သည်။

အဆိုပါ အလုပ်ရုံဆွေးနွေးပွဲသို့ ရှမ်းပြည်နယ်လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး၊ ပြည်နယ် လမ်းပန်းဆက်သွယ်ရေးဝန်ကြီး၊ ပြည်နယ်ဘဏ္ဍာရေးဝန်ကြီး၊ ပြည်နယ် စည်ပင်သာယာရေးဝန်ကြီး၊ ပြည်ထောင်စုရာထူးဝန်အဖွဲ့အမြဲတမ်းအတွင်းဝန်၊ UNDP တာဝန်ရှိသူများ၊ ရှမ်းပြည်နယ်အရှေ့ပိုင်း၊ မြောက်ပိုင်း၊ တောင်ပိုင်း၊ ပအိုဝ်း ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဦးစီးအဖွဲ့၊ ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသဦးစီးအဖွဲ့၊ ပလောင်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသဦးစီးအဖွဲ့၊ 'ဝ' ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသဦးစီးအဖွဲ့၊ ကိုးကန့်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဦးစီးအဖွဲ့၊ ရှမ်းပြည်နယ်နှင့် ကယားပြည်နယ်တို့မှ လွှတ်တော်ကိုယ်စားလှယ်များ၊ကယားပြည်နယ်အစိုးရအဖွဲ့မှဌာနဆိုင်ရာ တာဝန်ရှိသူများတက်ရောက်ခဲ့ကြောင်း သိရသည်။

**စိုင်းသန်းကျော်(တောင်ကြီး)**

## ရွှေတောင်(၈) မိုးနှောင်းဝါမျိုးသစ်ကွင်းပြပွဲ မုံတိုင်ပင်ကျေးရွာ၌ပြုလုပ်



**ရေဦး နိုဝင်ဘာ ၁၉**
စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ ရေဦးမြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ ဦးစီးကျင်းပသည့် ရွှေတောင် (၈) မိုးနှောင်းဝါမျိုးသစ်ကွင်းပြပွဲကို နိုဝင်ဘာ ၁၇ ရက် နံနက် ၉ နာရီက မုံတိုင်ပင်စံပြကျေးရွာ တောင်သူဒေါ်စန်းမြင့် ဦးပိုင်အမှတ် (၄၄)၊ ကွင်းအမှတ်-၂၂၆၇ ၌ ကျင်းပခဲ့သည်။

ကွင်းပြပွဲတွင် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်တာဝန်ခံ ဦးဉာဏ်ဝင်းက သိပ္ပံနည်းကျစိုက်ပျိုးနည်းစနစ်နှင့် ဝါမျိုးသစ်များ၏ အရည်အသွေးလက္ခဏာများ အကြောင်းကိုလည်းကောင်း၊ ရွှေဘိုခရိုင်စိုက်ပျိုးရေးဌာန ခရိုင်စိုက်ပျိုးရေးဦးစီး အရာရှိ ဒေါ်မာမာချိုက ဒေသခံတောင်သူများအနေဖြင့် အခြားမြို့ရွာများသို့ သွားရောက်လုပ်ကိုင်နေမည့်အစား ဝါဈေးကောင်းနေသောအချိန်တွင် မိမိပိုင်ယာမြေ၌ ဝါသီးနှံအနည်းဆုံးတစ်ဧကခန့် စိုက်ပျိုးသင့်ကြောင်း၊ ဝါကိုအချိန်ကိုက် စိုက်ပျိုးပါကတစ်ဧက ဝါရာနှုန်းပြည့် ထွက်ရှိမည်ဖြစ်သလို အမြတ်ရရှိစေပြီး မိသားစုအပိုဝင်ငွေ ရရှိနိုင်ကြောင်း၊ မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန ဝါသီးနှံစိုက်ကွင်း တာဝန်ခံ ဒုဦးစီးမှူး ဒေါ်ခင်စန်းမြင့်က ယခင်နှစ်က ငွေချည်(၆) စိုက်ခဲ့ရာမှ ယခုအခါမျိုးပြောင်းလဲကာ သီးလုံးဖောက်ပိုးမွှားနှင့်စုပ်ပိုး အန္တရာယ်ဒဏ်ခံနိုင်သော ရွှေတောင် (၈) မိုးနှောင်းချည်မျှင်ရှည်ဝါမျိုးကို စမ်းသပ်စိုက်ပျိုးခဲ့ကြောင်း၊ ပြောင်းလဲလာသောရာသီဥတု အခြေအနေအရ အပင်ပြုစုခြင်းလုပ်ငန်းများ အချိန်ကိုက်ဆောင်ရွက်ခဲ့ရကြောင်း၊ စိုက်သည့်ရက်မှစ၍ အပင်သက်တမ်းရက် ၅၀ ပြည့်လျှင် စုပ်ပိုးကာကွယ်ဆေးနှစ်ကြိမ်၊ ရက်ပေါင်း ၆၀ ပြည့်ပါက ဝါဂွမ်းပိုးနီ၊ ရွက်လိပ်ရွက်စားပိုးသတ်ဆေးနှစ်ကြိမ် ဖျန်းပေးရကြောင်း၊ လေးလကျော်လျှင် ဝါစတင်ကောက်နိုင်ပြီဖြစ်ကြောင်း၊ ဝါကောက်ပြီးပါက ဝါကုန်သည်များနှင့် ချိတ်ဆက်၍ ရောင်းချနိုင်အောင် စီစဉ်ဆောင်ရွက်ပေးနေကြောင်း၊ စိုက်ပျိုးစရိတ်ကုန်ကျမှု နည်းပါးပြီး အမြတ်များများရနိုင်ကြောင်း၊ တစ်ဧကလျှင် ဝါပိဿာချိန် ၅၀၀ မှ ၁၀၀၀ ပိဿာအထိ ထွက်နိုင်သလို စတင်စိုက်ပျိုးချိန်မှဆွတ်ခူးချိန်အထိ ပိုးသတ်ဆေးသုံးစွဲရမှုနည်းပါးပြီး ကုန်ကျစရိတ်သက်သာစေသည့်အတွက် တောင်သူများ စိုက်ပျိုးသင့်ကြောင်း ရှင်းလင်းပြောပြသည်။

ကွင်းပြပွဲသို့ တက်ရောက်လာကြသော ဒေသခံတောင်သူ ၅၀ ဦးနှင့် စိုက်ပျိုးရေးဌာနဝန်ထမ်းများမှ ဝါစိုက်ခင်းသို့သွားရောက်ကြည့်ရှုကြပြီး တောင်သူသိလိုသောအချက်များကို ထပ်မံရှင်းလင်းဖြေကြားပေးခဲ့သည်။

**သန်းထိုက်(ရေဦး)**

## လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေးနှင့် မှုခင်းကျဆင်းရေး ခြောက်လစီမံချက် အကောင်အထည်ဖော်ရေးလုပ်ငန်းညှိနှိုင်းအစည်းအဝေးကျင်းပ

**ဟသ္သာတ နိုဝင်ဘာ ၁၉**
ဧရာဝတီတိုင်းဒေသကြီး ဟသ္သာတခရိုင်အတွင်း၌ လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေးနှင့် မှုခင်းကျဆင်းရေးအတွက်ခြောက်လစီမံချက် အကောင်အထည်ဖော်ရေး ညှိနှိုင်းအစည်းအဝေးအခမ်းအနားကို နိုဝင်ဘာ ၁၈ ရက်က ခရိုင်ရဲတပ်ဖွဲ့မှူးရုံး အစည်းအဝေးခန်းမ၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

အခမ်းအနားတွင် ဟသ္သာတခရိုင်ရဲတပ်ဖွဲ့မှူး ယာယီဒုတိယရဲမှူးကြီးတင့်ဝေက လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေးနှင့် မှုခင်းကျဆင်းရေး ပထမရက် (၁၀၀) ကာလပြီးနောက် ခြောက်လအတွင်း ဆောင်ရွက်မည့် လုပ်ငန်းစီမံချက်ပါ ပြစ်မှုကြိုတင်ကာကွယ်ရေး၊ အမှုကြီးများကျဆင်းရေး၊ အမှုကြီးများဖြစ်ပွားမှုကို တွန်းအားပေးသည့် Risk Factor များ လျှော့ချနိုင်ရေး၊ မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေး၊ ဝန်ဆောင်မှုကိုရှေးရှုသော ရဲလုပ်ငန်းစနစ်သို့ အသွင်သဏ္ဍာန်ပြောင်းလဲခြင်းနှင့် အနှစ်သာရတိုးတက်ရေးအတွက် ပိုမိုထိရောက်အောင်ဆောင်ရွက်ရေး၊ စွမ်းရည် မြှင့်တင်ဆောင်ရွက်ရေးတို့အတွက် ရဲတပ်ဖွဲ့ဝင်များဆောင်ရွက်ရမည့်ကဏ္ဍ၊ ရဲတပ်ဖွဲ့နှင့်ဌာနဆိုင်ရာ အဖွဲ့အစည်းများ ပူးပေါင်းဆောင်ရွက်ရမည့်ကဏ္ဍ၊ ရဲတပ်ဖွဲ့နှင့် ပြည်သူလူထုပူးပေါင်းဆောင်ရွက်ရမည့်ကဏ္ဍတို့အား အသေးစိတ်ချပြရှင်းလင်းပြီး စီမံချက်ပါ ရည်ရွယ်ချက် (၄) ရပ်အပေါ် မြို့နယ်အလိုက်အကောင်အထည်ဖော်ဆောင်ရွက်ရမည့် လုပ်ငန်းများအကြောင်းကို အကျယ်တဝင့် ရှင်းလင်းညွှန်ကြားခဲ့သည်။

အဆိုပါ လုပ်ငန်းညှိနှိုင်းအစည်းအဝေး အခမ်းအနားသို့ ဟသ္သာတခရိုင်အတွင်းရှိ ဟသ္သာတ၊ ကြံခင်း၊ မြန်အောင်၊ အင်္ဂပူ၊ လေးမျက်နှာ၊ ဇလွန်ခြောက်မြို့နယ်မှ မြို့နယ်ရဲတပ်ဖွဲ့မှူးများ၊ ခရိုင်ရဲတပ်ဖွဲ့မှူးရုံးဦးစီးအရာရှိများနှင့် ဦး၊ ရေး၊ ထောက်ဌာနစိတ်တာဝန်ခံများ စုစုပေါင်းအရာရှိ ရဲတပ်ဖွဲ့အင်အား ၂၅ ဦး တက်ရောက်ခဲ့ကြောင်း သိရသည်။

**ကျော်ကျော်(ဟသ္သာတ ပြန်/ဆက်)**



Pride of MYANMAR

သင့်လက်ထဲမှာရှိတဲ့အကောင်းဆုံး **မြန်မာ့ထွက်ကုန်စစ်စစ် ( စားသောက်ကုန် ) ကို**

CMHL နဲ့အတူ **ပူးပေါင်းဆောင်ရွက်ပါ။**

နိုင်ငံတကာတွင်ရပ်တည်နိုင်မည့် အရည်အသွေးမြင့် ကုန်ပစ္စည်းမျိုး ပိုင်ဆိုင်ထားပြီး၊ အမြောက်အမြား ထုတ်လုပ်ရန်ခက်ခဲနေသူ၊ ဖြန့်ဖြူးရောင်းချရန်အခက်အခဲရှိနေသူ၊ ငွေအရင်းအနှီးနည်းပါးနေသူ၊ မြန်မာနိုင်ငံသူနိုင်ငံသား မည်သူမဆို ဝင်ရောက်လျှောက်ထားနိုင်ပြီး၊ အရွေးချယ်ခံရသူ လုပ်ငန်းရှင်တစ်ဦးကို လုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးတွင်ရင်းနှီးမြှုပ်နှံရန်

**ငွေကျပ် ၁၀,၀၀၀,၀၀၀ (ကျပ်သိန်းတစ်ရာ) အထိ** ပံ့ပိုးကူညီသွားမည်ဖြစ်ပါသည်။

၃၁ရက်၊ ဒီဇင်ဘာလ၊ ၂၀၁၆ခုနှစ် နောက်ဆုံးထား၍ စာရင်းပေးသွင်းနိုင်ပါသည်။

City Mart Supermarket | Ocean SUPERCENTER | marketplace by City Mart

အသေးစိတ်သိရှိလိုပါက Hot Line: 09 260051283



enquiry@city.com.mm | City Mart Supermarket Myanmar | Ocean Supercenter Myanmar သို့ ဆက်သွယ်မေးမြန်းနိုင်ပါသည်။



ACE® PE WATER TANK
KOREA HI-TECH



* ရေညှိတက်ခြင်းနှင့် ဘက်တီးရီးယား ပိုးမွှားအန္တရာယ် လျော့နည်းအောင် စီမံထားပါသည်။ Silver Nano treated BACTECIDE®
* သောက်သုံးရေနှင့် အစားအသောက်ပစ္စည်းများ သိုလှောင်ရန် ၁၀၀% အထူးသင့်လျော်ပါသည်။ (အမေရိကန် FDA လက်မှတ်ရ ကိုရီးယားကုန်ကြမ်း)
* နှစ်(၁၀)အာမခံပါသည်။
* Chemical Tank အဖြစ်အသုံးပြုလိုပါက သီးခြားမှာယူနိုင်ပါသည်။

နည်းပညာအသစ်ကြောင့် ကျန်းမာရေးနှင့် ညီညွတ်သည် ခိုင်ခံ့သည်






HORIZONTAL TYPE (အလျားလိုက်)
70, 110, 170, 220, 250 GAL
VERTICAL TYPE (ဒေါင်လိုက်)
70, 110, 170, 220, 250, 400, 500, 600, 800, 1000, 1500, 2000 GAL

ရန်ကုန်မြို့တွင်း အရောက်ပို့ပေးပါသည်။

Ph: 01 684743, 09 73094221, 09 450048469
အမြို့မြို့အနယ်နယ်ရှိ ကိုယ်စားလှယ်ဆိုင်များတွင် ဝယ်ယူရရှိနိုင်ပါသည်။



အချိန်နှင့်အမျှ တိုးတက်ပြောင်းလဲနေသော နည်းပညာခေတ်ကြီးကို ရင်ဆိုင်ယှဉ်ပြိုင်နိုင်ရန် အခွင့်အလမ်းကောင်းများစွာ ဖန်တီးပေးနေသော ကျောင်းကို မှန်ကန်စွာ ရွေးချယ်လိုက်ကြပါစို့
21st Century Education for the 21st Century Children

TOTAL
@NorthDagon
•Pre-School •Primary •Weekend English



| Tamwe | 41st Street | Kyi Myin Daing | Sanchaung | Aung Zeya | Thingangyun | Taunggyi | Kamayut | North Dagon |
|---|---|---|---|---|---|---|---|---|
| 24/26 South Race Course St. | 107-115 41st Street | 17 U Lu Ni Street | 336 Pyay Road | 34 Aung Zeya St. | 1 Thumingalar Street | 24/12 Kanbawza St. | 60(A) Chindwin Rd. | 318 U Aw St. 48 Qtr |
| 01 401592 - 4 | 01 376010, 376022 | 01 2300 715 - 6 | 01 526456 | 09 262934441-2 | 01 8551360 - 3 | 081 206841-4 | 09 31714586 | 09796206884 |

www.brainworks-total.com



FARMER AUTO SHOWROOM

ပြခန်း(၁) - အမှတ်(၁၈)၊ ဒေါင်ဖေယျာလမ်း၊ ကျောက်ကုန်း၊ ရန်ကုန်။ ဖုန်း- ၀၉-၃၁၅၈၉၆၄၃
ပြခန်း(၂) - အမှတ်(၁၉)၊ ပြည်လမ်း၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်။ ၀၉-၇၃၂၅၂၄၃၈
နေပြည်တော် - အမှတ်(၅၈၇)၊ ရာဇဌာနီလမ်း၊ နေပြည်တော်။ ဖုန်း- ၀၉- ၇၃၄၉၁၀၂၃
မကွေး - နတ်မောက်လမ်းနှင့် ဗိုလ်ချုပ်လမ်းထောင့်၊ မကွေးမြို့။ ဖုန်း - ၀၉-၃၁၈၂၄၀၄၇

* ရန်ကုန်နှင့်နယ်လိုင်စင် TAXI ကားနှင့် တခြားကားများကို အရစ်ကျဝယ်ယူနိုင်ပါသည် *
* Suzuki Ertiga နှင့် Carry Truck Brand New ကားများကိုလည်း အရစ်ကျစနစ်ဖြင့် ဝယ်ယူအားပေးနိုင်ပါသည်*



**အိမ်အမြန်ရောင်းမည်**

မင်္ဂလာဒုံ၊ ရွှေနံ့သာစံပြရပ်ကွက်၊ 80'x130', လမ်းနစ်ဖက်ပေါက် 1RC, 2BR, ဂရံ (အမည်ပေါက်)၊ ပိုင်ရှင်ကိုယ်တိုင်၊ အမြန်ရောင်းမည်။

**ညီနှိုင်းဈေး**

Ph - 09 500 76 47



**မိတ္ထီလာ စက်မှုဇုန်**
**အရစ်ကျစနစ်ဖြင့် ဦးရာလှူရောင်းမည်။**

စက်မှုဇုန်(၂)စက အဆောက်အဦးပါ၊ ပါဝါမီတာ၊ ရေ၊ ပတ်လည်လမ်းပေါက် ပေ (၂၀၀) × ပေ(၄၀၀) (အကွက်လှ) (၂)လမ်းမပေါ် (စီးပွားရေးလုပ်ရန်အလွန်ကောင်း)၊ မီးအားပြည့်၊ အနီးအနား အထည်ချုပ်၊ ရေသန့်၊ ရက်ကန်း၊ လက်ဖက်-ပဲကြော် စက်ရုံများစွာရှိ၍ စည်ကားပါသည်။ လုပ်ငန်းမျိုးစုံလုပ်ရန် ရနိုင်သော နေရာကောင်း ဖြစ်ပါသည်။(ဂရန်မြေ)
အရစ်ကျစနစ် (၁)နှစ်တိတိအရောင်း - **သိန်း (၃၈၀၀/-)**
ဆက်သွယ်ရန် - ၀၉၇၈၅၅၀၃၅၉၈၊ ၀၉-၂၅၀၀၂၁၅၈၅

NVL INSTITUTE
TOWARDS EXCELLENT EDUCATION
Collaboration Partners;
uclan University of Central Lancashire
NCC Education ACCREDITED PARTNER
University of Worcester

UK မှ တိုက်ရိုက် ချီးမြှင့်မည့် နိုင်ငံတကာ အသိအမှတ်ပြု ကွန်ပျူတာ သိပ္ပံဘွဲ့နှင့် စီးပွားရေး စီမံခန့်ခွဲမှုဘွဲ့

၁၀ တန်း အောင်မြင်ထားပြီး တက္ကသိုလ်တက်ရန် မရွေးချယ် ရသေးသူများ
တက္ကသိုလ် တက်ရောက်နေဆဲ ကျောင်းသား/သူများ **ပထမနှစ်** မှ စတင် တက်ရောက်နိုင်ပါသည်။

University of Central Lancashire (UK) မှ တိုက်ရိုက်ချီးမြှင့်မည့်
ကွန်ပျူတာ သိပ္ပံဘွဲ့ B.Sc (Hons) BCIS
Business Computing and Information System

NCC Education မှ ချီးမြှင့်သည့် L4DC/L4DB Diploma ရရှိထားသူများ
ပြည်တွင်းပြည်ပမှ သက်ဆိုင်ရာ Certificate/Diploma/Degree ရရှိထားသူများ **ဒုတိယနှစ်** သို့ တိုက်ရိုက် တက်ရောက်နိုင်ပါသည်။

University of Worcester (UK) မှ တိုက်ရိုက်ချီးမြှင့်မည့်
စီးပွားရေး စီမံခန့်ခွဲမှုဘွဲ့ B.A (Hons) BBA
Business Administration

December (8) ရက်နေ့
တန်းခွဲသစ်အားလုံးဖွင့်မည်။

NCC Education မှ ချီးမြှင့်သည့် L5DC/L5DB Diploma ရရှိထားသူများ **နောက်ဆုံးနှစ်** သို့ တိုက်ရိုက် တက်ရောက်နိုင်ပါသည်။

B.A(Hons) BBA (UK) ဘွဲ့ကို ပေးအပ်မည့် မန္တလေးမြို့၏ တခုတည်းသော ကျောင်းဖြစ်ပါသည်။

Tel : 09-792000046, 09-962000046, 09-967712595 Hot Line : 09-962042468
Block-2, Unit-14, Water Street, Mingalar Mandalay, 73Street, Bet : Thazin & NguShweWar St, ChanMyaTharsi Tsp.

ပန်းတိုင် အိမ်အလှဆင်လုပ်ငန်း
၁။ မျက်နှာကျက်အလှဆင်လုပ်ငန်း
၂။ ကြွေပြားကပ်အလှဆင်လုပ်ငန်း
၃။ ဆေးသုတ်အလှဆင်လုပ်ငန်း
၄။ လျှပ်စစ်စီးအလှဆင်လုပ်ငန်း
၅။ ပါကေး၊ ပေါ်လစ်အလှဆင်လုပ်ငန်း
၆။ ရေတံခွန်နှင့်ရေပန်းအလှဆင်လုပ်ငန်း
၇။ စတီးအလှဆင်လုပ်ငန်း
၈။ သံပန်းအလှဆင်လုပ်ငန်း



ဟော်တယ်၊ အိမ်အလှအပတို့ပေါ်လွင်စေသည်။
လျှပ်စစ်ဓာတ်အားမကုန်
ဆူညံမှုမရှိ
ပတ်ဝန်းကျင်ကိုအေးမြစေသည်။
indoor, outdoor အသုံးပြုနိုင်
အမြင့်–၆ပေလက်မ
အကျယ်–၃ပေ လက်မ
Ph - 09 459186699

ကွန်ပြူတာ အရောင်းဆိုင်
ခေတ်မီမြေအုတ်ရိုက်စက်ရပြီ
09 4200 35882
09 4200 35884

GW
0973226006
0973133528
0973077569
အိမ်ပြောင်း အိမ်ရွှေ့
ဝန်ဆောင်မှုလုပ်ငန်း
ကားများနှင့် လုပ်သားအပါ ဝန်ဆောင်မှုပေးသည်။ နယ်အိမ်ပြောင်း ကားငှားနိုင်သည်။
09401505559

တော်လှန်ရေးသမားတစ်ဦးရဲ့ တော်လှန်သောအတွေးအမြင်
ဆောင်းပါးပေါင်းချုပ်
ထွန်းအောင်ကျော် (ABSDF. ဥက္ကဋ္ဌဟောင်း)
ရန်ကုန်မြို့နှင့် မြန်မာပြည်တပြည်လုံးရှိ စာအုပ်ဆိုင်ကြီးများတွင် ဝယ်ယူနိုင်ပါသည်။
အောက်ပါဖုန်းနံပါတ်သို့ ဆက်သွယ်မှာကြားပါက စာအုပ်ရောက် ငွေချေစနစ်ဖြင့် စာတိုက်မှ ပို့ဆောင်ပေးပါမည်။ ပို့ခ–၁၀၀၀ ကျပ် တန်ဖိုး–၄၀၀၀ ကျပ်
လွင်ဦးစာပေ (လှည်းတန်း)– ၀၉ ၂၅၉ ၂၈၉ ၁၅၉၊ ၀၉ ၄၅၃ ၃၃၆ ၉၈၀

Since 1860
Armstrong FLOORING
ဆေးရုံဆေးခန်း ကျန်းမာရေးဌာနများအတွက် အသင့်တော်ဆုံး
HEALTHCARE SOLUTION FLOORING



Healthcare Flooring
ဆေးရုံသုံး အထူးကြမ်းခင်း
BUY Healthcare Flooring ၁၀ ကျင်း → GET FREE Glass Basin ၁ ခုလက်ဆောင်



Size: 80 x 52 cm
Marketed by: Home Distribution Group
Since 1996 Home
Building – N , Room No. (33,34)
09 79 700 70 88
09 79 700 70 99

ဆိုင်ဖွင့်လိုသူလုပ်ငန်းရှင်များကို GAK SUNG မှ ဖိတ်ခေါ်အပ်ပါသည်။
VIGEN MYANMAR CO.,Ltd ၏လုပ်ငန်းခွဲတစ်ခုဖြစ်သော GAK SUNG ၏ Champ of Champ ကုသစက်များသည် Massage Chair သက်သက်မဟုတ်၊ ကုသမှုအာနိသင်ပါပေးသော ကိုရီးယား နိုင်ငံထုတ် ကျန်းမာရေးအကောင်းဆုံး ကုသစက်+Massage Chair များဖြစ်ပါသည်။
သင်ကိုယ်တိုင်လည်း သိန်း(120) ကျပ်ခန့်နှင့် ပေ(20'×15') အခန်းတစ်ခန်းရှိရုံဖြင့် ကိုယ်ပိုင်ဆိုင်ဖွင့်နိုင်ပါပြီ။ နေ့စဉ်ဝင်ငွေ၊ လစဉ်ဝင်ငွေများရရှိနိုင်မည့်အပြင် အကျိုးအမြတ်များ ရရှိနိုင်မည် ဖြစ်လို့ ......
အခုပဲ လာရောက်လေ့လာလိုက်ပါ.....။



လိပ်စာ- အမှတ်(၂၉)၊ ရေကျော်လမ်းမ၊ ပုဇွန်တောင်မြို့နယ်။
အသေးစိတ်စုံစမ်းရန် PH-09 4200 41351





TOTO
YEAR END
SALE
UP TO 40%
* terms & conditions apply
1 Nov to 30 Nov 2016





Yangon Showroom : G1 Pyay Road, Diamond Condo, Kamaryut Township. Tel : +95 1 502379, 502412, 514106.


telenor
ညပိုင်းအင်တာနက် အစဉ်တစိုက်သုံးစွဲသူများအတွက်
မြန်မာနိုင်ငံရဲ့ပထမဆုံးသော
ညပိုင်းအစီအစဉ်
စူပါ ဇီးကွက်
၁ ကျပ်
မီဂါဘိုက်
မိနစ်
(တယ်လီနောအချင်းချင်းသာ)
စူပါဇီးကွက် လက်မှတ်များကိုတယ်လီနောဆိုင်များတွင် ဝယ်ယူရရှိနိုင်ပါသည်။ ညစဉ် ၁၁း၀၀နာရီမှ နံနက်၇း၀၀ နာရီအထိရက်ပေါင်း(၃၀)အတွင်း အသုံးပြုနိုင်ပါသည်။
*802# သို့ဖုန်းခေါ်ဆို၍လည်း ရယူနိုင်ပါသည်။
ကုန်သွယ်ခွန် ၅% ကျသင့်မည်ဖြစ်ပါသည်
၂,၅၀၀ ကျပ်
မြန်မာနိုင်ငံရဲ့ အကြီးမားဆုံးအင်တာနက်ကွန်ရက်

## ကြော်ငြာ


**မြန်မာမြတ်ချယ်ရီ Travel & Tours**
01-551240, 09-5003647

Package New Year အထူးခရီးစဉ်များ
➤ ဗီယက်နမ်-ဟိုချီမင်း-ကမ္ဘောဒီးယား (၆)ရက် $595
➤ ဟနွိုင်း-ဟလောင်း-နင်ဘင်း-Tam coc(၄)ရက် $495
Emirates Air Line
➤ ဗီယက်နမ်-ဟိုချီမင်း-မိုးနဲ-ဓါလတ် (၅)ရက် $360
➤ စင်္ကာပူ (၃)ရက် $599
ဒီဇင်ဘာ 14,15,29 / ဇန်နဝါရီ 1,4,10,14

အမှတ်(၁၂၂/၁၂၄)၊ ကျိုက္ကဆံလမ်း၊ တာမွေ၊ Fb: Myanmar Myat Cherry Travel & Tours



**IGCSE** Primary Classes & Secondary Classes

*Eng, Maths, Phy, Chem, Bio, ICT, Business, Accounting* ဘာသာရပ်များကို ဝါရင့်ကျွမ်းကျင်သော ဆရာ၊ ဆရာမများမှ နေအိမ်သို့လာရောက်သင်ကြားပေးပါသည်။
Study Guide များလိုအပ်လျှင် ဆက်သွယ်နိုင်ပါသည်။

ဆရာဦးလှမြင့်(မိုင်ဖေ) 09 73177816, 09 795888783



**အာရှနဂါး**
မြေတိ/ကျိုက်ထီးရိုး
ချောင်းသာ/ငွေဆောင်
Ph : 703790, 09 799100100
707062, 09 797100100



**ASIAN YGN Travels & Tours**
ဘားအံ- တောင်ငိုင်း (၁၅,၀၀၀)
တောင်ငူ - သံတောင် - ဖိုးကျားဆင်စခန်း (၁၅,၀၀၀)
ပုဂံ - ပုပ္ပါး (၉၀,၀၀၀) ၂ ညအိပ် ၃ ရက် ခရီးစဉ် Nov-23 ခရီးစဉ်
PH: 09 45 710 1867 / 09 45 643 1420



**ROLEX, OMEGA နှင့် SWISS** နာရီကောင်းများမှန်လျှင် ... (၃) နှစ်တစ်ကြိမ်စစ်ဆေးရန်လိုပါသည်။
လူကြီးမင်းတို့၏ တန်ဖိုးထားသောနာရီများအတွက် "အတု - အစစ်" စစ်ဆေးပေးခြင်း
ဈေးမှန်ပေးဝယ်ယူခြင်း **SERVICE** ပြုလုပ်လိုပါကစေတနာမှန် ... စက်ကိရိယာပစ္စည်းအမှန် ...
နှစ်ကြာကြာတာရှည်သုံးစွဲလိုပါကနိုင်ငံခြားဖြင့် **ROLEX** ဦးညွှန်မောင်၏ သားတပည့်များမှ
မိတ်ဟောင်း/မိတ်သစ်များအားအရှိန်နှင့်တစ်ပြေညီစိတ်တိုင်းကျအကောင်းဆုံးဝန်ဆောင်မှု
ပေးနေပါသည်။ ၁၉၆၄ ခုနှစ်မှ ယနေ့တိုင် နှစ်ပေါင်း (၅၀) ကျော် စဉ်ဆက်မပြတ် အားပေးလျက်ရှိသော
မိတ်ဆွေပြည်သူများကျန်းမာချမ်းသာစွာဖြင့် လိုအင်ဆန္ဒပြည့်ဝကြပါစေ။ **ရွှေလဝင်း** နာရီပြုပြင်ရေး

အမှတ်(၁၇၁) ၊ ရွှေဘုံသာအလယ်လမ်း၊ ရန်ကုန်မြို့၊ ဖုန်း၊ ၀၁ - ၂၄၆၈၂၄



**Project Management Training Course for Engineering and Construction**

UGC

**Course Name:** Project Scheduling, Resource Planning and Managing Delays

This course is intended for individuals who are seeking to develop project planning & controls skills with real project experience and for organization looking for solution to effectively manage project's schedule and resources.

Participants will gain the principles of project planning, the techniques of creating a masterful schedule and resource plan, how to measure project progress and how to control them. You will also gain the knowledge of managing Project Risks and Delays.

**Start Date:** 26th November, Saturday **Time:** 1 PM – 6 PM **Days:** Sat and Sun
**Duration** : 4 weeks **Last enrollment Date:** 24 Nov(Thursday)
**Address** : 499,C3,Pyay Road,Kamaryut Tsp,Yangon.(Between Diamond Tower and AGD Bank; Above Myit-Tar-Oo Eye-care Clinic; Near Hledan Overpass Bridge)
**Phone** : 0979 3199 298; 09 960 747 990; 094540 17230. www.ugc-asia.com






**ပညာအောင်ပန်း** (တက္ကသိုလ်ဝင်တန်း)
Day Camp, လစဉ်ပေးဘော်ဒါ နှင့် စာသင်ဝိုင်း
စာမေးပွဲအနီးကပ်
အမှတ်(၄)၊ မြို့ရိုးလမ်း၊ လှည်းတန်း။
09-73136078, 09-453937873



ဖုန်း ဆက် သည်နှင့် **San brotherhood**
"ခစ်ဆေးခမ်းသပ်(အခမဲ့)"
**Air-Con**, ရေခဲသေတ္တာ၊ အဝတ်လျှော်စက်
များကို ပြုပြင် တပ်ဆင် ရောင်းဝယ် လဲလှယ် Servicing လုပ်ခြင်း
များကို အာမခံဖြင့် အိမ်အရောက် ဝန်ဆောင်မှု ပေးနေပါသည်။
မိုးရာသီ အိမ်အရောက်ပို့ အထူးဈေးနှုန်း
အဝတ်လျှော်စက် 190,000Ks | အဝတ်ခြောက်စက် 220,000Ks | အဝတ်လျှော်စက် 140,000Ks | အဝတ်ညှစ်စက် 75,000Ks
(၃နှစ်အာမခံ) တပ်ဆင်ပြီးဈေးနှုန်း
1HP 250000Ks
ပါဝင်သောပစ္စည်းများ
Copper Pipe(10)Ft. Frame, Drain Pipe, Transportation, Installation
"အနီးဆုံးဆိုင်ခွဲသို့ဆက်သွယ်ရန်"
FMI City (လှိုင်သာယာ) 709373,09-5084831,682445(Ext)1421
ကျောင်းလမ်း (အလုံ) 01-704101 , 09-5002738, 09-450023810
သမိုင်းလမ်းဆုံ (မရမ်းကုန်း) 681854, 706193, 09-73116475
ကျောက်မြောင်း (တာမွေ) 01-704649, 09-73066836, 09-73004800
Capital အနီး (ဒေါပုံ) 09-5053114, 73251545, 01-708842
ရွှေတိဂုံဘုရားအနီး (ဗဟန်း) 09-43083868, 01-703241
သုဓမ္မာလမ်းဆုံအနီး (မြောက်ဥက္ကလာ) 09-5190383, 09-73251535
ဟံသာဝတီ CNG အနီး (ကြည့်မြင်တိုင်) 01-703684, 09-43130068
Victoria အနီး နဝဒေး (လှိုင်သာယာ) 01-704467, 09-73217035
တောင်/မြောက်လမ်းဆုံအနီး (တ/ဒဂုံ) 01-709114, 09-5019316



ဖုန်း ဆက် သည်
SYP **ဆေးစိုးပင်** SYP
အုတ်ကြွပ်ရောင်းဝယ်ရေးနှင့် သယ်ယူပို့ဆောင်ရေး
**ကိုအဉ်းနိုင် + မမိုးမိုးအေး**
အမှတ်(၉/၆၉-B)၊ အောက်ပဲခူးလမ်းမကြီး၊ တညင်းကုန်း၊ အင်းစိန်မြို့နယ်၊ ရန်ကုန်မြို့
Ph: 645757, 095408777, 095145162
0973021997, 09455081166


### ကန့်ကွက်ရန်ကြော်ငြာ

ရန်ကုန်တိုင်းဒေသကြီး၊ ကျောက်တန်းမြို့နယ်၊ စံချိန်မီအဆင့်-၂ ကွက်သစ်၊ မြေကွက်အမှတ်(၆၅၆) အမည်ပေါက် ဒေါ်မြင့်မြင့်ဦး၏ မြေကွက်အား ဝယ်ယူပိုင်ဆိုင်သူ ဦးခင်မောင်သန်း [၁၂/သတတ(နိုင်) ၀၀၄၄၅၆]ကိုင်ဆောင်သူမှ စလစ်(မူရင်း)၊ ငွေသွင်းချလန်(မူရင်း)နှင့် အရောင်းအဝယ် စာချုပ်(မူရင်း)တင်ပြ၍ မြေချပ်ပါမစ် ထုတ်ပေးပါရန် လျှောက်ထားလာသဖြင့် ဤကြော်ငြာပါသည့်ရက်မှစ၍ (၁၅)ရက်အတွင်း အထောက်အထား(မူရင်း)များ တင်ပြပြီး ကန့်ကွက်လွှာတင်သွင်းနိုင်ကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်သည့်အထိ ကန့်ကွက်ရန်မရှိပါက လုပ်ထုံးလုပ်နည်းနှင့်အညီ မြေချပ်ပါမစ်ထုတ်ပေးရန် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

မြေယာစီမံခွဲ(၂) မြေယာဌာနခွဲ
မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန

### ကန့်ကွက်ရန်ကြော်ငြာ

ရန်ကုန်တိုင်းဒေသကြီး၊ သန်လျင်မြို့နယ်၊ ဘုရားကုန်းအဆင့်-၁၊ ကွက်သစ်၊ မြေကွက်အမှတ်(၅၀၃) အမည်ပေါက် ဦးရွှေလှ၏ မြေကွက်အား ဝယ်ယူပိုင်ဆိုင်သူ ဒေါ်သန်းသန်းဆင့်[၁၂/သလန(နိုင်)၀၅၀၀၄၄] ကိုင်ဆောင်သူမှ ငွေသွင်းချလန် (မူရင်း)ပျောက်ဆုံးသွားပါသဖြင့် အရောင်းအဝယ်စာချုပ်(မူရင်း)တင်ပြ၍ မြေချပ်ပါမစ်ထုတ်ပေးပါရန် လျှောက်ထားလာသဖြင့် ဤကြော်ငြာပါသည့်ရက်မှစ၍ (၁၅)ရက်အတွင်း အထောက်အထား(မူရင်း)များ တင်ပြပြီး ကန့်ကွက်လွှာတင်သွင်းနိုင်ကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်သည့်အထိ ကန့်ကွက်ရန်မရှိပါက လုပ်ထုံးလုပ်နည်းနှင့်အညီ မြေချပ်ပါမစ်ထုတ်ပေးရန် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေး ကြေညာအပ်ပါသည်။

မြေယာစီမံခွဲ(၂) မြေယာဌာနခွဲ
မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန

## ကြော်ငြာ

### အထူးဝမ်းနည်းကြေကွဲခြင်း

**ကြည်း-၁၂၄၁၇ ဗိုလ်မှူးချုပ်မြင့်စိုး(ငြိမ်း)**

**အသက်(၇၀)**

**OTS (44)**

**စက်ရုံမှူး(ငြိမ်း) ကပစ(၄)**

ရန်ကုန်မြို့နေ(ဦးသိမ်းထူး-ဒေါ်ခင်မိမိ)တို့၏သား၊ မန္တလေးမြို့နေ(ဦးတင်ရွှေ-ဒေါ်ကြည်ကြည်)တို့၏သားသမက်၊ ရန်ကုန်မြို့၊ ဒဂုံမြို့သစ်မြောက်ပိုင်းနေ ဒေါ်ခင်ခင်နှင်း၏ ချစ်လှစွာသောခင်ပွန်းသည် ၁၈-၁၁-၂၀၁၆ရက် (သောကြာနေ့) ည ၇နာရီတွင် ကွယ်လွန်ကြောင်းသိရှိရပါသဖြင့် မိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**ဒုတိယဗိုလ်ချုပ်ကြီးသိန်းဌေး-ဒေါ်မြင့်မြင့်ခိုင်**

### အထူးဝမ်းနည်းကြေကွဲခြင်း

**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး**

**ဒေါ်ခင်စန်းရင်**

**ကထိက၊ အင်္ဂလိပ်စာဌာနမှူး၊ စီးပွားရေးတက္ကသိုလ်(ငြိမ်း)**

**အသက်(၇၆)နှစ်**

ဗိုလ်ချုပ်မိုးအောင်(တပ်မတော်ရေ)-ဒေါက်တာအေးခိုင်ညွန့် (ကထိက-ငြိမ်း၊ ဆေးဝါးဗေဒဌာန)နှင့် ဒုတိယဗိုလ်မှူးကြီးရဲညွန့်(ငြိမ်း) ဒုတိယညွှန်ကြားရေးမှူးချုပ်(NAD)-ဒေါက်တာဆင်းသီဂီ(ကထိက၊ ဌာနမှူး၊ ဆေးဝါးတက္ကသိုလ်)တို့၏မိခင်ဖြစ်သူ ဒေါ်ခင်စန်းရင်သည် ၁၀-၁၁-၂၀၁၆ (ကြာသပတေးနေ့) မွန်းလွဲ ၁း၄၅နာရီတွင် ကွယ်လွန်သွားကြောင်းသိရှိရပါသဖြင့် မိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**ဗိုလ်မှူးချုပ်သိန်းဇော်(ငြိမ်း)-ဒေါ်မူမူဝင်း မိသားစု**

### ကျေးဇူးအထူးတင်ရှိခြင်း

၁၆-၁၁-၂၀၁၆ ရက်တွင် ကွယ်လွန်သွားသော ဒုတိယဗိုလ်မှူးကြီး ကြည်ဝင်း(ငြိမ်း)၏ ဈာပနအခမ်းအနားတွင် လိုက်ပါပို့ဆောင်ပေးပါသော OTS အမှတ်စဉ် (၅၈)မှ သူငယ်ချင်းများနှင့် ဇနီးများ၊ သာသနာရေးဝန်ကြီးဌာနမှ အမြဲတမ်းအတွင်းဝန် ဦးခိုင်အောင်(ငြိမ်း)၊ သာသနာတော် ထွန်းကားပြန့်ပွားရေးဦးစီးဌာနမှ ညွှန်ကြားရေးမှူးချုပ် ဦးမိုးဇော်ရွှေနှင့်တကွ အရာထမ်း၊ အမှုထမ်းများ၊ ရပ်နီးရပ်ဝေးမှ လိုက်ပါပို့ဆောင်ပေးပါသော သူငယ်ချင်းများနှင့် ဆွေမျိုးမိတ်သင်္ဂဟများ၊ ဖုန်းဖြင့်သော်လည်းကောင်း သတင်းမေး အားပေးနှစ်သိမ့်ကြသူများအားလုံးကို အထူးကျေးဇူးတင်ရှိပါသည်။

ကျန်ရစ်သူမိသားစု

### ဒေါ်နွယ်နွယ်ခင် အသက်(၈၀)

**အထပြ ဆရာမ(ငြိမ်း)၊**
**အထက(၁) ပန်းဘဲတန်း**
**(ကျောက်ပန်းတောင်း)**

ရန်ကုန်မြို့၊ အမှတ် (၅)၊ သစ္စာလမ်း၊ မင်္ဂလာတောင်ညွန့်မြို့နယ်နေ (ဦးခင်မောင်-ဒေါ်ခင်လှကြီး)တို့၏ သမီး၊ (ဦးသံချောင်း-ဒေါ်ကြည်အေး)တို့၏ သမီးချွေးမ၊ ကျောက်ပန်းတောင်းမြို့နေ ဒေါ်သန်းတင်၊ (ဦးတင်စိုး)၊ ဒေါ်ခင်ဝင်းမြင့်၊ ဦးတင်မိုး-ဒေါ်အေးရှင်၊ (ဦးမောင်မောင်)-ဒေါ်ခင်စန်းနွယ်တို့၏ ညီမ၊ ဦးမြင့်မော်-ဒေါ်ညိုညိုတို့၏ အစ်မ၊ ရန်ကုန်မြို့နေ ဦးတင်ဝင်း၏ဇနီး၊ ဒေါက်တာစန္ဒာမိုး (သားဖွား၊ မီးယပ်အထူးကု၊ အရှေ့ပိုင်းပြည်သူ့ဆေးရုံကြီး)၏ကျေးဇူးရှင်မွေးသမိခင် ဒေါ်နွယ်နွယ်ခင်သည် ၁၈-၁၁-၂၀၁၆ရက် မွန်းလွဲ ၁း၂၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၀-၁၁-၂၀၁၆ ရက် မွန်းလွဲ ၁နာရီတွင် ရေဝေးသုသာန်၌ မီးသဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီး မိတ်ဆွေများအား အသိပေး အကြောင်းကြားအပ်ပါသည်။ (နေအိမ်မှ ကားများ နံနက် ၁၁နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

### ဒေါ်အေးမြင့် (၇၂)နှစ်

**(ကျောက်တံခါးမြို့နယ်အသင်း)**

ပဲခူးတိုင်းဒေသကြီး၊ ကျောက်တံခါးမြို့နေ (ဦးအုန်းမြိုင်-ဒေါ်သင်းရွှေ)တို့၏ သမီး၊ ဒေါ်သန်းရင်၊ ဦးခင်လှိုင်-ဒေါ်စိန်ကြည်၊ (ဦးစံသင်း)-ဒေါ်ရှုရီ တို့၏ ညီမ၊ ဒေါ်တင်ညွန့်၊ ဦးမောင်မြင့်-ဒေါ်ကြင်မွှေး၊ ဦးမောင်တင့်၊ ဒေါ်စိန်စိန်တို့၏ အစ်မ၊ ရန်ကုန်မြို့၊ ဗိုလ်တထောင်မြို့နယ်၊ (၅၁)လမ်း၊ အကောက်ခွန်အိမ်ရာ၊ (၄၈)ခန်းတွဲ၊အခန်း(၁၀၇)နေ ဦးအောင်အောင်(အကောက်ခွန်)-ဒေါ်အေးမို့မို့ခိုင်တို့၏မိခင်၊ မောင်မြတ်ဘုန်းသန့်၏ အဘွား ဒေါ်အေးမြင့်သည် ၁၈-၁၁-၂၀၁၆ (သောကြာနေ့) နံနက် ၁၀နာရီတွင် ရန်ကုန်ပြည်သူ့ဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် ၂၀-၁၁-၂၀၁၆ (တနင်္ဂနွေနေ့) ညနေ ၅ နာရီတွင် ရေဝေးသုသာန်၌ မီးသဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား အကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ ညနေ ၃း၃၀ နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၂၄-၁၁-၂၀၁၆ (ကြာသပတေးနေ့) နံနက် ၇ နာရီမှ ၁၀နာရီထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

အလုပ်အမှုဆောင်အဖွဲ့
ကျောက်တံခါးမြို့နယ်အသင်း

### ဦးငြိမ်းမောင် (ကပ-၁၂၃၃၁)

**တပ်မတော်ရေ(အငြိမ်းစား)**

**အသက် (၇၈)နှစ်**

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ (၅၁)ရပ်ကွက်၊ ဘုရင့်နောင်လမ်းမကြီး၊ အမှတ် (၉၅၅/ခ)နေ (ဦးထွန်းဖေ-ဒေါ်ခလေးမ)တို့၏သား၊ (ဦးဖိုးဆိုင်-ဒေါ်နှင်းခက်)တို့၏ သားသမက်၊ (ဦးကျော်သန်း-ဒေါ်အုန်းကြည်)၊ (ဦးသာဟန်-ဒေါ်ခင်ထွေး)၊ (ဦးအောင်မင်း-ဒေါ်နှင်းရင်)၊ (ဦးစိန်မောင်-ဒေါ်နှင်းကျင်)တို့၏ ညီ/မောင်၊ ဦးမောင်မောင်-(ဒေါ်စန်း)၊ (ဒေါ်လှလှ)၊ (ဒေါ်ညွန့်ညွန့်)၊ ဦးသိန်းအောင်-ဒေါ်မြင့်မြင့်သိန်းတို့၏ ညီ/မောင်၊ ဒေါ်တင်မြ၏ခင်ပွန်း၊ ကိုစောမြင့်တင်-မအေးမြသန်း၊ မစောမြတ်သီတို့၏ ဖခင်၊ မောင်အောင်ချမ်းပြည့်၊ မောင်ဟန်ထူးဇော်တို့၏အဘိုးသည် ၁၈-၁၁-၂၀၁၆ (သောကြာနေ့) နံနက် ၇း၄၅ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၀-၁၁-၂၀၁၆ (တနင်္ဂနွေနေ့) မွန်းလွဲ ၂ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်ပါမည်။ (နေအိမ်မှ ကားများ မွန်းလွဲ ၁နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၂၄-၁၁-၂၀၁၆ (ကြာသပတေးနေ့) နံနက်တွင် ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ (၅၁)ရပ်ကွက်၊ ဘုရင့်နောင်လမ်းမကြီး၊ အမှတ်(၉၅၅/ခ) နေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

**ဘုရား ဒါယကာ**

### ကိုရန်အောင် (၄၄)နှစ်

**(ညော့လမ်းညွှန်၊ Tour Mandalay)**

ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်၊ ကိုယ့်မင်းကိုယ်ချင်းရပ်ကွက်၊ ရွှေဂုံအိမ်ရာ၊ တိုက်အမှတ် (၁၀)၊ အခန်း (၂၈)နေ (ဦးညွန့်လှိုင် - ဒေါ်မမလေး)တို့၏ သားငယ်၊ ဦးထွန်းဦး၊ ဒေါ်ထားထားညွန့်၊ ဒေါ်ယဉ်ယဉ်လှိုင်၊ ဒေါ်မြမြထွေးတို့၏ မောင်အငယ်ဆုံး ကိုရန်အောင်သည် ၁၇-၁၁-၂၀၁၆ (ကြာသပတေးနေ့)တွင် ရုတ်တရက် ကွယ်လွန်သွားပါသဖြင့် ၂၀-၁၁-၂၀၁၆ (တနင်္ဂနွေနေ့) နံနက် ၁၀ နာရီတွင် ရေဝေးသုသာန်၌ ဂူသွင်းသဂြိုဟ်ပါမည်။ (နေအိမ်မှကားများ နံနက် ၈ နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၂၃-၁၁-၂၀၁၆ (ဗုဒ္ဓဟူးနေ့) နံနက် ၇ နာရီတွင် အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

## အနိစ္စ

### ဒေါ်ခင်ညွန့် (၉၈)နှစ်

**(Mr.s Ba Thu)**
**ငွေကိုင်(ငြိမ်း)**
**မြန်မာနိုင်ငံတော်ဗဟိုဘဏ်**

ရန်ကုန်မြို့၊ ကမာရွတ်မြို့နယ်၊ အမှတ် (၄၆-B)၊ သီရိမင်္ဂလာလမ်း (ယခင် အာတီးယားလမ်း)နေ [ဦးဘသူ (ညွှန်ကြားရေးမှူးချုပ်၊ ဗဟိုစာရင်းရုံး)၏ဇနီး၊ ဒေါ်ဝင်းမင်းသူ (ဟိုတယ်/ခရီး-ငြိမ်း)-[ဦးမြင့်ဆွေ (D.C.P.T-ငြိမ်း)]၊ ဦးခင်မောင်သူ(ဗဟိုစာရင်းရုံး-ငြိမ်း)၊ [ဦးခင်မောင်းဝင်း (EX.Ocean Shipping Enterprise)]-ဒေါ်နီလာလှ၊ Dr. Irene မျိုးမင်းသူ (IMT Japanese Language Class)တို့၏မိခင်၊ ဒေါ်မီမီသူ-ဦးထင်လင်းအောင်(ခေတ္တ-စင်ကာပူ)၊ ဦးဇော်ဇော်ခင်မောင်ဝင်း (သန်လျင်ရေနံချက်စက်ရုံ)တို့၏အဘွား၊ ဟေမာန်လင်းသူ @ MIYUKI ၏ ဘွားဘွားကြီးသည် ၁၈-၁၁-၂၀၁၆ (သောကြာနေ့) နံနက် ၇း၂၅နာရီတွင် သုခကမ္ဘာဆေးရုံ ICU ၌ ကွယ်လွန်သွားပါသဖြင့် ကွယ်လွန်သူ၏ဆန္ဒအရ ယင်းနေ့ညနေ ၅ နာရီတွင် ရေဝေးသုသာန်၌ မီးသဂြိုဟ်ပြီးစီးပါကြောင်း အသိပေးအပ်ပါသည်။ [ကွယ်လွန်သူအားရည်စူး၍ ၂၄-၁၁-၂၀၁၆ (ကြာသပတေးနေ့) နံနက် ၇နာရီမှ ၁၁နာရီထိ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

### Pontian ဦးစောမောင်အေး

**အသက်(၉၄)နှစ်**

အင်းစိန်မြို့နယ်၊ တောင်သူကုန်းရပ်ကွက်၊ အမှတ်(၄၆/ခ)၊ တရုတ်ကုန်းလမ်းနေ (ဦးစံဝင်း-ဒေါ်အာနား)တို့၏သား၊ Philomena ဒေါ်သန်းမြင့်(ခ)ဒေါ်ဘီ၏ခင်ပွန်း၊ ဦးခင်ဇော်ဝင်း (Tha Pyae Kan Restaurant)-Daw Josephine (Prestige ILBC)၊ ဦးအောင်နိုင်ဦး(အောင်ကွန်ပျူတာ)-Margaret ဒေါ်စန်းစန်းမြင့်(တွဲဖက်ပါမောက္ခ၊ ပထဝီဝင်ဌာန၊ ရန်ကုန်အနောက်ပိုင်းတက္ကသိုလ်)၊ Elia ဦးအေးကြီး(G.Com Company)-Paulin ဒေါ်မြင့်မြင့်အေး၊ ဗိုလ်မှူး Victorစောအောင်နိုင်သူ(ငြိမ်း) (Pilot, Westcoast, Malaysia)- ဒေါ်သော်သော်လှမြင့်၊ ဒေါ်မေရီအေး၊ Paul ဦးလှဦး(ကျန်းမာရေးမှူး-၁၊ ညောင်တုန်းပြည်သူ့ဆေးရုံကြီး)-Hedwig ဒေါ်နီနီဝင်း(အလက-၁၊ အင်းစိန်)၊ James ဦးဇော်မင်းထွန်းအေး (Bosun, JSM)-ဒေါ်ဖြူဖြူချိုတို့၏ဖခင်၊ မြေး ၁၃ ယောက်၊ မြစ်တစ်ယောက်တို့၏ အဘိုးသည် ၁၉-၁၁-၂၀၁၆(စနေနေ့) နံနက် ၁၁း၁၅နာရီတွင် ခရစ်တော်၌အိပ်ပျော်သွားပါသဖြင့် ၂၁-၁၁-၂၀၁၆(တနင်္လာနေ့) မွန်းလွဲ ၂ နာရီတွင် စိန်ပီတာစိန်ပေါလ်ဘုရားကျောင်း(အင်းစိန်မြို့)၌ ဝတ်ပြုကိုးကွယ်ပြီး ရေဝေးခရစ်ယာန်ဂိုဏ်းပေါင်းစုံဥယျာဉ်တော်၌ ဂူသွင်းအပ်နှံမည်ဖြစ်ပါသဖြင့် လိုက်ပါပို့ဆောင်ကြပါရန် ဖိတ်ကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

### ဦးဌေးလှ (၅၄)နှစ်

ဦးကျော်မြင့်-ဒေါ်နီတို့၏သားကြီး၊ (ဦးထွန်းကောင်း-ဒေါ်စိုးရှိန်)တို့၏ သားသမက်၊ ဦးဌေးနိုင်-ဒေါ်မြသက်မူ၊ ဦးရဲထွန်း-ဒေါ်မိမိမော်၊ ဦးထွန်းဦး ကျော်-ဒေါ်သီတာအေး၊ ဒေါ်တင်နွေဦး၊ မဖြိုးသီရိကျော်တို့၏အစ်ကိုကြီး၊ ဒေါ်ဝင်းမေ၊ ဦးအေးကျော်-ဒေါ်စန်းမြင့်တို့၏ ညီ/မောင်၊ ဦးသန်းဇော်(ရွှေပုစွန်)၊ ဦးထွန်းအေး - ဒေါ်သန်းသန်းဌေး၊ ဦးအောင်ဟန်(ရွှေပုစွန်)-ဒေါ်စန်းစန်းအေး(ရွှေပုစွန်)၊ ဦးယဉ်မောင်ထွေး(ရွှေပုစွန်)-ဒေါ်အိဖြူစိုးတို့၏ အစ်ကိုကြီး၊ မောင်ချမ်းမြေ့ကောင်း (ရွှေပုစွန်)၊ မောင်ရဲမြင့်ကောင်း၊ မောင်မိုးမြတ်-မအေးငြိမ်းကောင်းတို့၏ မွေးသဖခင်ကျေးဇူးရှင်၊ (၁၄၀/၂၆)၊ တိုက်(A) မှန်ခန်း၊ ဇေတဝန်ကျောင်းလမ်း၊ (၁၃)ရပ်ကွက်၊လှိုင်မြို့နယ်နေ ဒေါ်သန်းသန်းအေး၏ ချစ်လှစွာသောခင်ပွန်းသည် ၁၉-၁၁-၂၀၁၆ (စနေနေ့) နံနက် ၂း၃၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၁-၁၁-၂၀၁၆(တနင်္လာနေ့) ညနေ ၃ နာရီတွင် ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်ပါမည်။ (နေအိမ်မှကားများ မွန်းလွဲ ၁ နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၂၅-၁၁-၂၀၁၆ (သောကြာနေ့) နံနက် ၇နာရီမှ ၉နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

### ကြည်း-၁၂၄၁၇ ဗိုလ်မှူးချုပ်မြင့်စိုး(ငြိမ်း) အသက်(၇၀)

**OTS(44)၊ စက်ရုံမှူး(ငြိမ်း)၊ ကပစ(၄)**

ရန်ကုန်မြို့နေ (ဦးသိမ်းထူး-ဒေါ်ခင်မိမိ)တို့၏ သား၊ မန္တလေးမြို့နေ (ဦးတင်ရွှေ-ဒေါ်ကြည်ကြည်)တို့၏သားသမက်၊ ရန်ကုန်မြို့၊ ဒဂုံမြို့သစ် (မြောက်ပိုင်း)မြို့နယ်နေ ဒေါ်ခင်ခင်နှင်း (BE-Mining)၏ ချစ်လှစွာသောခင်ပွန်း၊ ဒေါက်တာတင်မျိုးမင်း (မြင်းခြံဒီကရီကောလိပ်)-ဒေါက်တာအေးမြဖြူ (မြင်းခြံဒီကရီကောလိပ်)၊ ဦးလွင်မောင်ဘို-ဒေါ်မြနုဝေ၊ ဒုတိယဗိုလ်မှူးကြီး/မှူး အံ့မော်ဆွေ (ကပစ-၁၄)-ဒေါ်မြသက်ဖြူ၊ ဦးအောင်စည်ဟိန်း၊ ဦးထက်နိုင်အောင်-ဒေါ်ဖြူအိခင်၊ ဗိုလ်ကြီးစိုးထူးအောင်၊ မလွင်မာစိုးတို့၏ဖခင်၊ မြေးခြောက်ယောက်တို့၏ အဘိုးသည် ၁၈-၁၁-၂၀၁၆ (သောကြာနေ့) ည ၇နာရီတွင် နေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ၂၀-၁၁-၂၀၁၆ (တနင်္ဂနွေနေ့) နံနက် ၁၀နာရီတွင် ရေဝေးသုသာန်၌ မီးသဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ နံနက် ၇း၃၀နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

### ဦးမောင်မောင်(ခ)ဦးအောင်ဝင်းစိုး

**အသက် (၄၆)နှစ်**

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်မြောက်ပိုင်း၊ (၃၃)ရပ်ကွက်၊ ငါးမာန်အောင်ဘုရားလမ်း၊ အမှတ်(၇၁၇/၇၁၈)နေ (ဦးမြင့်အောင်စိုး)-ဒေါ်မာဂရက်တို့၏ သားငယ်၊ ဦးအောင်ကျော်စိုး(ခ)ဦးဂျော်နီ၏ညီငယ်၊ ဒေါ်အိမင်းသော်(ခ)မအိ၏ ချစ်လှစွာသောခင်ပွန်း၊ မောင်သုတအောင်၊ မမေချော့တို့၏ ချစ်လှစွာသောဖခင်သည် ၁၉-၁၁-၂၀၁၆ရက် ညနေ ၃း၅၅ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၁-၁၁-၂၀၁၆ (တနင်္လာနေ့) မွန်းတည့် ၁၂ နာရီတွင် ရေဝေးသုသာန်၌ မီးသဂြိုဟ်မည်ဖြစ်ကြောင်း။ (နေအိမ်မှကားများ နံနက် ၁၀း၃၀နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၂၅-၁၁-၂၀၁၆ (သောကြာနေ့) နံနက် ၉နာရီမှ ၁၂နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

### ဦးတင်မျိုးအောင် (၄၅)နှစ်

**(အကြီးတန်းစာရေး၊ ပြည်ထောင်စုရာထူးဝန်အဖွဲ့)**

နေပြည်တော်၊ ဇမ္ဗူသီရိမြို့နယ်၊ ဓနသိဒ္ဓိရပ်ကွက်၊ တိုက်အမှတ် (၁၃၃၁)၊ အခန်း(၁၆)နေ ဦးစိန်လှိုင်(ငြိမ်း-အာမခံ)-ဒေါ်တင်ကြည်(ငြိမ်း-အာမခံ)တို့၏ သား၊ (ဦးထွန်းတင်-ဒေါ်ငွေသိန်း)တို့၏သားသမက်၊ ဦးအောင်မြိုင်(ငြိမ်း-ရသုံး)-ဒေါ်မြင့်မြင့်သန်း(ငြိမ်း-အထပြ)၊ ဒေါ်ခင်ထွေးအောင်၊ ဦးဝင်းသိန်း(ငြိမ်း-ကကငွေ)-ဒေါ်အေးညို(ငြိမ်း-ကကငွေ)တို့၏တူ၊ ဦးသန်းနိုင်ဦး-ဒေါ်ခင်ဝင်းမြင့်၊ ဦးကျော်ညွန့်ရွှေ-ဒေါ်ခိုင်ခိုင်ဦး (ဒုညွှန်မှူး၊ ရသုံးဦးစီးဌာန)၊ ဦးအောင်အောင်-ဒေါ်စန်းစန်းမြင့်၊ ဦးစိန်လှ-ဒေါ်ခင်ခင်သိန်း၊ ဦးခင်မောင်ထွန်း-ဒေါ်မြမြဝင်း၊ ဦးဌေးဝင်း-ဒေါ်သန်းသန်းသိန်း၊ ဦးခင်မောင်သိန်း-ဒေါ်အေးနန်းစိုးတို့၏ ညီ/မောင်၊ ဦးမျိုးထွန်း-ဒေါ်ရီမေလှိုင်၊ ဦးဘိုဘိုဆွေလှိုင်-ဒေါ်အိအိ၊ ဦးနိုင်လင်းကို-ဒေါ်ဇာဇာဝင်း၊ ဦးသူရဇော်-ဒေါ်ဟေမာခိုင်၊ ဦးဝင်းကျော်-ဒေါ်ဇင်မာသိန်းတို့၏ အစ်ကို၊ မနွေးရတနာလှိုင်၊ မောင်ကြည်မင်းထွန်း၊ မောင်ဉာဏ်လင်းအောင်တို့၏ ဖခင်၊ ဒေါ်နီနီဝင်း(ဦးစီးအရာရှိ၊ ပြည်သူ့လွှတ်တော်ရုံး)၏ခင်ပွန်းသည် ၁၉-၁၁-၂၀၁၆ (စနေနေ့) နံနက် ဝဝး၅၅နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၁-၁၁-၂၀၁၆ (တနင်္လာနေ့) မွန်းလွဲ ၁း၃၀နာရီတွင် ခုတင်(၁၀၀၀) ဆေးရုံကြီးမှ ကျေ့ကြီးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ မွန်းလွဲ ၁၂း၃၀နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၂၅-၁၁-၂၀၁၆ (သောကြာနေ့) နံနက် ၇နာရီမှ ၁၁နာရီအထိ ဇမ္ဗူသီရိမြို့နယ်၊ ဓနသိဒ္ဓိရပ်ကွက်၊ တိုက်(၁၃၃၁)၊ အခန်း(၁၆)၊ နေအိမ်တွင် ဆွမ်းအစရှိသော ဒါတဗ္ဗဝတ္ထုအစုစုတို့အား ဆက်ကပ်လှူဒါန်းပြီး ပရိတ်တရားတော်နာယူမည်ဖြစ်ပါ၍ တရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

### ဦးဖေသန်း (စိုးမိုးစာပုံနှိပ်တိုက်)

**အသက် (၈၈)နှစ်**

မွန်ပြည်နယ်၊ မော်လမြိုင်မြို့၊ အမှတ်(၂၇၉)၊ စိုးမိုးစာပုံနှိပ်တိုက်၊ အောက်လမ်းမကြီး၊ စစ်ကဲကုန်းရပ်နေ (ဦးဘတင်-ဒေါ်အမာရီ)တို့၏ သား၊ (ဒေါ်စိန်တင်)၏ခင်ပွန်း၊ ဦးလတ်မြင့်အောင်-ဒေါ်ခင်စန်းဝေ(May International School)၊ (ဦးမျိုးဝေ)၊ ပန်းချီကိုကိုနိုင်-ဒေါ်ဌေးဌေးဝင်း(DWIR)၊ ဦးမြင့်နိုင် (စိုးမိုးစာပုံနှိပ်တိုက်)၊ ဒေါ်မိုးမိုးမြတ် (ကထိက၊ ဓာတုဗေဒဌာန၊ စစ်တွေတက္ကသိုလ်)၊ ဦးအောင်ကိုလတ် (High Tech)-ဒေါ်စိုးစိုးမြတ်တို့၏ ဖခင်၊ မောင်ပြည့်ဖြိုးဝေအောင်၊ မဆုပြည့်ငြိမ်း၊ မယုဇနဝေအောင်၊ မောင်ကောင်းစုရစ်တို့၏ အဘိုးသည် ၁၉-၁၁-၂၀၁၆ ရက် နံနက် ၁၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ယင်းနေ့ ညနေ ၃နာရီတွင် ရေဝေးသုသာန်၌ မီးသဂြိုဟ်ပြီးဖြစ်ပါသည်။ [ကွယ်လွန်သူအားရည်စူး၍ ၂၅-၁၁-၂၀၁၆ (သောကြာနေ့) တွင် အမှတ် (၈၇၈)၊ ငါးလွှာ (B)၊ လယ်ယာရွှေမြေလမ်း၊ မေတ္တာညွန့်ရပ်ကွက်၊ တာမွေမြို့နယ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

### ဦးဘိုတင် (၇၄)နှစ်

**မြို့နယ်ကျန်းမာရေးမှူး(ငြိမ်း)**
**ပြည်မြို့**

ပြည်မြို့၊ ဆင်စုရပ်ကွက်၊ ဘုရားနီလမ်း၊ အမှတ်(၄၄၆)နေ (ဦးဖိုးလယ်-ဒေါ်စိန်တင့်)တို့၏သား၊ (ဦးကျော်သိန်း-ဒေါ်သန်းရင်)တို့၏ သားသမက်၊ ဒေါ်အေးအေးမြင့်(ကျန်းမာရေးဆရာမ၊ ငြိမ်း)၏ခင်ပွန်း၊ ဒေါက်တာယုယုစမ်း (ကထိက၊ဓာတုဗေဒဌာန၊ကျောက်ဆည်တက္ကသိုလ်)၊ ကိုသက်မြင့်ဦး(ခေတ္တ-စင်ကာပူ)-မကေသီလွင်၊ ကိုသက်နိုင်ထွန်းတို့၏ ကျေးဇူးရှင်မွေးသဖခင်၊ မလွင်မာမင်း၏အဘိုးသည် ၁၉-၁၁-၂၀၁၆ ရက် နံနက် ၃း၃၅ နာရီတွင် ရန်ကုန်ပြည်သူ့ဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် ၂၁-၁၁-၂၀၁၆ ရက် ညနေ ၃ နာရီတွင် အထက်ပါနေအိမ်မှ ပြည်မြို့ အေးငြိမ်းရာသုသာန်သို့ ပို့ဆောင် မီးသဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေး ဆွေမျိုးများအားအကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး**

### ဦးလွန်းမောင် (၈၃)နှစ်

**ရွှေလဝင်း သံဘူးစက်ရုံ**

ရန်ကုန်မြို့၊ တောင်ဥက္ကလာပမြို့နယ်၊ (၉)ရပ်ကွက်၊ ကျော်သူ(၁၆)လမ်း၊ အမှတ်(၉၃၃)နေ ဦးဘိုးမျှင်-ဒေါ်တင်တို့၏သား၊ ဒေါ်သန်းမြ၏ချစ်လှစွာသောခင်ပွန်း၊ (ဦးခင်မောင်ဦး)-ဒေါ်ကျင်ဝင်း၊ ဒေါ်တင်တင်ရီ၊ [ဒေါ်အေးအေးမြင့်(ခ)ကိုလေး]၊ ဦးသိန်းထွန်းလွင်-ဒေါ်ချိုချို၊ ကိုထိန်လင်းတို့၏ မွေးသဖခင်၊ မြေးခြောက်ယောက်၊ မြစ်တစ်ယောက်တို့၏အဘိုး ဦးလွန်းမောင်သည် ၁၉-၁၁-၂၀၁၆ (စနေနေ့) နံနက် ၈း၁၅ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၁-၁၁-၂၀၁၆ (တနင်္လာနေ့) နံနက် ၁၀ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်ဆွေများအား အကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ နံနက် ၉း၃၀နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

### ဒေါ်ဝင်းစန္ဒာဦး (၃၇)နှစ်

**B.Pharm (Mdy)**
**လုပ်ငန်းအရာရှိ(ဆေးဝါး)၊**
**မင်းဘူးပြည်သူ့ဆေးရုံကြီး**

မကွေးတိုင်းဒေသကြီး၊ မင်းဘူးမြို့နယ်၊ မန်းရေနံမြေအိမ်ရာ(၂)နေ ဦးခင်ဝင်း-ဒေါ်မြင့်မြင့်လေးတို့၏ သမီးကြီး၊ ဦးအောင်ပေါ-ဒေါ်မြအေးတို့၏ သမီးချွေးမ၊ ဦးကျော်ဇေယျ (ဦးစီးမှူး၊ စီမံကိန်း-ကွန်ဟိန်းမြို့)-ဒေါ်ခင်ငြိမ်းမြင့်တို့၏အစ်မ၊ ဦးဝင်းကို (အမှုဆောင်အင်ဂျင်နီယာ၊ တူးဖော်ရေး၊ မန်းရေနံမြေ)၏ဇနီး၊ မောင်ဖွဲ့သစ်ထူး၊ မောင်ထူးထက်လွင်တို့၏မိခင်၊ မောင်ချစ်မင်းခန့်၏အဒေါ်သည် ၁၇-၁၁-၂၀၁၆(ကြာသပတေးနေ့) နံနက် ၁၁း၁၅ နာရီတွင် နေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ယင်းနေ့ညနေ ၄း၃၀နာရီတွင် မင်းဘူးမန်းရေနံမြေသုသာန်၌ ဂူသွင်းသဂြိုဟ်ပြီးစီးပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။ [ကွယ်လွန်သူအားရည်စူး၍ ၂၁-၁၁-၂၀၁၆ (တနင်္လာနေ့) နံနက် ၇နာရီမှ ၁၁နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

### ဘဝနတ်ထံပျံလွန်တော်မူခြင်း

**ဘဒ္ဒန္တ ဉာဏဓဇ**

**(သာသနဓဇဓမ္မာစရိယ၊ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ)**

**သိက္ခာတော်(၇၀)၊ သက်တော်(၉၀)**

ရန်ကုန်တိုင်းဒေသကြီး မြောက်ပိုင်းခရိုင်၊ လှိုင်သာယာမြို့နယ်၊ (၃)ရပ်ကွက်၊ ဗိုလ်ချုပ်အောင်ဆန်းလမ်း၊ အောင်စန္ဒာကျောင်းတိုက်၊ ဗဟန်း(၃)လမ်း၊ ရန်အောင်ကျောင်းတိုက် ဦးစီးပဓာနနာယကဆရာတော် ဘဒ္ဒန္တဉာဏဓဇ (သာသနဓဇဓမ္မာစရိယ၊ အဂ္ဂမဟာသဒ္ဓမ္မ ဇောတိကဓဇ) သိက္ခာတော် (၇၀) သက်တော်(၉၀)ပြည့် ဆရာတော်ကြီးသည် (၁၃၇၈ ခုနှစ်၊ တန်ဆောင်မုန်းလပြည့်ကျော် ၄ရက်) ၁၈-၁၁-၂၀၁၆ (သောကြာနေ့) ညနေ ၃နာရီတွင် ဘဝနတ်ထံပျံလွန်တော်မူသွားပါသဖြင့် ကြွင်းကျန်ရစ်သော ဥတုဇရုပ်ကလာပ်တော်ကို (၁၃၇၈ ခုနှစ်၊ တန်ဆောင်မုန်းလပြည့်ကျော် ၁၂ရက်) ၂၆-၁၁-၂၀၁၆ (စနေနေ့) ညနေ ၃နာရီတွင် လှိုင်သာယာမြို့နယ် ထိန်ပင်သုသာန်သို့ ပို့ဆောင်ပြီး အန္တိမအဂ္ဂိဈာပနပူဇာသဘင် ဆင်ယင်ကျင်းပမည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ တပည့် သံဃာတော်၊ ဆွေတော်မျိုးတော်များ၊ ဒါယကာ၊ ဒါယိကာမအပေါင်းတို့အား အသိပေး အကြောင်းကြားအပ်ပါသည်။

တပည့်သံဃာတော်များနှင့် ဈာပနကျင်းပရေးကော်မတီ
အောင်စန္ဒာကျောင်းတိုက်၊ လှိုင်သာယာမြို့နယ်

### ဘဝနတ်ထံပျံလွန်တော်မူခြင်း

**မြို့နယ်သံဃနာယကအဖွဲ့ဥက္ကဋ္ဌ (မဟာဒွါရ)**

**ကျေးဇူးတော်ရှင်တောင်တန်းသာသနာပြုဆရာတော်**

**ဘဒ္ဒန္တ ပဏ္ဍိစ္စ မဟာထေရ်မြတ်**

**သိက္ခာတော်(၆၈)ဝါ၊ သက်တော်(၈၈)နှစ်**

ဧရာဝတီတိုင်းဒေသကြီး၊ မြောင်းမြမြို့၊ အမှတ်(၂)ရပ်ကွက်၊ (၅)လမ်း၊ ဇေယျနန္ဒာရုံကျောင်းတိုက်ကြီး၏ ဦးစီးပဓာနနာယကဖြစ်တော်မူသော ဆရာတော် ဘဒ္ဒန္တ ပဏ္ဍိစ္စ မဟာထေရ်မြတ်ကြီးသည် (၁၃၇၈ခုနှစ်၊ တန်ဆောင်မုန်းလပြည့်) ၁၄-၁၁-၂၀၁၆ (တနင်္လာနေ့) နံနက် ၇း၅၂ နာရီတွင် ရန်ကုန်မြို့ အာရှတော်ဝင်ဆေးရုံကြီး၌ ဘဝနတ်ထံပျံလွန်တော်မူသွားပါသဖြင့် ကြွင်းကျန်ရစ်သော ဥတုဇရုပ်ကလာပ်တော်ကို (၁၃၇၈ ခုနှစ်၊ တန်ဆောင်မုန်းလပြည့်ကျော် ၁၀ ရက်) ၂၄-၁၁-၂၀၁၆ (ကြာသပတေးနေ့)တွင် မြောင်းမြမြို့၊ ဇေယျနန္ဒာရုံကျောင်း၌ အန္တိမအဂ္ဂိဈာပနသာဓုကီဠနပူဇာ ကျင်းပပြုလုပ်မည်ဖြစ်ပါ၍ ရပ်နီးရပ်ဝေးမှ တပည့်၊ ဒါယကာ၊ ဒါယိကာမ အပေါင်းတို့အား အသိပေး အကြောင်းကြားအပ်ပါသည်။

တပည့်သံဃာတော်များနှင့် ဈာပနကျင်းပရေးကော်မတီ

**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး**

### ဒေါ်ညွန့်ဦး(ကျောက်ဖြူ) (၈၄)နှစ်

ရခိုင်ပြည်နယ်၊ ကျောက်ဖြူမြို့နေ (ဦးအယစ်-ဒေါ်မအောင်)တို့၏ သမီးကြီး၊ (ဦးစိန်ညွန့်)-ဒေါ်တင်ကြည်၊ ဒေါ်စောရှင်၊ ဦးပဥ္စင်း ဦးသီဟနာဒ၊ ဦးကျော်သိန်း-ဒေါ်စောတင်၊ (ဗိုလ်မောင်မောင်ကြီး-ဒေါ်စောရင်)၊ ဦးကျော်တင်-ဒေါ်ကျင်စိုးတို့၏အစ်မကြီး၊ ရန်ကုန်မြို့၊ မြောက်ဥက္ကလာပမြို့နယ်၊ (ဆ)ရပ်ကွက်၊ ကရဝိတ် (၂)လမ်း၊ အမှတ် (၅၂၀)နေ (ဦးထွန်းဖြူအောင်)-ဒေါ်ညွန့်တင်၊ ဦးရဲညွန့်(အမျိုးသားတိုးတက်ရေးပါတီ)-ဒေါ်တင်တင်ဝင်း၊ (ဦးဖုန်းမြင့်)-ဒေါ်တင်တင်ဦးတို့၏မွေးသမိခင်ကျေးဇူးရှင်၊ မြေး ၁၃ယောက်၊ မြစ်ခြောက်ယောက်တို့၏အဘွား၊ (ဦးကျော်ထွေး)၏ချစ်လှစွာသောဇနီးသည် ၁၈-၁၁-၂၀၁၆ (သောကြာနေ့) နံနက် ၁၁း၃၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၀-၁၁-၂၀၁၆ (တနင်္ဂနွေနေ့) ညနေ ၅ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ ညနေ ၄နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၂၄-၁၁-၂၀၁၆ (ကြာသပတေးနေ့) နံနက်တွင် အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

### ဒေါ်သန်းမြင့် (၈၂)နှစ်

ရန်ကုန်မြို့၊ မရမ်းကုန်းမြို့နယ်၊ (၉)ရပ်ကွက်၊ သူရလမ်း၊ အမှတ်(၇၈)နေ (ဦးသောင်းစိန်)၏ဇနီး၊ ဦးဝင်းဌေး-ဒေါ်ချိုချိုမာ၊ ဦးတင်မောင်သန်း-ဒေါ်စန်းစန်းအေး၊ ဗိုလ်ကြီးတင်အေး(ငြိမ်း)-ဒေါ်ခင်ယုယု၊ ဗိုလ်မှူးကျော်သန်းဦး(ငြိမ်း)-ဒေါ်ချိုချိုမြင့်၊ (ဦးမြတ်စိုး)တို့၏မိခင်၊ မပွင့်ဖြူဝင်း၊ မောင်အောင်သူရ၊ မောင်ထက်ဝင်းဇော်၊ မသင်းအိကျော်၊ မယမုံတင်အေး၊ မအိရွှေရည်ဦး၊ မရွှန်းလဲ့ဦး၊ မောင်ကောင်းမြတ်တင်အေး၊ မလပြည့်ကဗျာတို့၏အဘွားသည် ၁၉-၁၁-၂၀၁၆ (စနေနေ့) နံနက် ၉း၄၅ နာရီတွင် ရန်ကုန်ဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် ၂၁-၁၁-၂၀၁၆ (တနင်္လာနေ့) နံနက် ၁၀ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်ပါမည်။ (နေအိမ်မှ ကားများ နံနက် ၈း၃၀ နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

### ဒေါ်သန်းသန်းလွင်(ရမည်းသင်းမြို့နယ်)

**အသက်(၈၀)**

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ (၄၀)ရပ်ကွက်၊ သီတာလမ်း၊ အမှတ်(၂၁၃)နေ ဦးပု (ခရိုင်ရဲဝန်ငြိမ်း)-ဒေါ်ခင်ပုတို့၏သမီးကြီး၊ [ဦးလှမြင့်ထူး ကပရ-ငြိမ်း]၏ဇနီး၊ ဦးစိုးလွင် (လက်ထောက်ညွှန်ကြားရေးမှူး၊ အထူးစုံစမ်းစစ်ဆေးရေးဦးစီးဌာန)-ဒေါ်လွင်မိုးသက်(ကထိက၊ ရန်ကုန်စီးပွားရေးတက္ကသိုလ်၊ သင်္ချာဌာန)၊ (ဦးဇာနည်မြင့်)-ဒေါ်ထွေးထွေးတို့၏ မွေးသမိခင်ကျေးဇူးရှင်၊ မောင်ဝေယံ၊ မဆုအိမ်စည်တို့၏အဘွားသည် ၁၉-၁၁-၂၀၁၆ရက် မွန်းလွဲ ၁း၃၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၁-၁၁-၂၀၁၆ (တနင်္လာနေ့) ညနေ ၃နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ မွန်းလွဲ ၁း၃၀ နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

### မိုဟမ္မဒ်ကာစင်(ခ)ဦးစန်းမြင့် (၅၈)နှစ်

**မန်နေဂျာ၊ ထူးထူးတိုးကုမ္ပဏီ(မြိတ်)**

ရန်ကုန်မြို့၊ ဗိုလ်တထောင်မြို့နယ်၊ (၅၄)လမ်း(အောက်လမ်း)၊ အမှတ် (၄၂/၄၄)၊ ခြောက်လွှာ(A)နေ ဒေါ်မရရမ်ဘီ(ခ)ဒေါ်စန်းရီ၏ခင်ပွန်း၊ ကိုချစ်ဦးနိုင်-မဇာခြည်လင်း၊ မောင်စိုးသီဟ-မခင်ခင်လှ၊ မဇာနည်လင်းတို့၏မွေးသဖခင်၊ မြေးနှစ်ယောက်တို့၏အဘိုးသည် ၁၈-၁၁-၂၀၁၆ရက် ညနေ ၃း၃၀နာရီတွင် အလ္လာဟ်သျှင်မြတ်အမိန့်တော်ခံယူသွားပါသဖြင့် ၁၉-၁၁-၂၀၁၆ရက် ဇဟိုလ်နမာဇ်အပြီး ရေဝေးကဗရ်စတန်၌ ဒါဖနာပြုလုပ်ပြီးဖြစ်ပါကြောင်း ရပ်နီးရပ်ဝေး မိတ်ဆွေသင်္ဂဟများအား အသိပေးအပ်ပါသည်။

ကျန်ရစ်သူမိသားစု

**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း၊ ဇရပ်၊ လမ်း၊ ရေကန် ဒါယကာကြီး**

### ဦးစိန်နွဲ့ (စိန်သုံးလုံးစတီးစက်ရုံ) (၅၄)နှစ်

ရန်ကုန်မြို့၊ တောင်ဥက္ကလာပမြို့နယ်၊ (၄)ရပ်ကွက်၊ စာဂလမ်း၊ အမှတ်(၆၀၉)နေ (ဦးညွန့်-ဒေါ်ခင်တင့်)တို့၏သား၊ (ဦးအောင်သင်း-ဒေါ်ထွေး)တို့၏ သားသမက်၊ ဒေါ်တင်လှိုင်၏ချစ်လှစွာသောခင်ပွန်း၊ မောင်ဝင်းထွန်း-မအေးမြတ်မွန်၊ မောင်ကောင်းစံ-မမေသကြိန်၊ မယွန်းသက်ထားတို့၏ ကျေးဇူးရှင်ဖခင်ကြီး၊ မမေဖူးသခင်၏အဘိုးသည် ၁၈-၁၁-၂၀၁၆ (သောကြာနေ့) နံနက် ၈း၃၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၀-၁၁-၂၀၁၆ (တနင်္ဂနွေနေ့) မွန်းလွဲ ၁နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ နံနက် ၁၁း၃၀ နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၂၄-၁၁-၂၀၁၆(ကြာသပတေးနေ့) နံနက် ၇နာရီမှ ၁၀နာရီထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

# အနာဂတ်မြန်မာ့စီးပွားရေး၏ မောင်းနှင်အားတစ်ခုဖြစ်လာသည့် သီလဝါအထူးစီးပွားရေးဇုန်







သီလဝါအထူးစီးပွားရေးဇုန် မုခ်ဦးနှင့် ဇုန်စီမံခန့်ခွဲမှုကော်မတီရုံးရှိ One Stop Service လုပ်ငန်းဆောင်ရွက်နေမှု(ယာပုံ)ကို တွေ့ရစဉ်။

***နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်သည် ပြီးခဲ့သည့် နိုဝင်ဘာ ၁၅ ရက်က နေပြည်တော်၌ မြန်မာအထူးစီးပွားရေးဇုန်ဗဟိုအဖွဲ့ ဥက္ကဋ္ဌ၊ ဗဟိုလုပ်ငန်းအဖွဲ့နှင့် စီမံခန့်ခွဲမှုကော်မတီအဖွဲ့ဝင်များကို တွေ့ဆုံခဲ့သည်။ အစိုးရသစ်တက်လာပြီးနောက်ပိုင်း ခုနစ်လအကြာတွင် နိုင်ငံတော်စီးပွားရေးမျက်နှာစာကို ပိုမိုအရှိန်အဟုန်မြှင့်ဆောင်ရွက်မည့် အလားအလာအဖြစ် ရှုမြင်ရပေမည်။***

ဖွံ့ဖြိုးဆဲနိုင်ငံများ၏ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုတိုးတက်လာရေးအတွက် အထူးစီးပွားရေးဇုန်များသည် အဓိက အင်ဂျင်များပင်ဖြစ်သည်။ အိမ်နီးချင်း တရုတ်နိုင်ငံသည် ၁၉၇၈ ခုနစ် ဈေးကွက်စီးပွားရေးကို ဗဟိုပြုသည့် စီးပွားရေးပြုပြင်ပြောင်းလဲမှုများကို ဆောင်ရွက်စဉ်က ရှန်ဟိုင်းအထူးစီးပွားရေးဇုန်ကို အစပြုကာ အထူးစီးပွားရေးဇုန်များကို ပင်လယ်ဆိပ်ကမ်းမြို့များတွင် ဆက်တိုက်ထူထောင်ခဲ့ရာ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုများ အများအပြားစီးဝင်လာပြီး လက်ရှိ

**စာမျက်နှာ ၈ ကော်လံ ၁ သို့ ✱**

## ကြံ့ခိုင်မှုနှင့် နည်းစနစ်အတွက် ဂျပန်နည်းပြမှ သင်တန်းလာရောက်ပို့ချ

**ရန်ကုန် နိုဝင်ဘာ ၁၉**

အားကစားအောင်မြင်မှုတွင် အခြေခံအရေးပါသည့် ကြံ့ခိုင်မှုနှင့်နည်းစနစ်မှန်ကန်မှုအတွက် ဂျပန်နိုင်ငံမှ အားကစားပါမောက္ခ နည်းပြတစ်ဦးက ရန်ကုန်မြို့ရှိ အားကစားနှင့်ကာယပညာသိပ္ပံသို့ လာရောက်ပူးပေါင်းကာ သင်တန်းများပို့ချလျက်ရှိကြောင်း သိရသည်။

**စာမျက်နှာ ၈ ကော်လံ ၄ သို့ ○**

### ကြေးမုံ ဆန်းဒေးကာတွန်း



စာမျက်နှာ ၁၆၊ ၁၇

## ဆူဇူကီးပြိုင်ပွဲ အုပ်စု(ခ) မြန်မာနှင့် ဗီယက်နမ် ယနေ့ကစားမည်

**ရန်ကုန် နိုဝင်ဘာ ၁၉**

၂၀၁၆ အာဆီယံဆူဇူကီးဖလားပြိုင်ပွဲအုပ်စု(ခ) ပွဲစဉ်များကို ရန်ကုန်မြို့ရှိ သုဝဏ္ဏကွင်း၌ နိုဝင်ဘာ ၂၀ ရက်(ယနေ့) စတင်ကျင်းပမည်ဖြစ်သည်။ ပထမနေ့အဖြစ် ညနေ ၃ နာရီတွင် မလေးရှားနှင့်ကမ္ဘောဒီးယား၊ ညနေ ၆ နာရီတွင် အိမ်ရှင်မြန်မာနှင့် ဗီယက်နမ်အသင်းတို့ ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။




ဆူဇူကီးပြိုင်ပွဲ အုပ်စု(ခ)အတွက် ပွဲကြိုသတင်းစာရှင်းလင်းပွဲ ပြုလုပ်စဉ်။

ဆူဇူကီးပြိုင်ပွဲကို အိမ်ရှင်အဖြစ် ပထမဆုံးလက်ခံကျင်းပမည့် မြန်မာလက်ရွေးစင်အသင်းသည် ဗီယက်နမ်နှင့်အဖွင့်ပွဲတွင် ရလဒ်ကောင်းရန် လိုအပ်နေသည်။ အုပ်စု(ခ)အတွက် ပွဲကြိုသတင်းစာရှင်းလင်းပွဲကို ယနေ့မွန်းလွဲပိုင်းက Novotel ဟိုတယ်၌ ကျင်းပခဲ့ရာ မြန်မာ၊ ဗီယက်နမ်၊ မလေးရှားနှင့် ကမ္ဘောဒီးယားအသင်းတို့မှ နည်းပြချုပ်များတက်ရောက်ခဲ့သည်။

မြန်မာအသင်းနည်းပြချုပ် ဂတ်ဖရိုင်းဒရစ်က "ဗီယက်နမ်နဲ့ အဖွင့်ပွဲကစားရတာ ခက်ခဲပါတယ်။ ဗီယက်နမ်နဲ့ပွဲမှ မဟုတ်ပါဘူး။ ပွဲစဉ်တိုင်းမှာ ဖိအားရှိပါတယ်။ အသင်းမှာ လူငယ်ကစားသမားတွေများပေမယ့် သူတို့မှာ ထိုက်သင့်တဲ့ နိုင်ငံတကာအတွေ့အကြုံတွေ ရှိပြီးသားပါ။ ကစားသမား

**စာမျက်နှာ ၈ ကော်လံ ၁ သို့ ■**


